ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (28-6-2015) (၈၂၄၅)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နှစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်

သတင်း စာမျက်နှာ » ၈




## လုံခြုံမှုအဆင့်အတန်းမြင့်မားပြီး သက်တမ်းပိုမိုကြာရှည်ခံမည့် ငွေကျပ်တစ်သောင်းတန်ငွေစက္ကူများ ဇူလိုင် ၁ ရက်မှ စတင်ဖြန့်ဝေမည်

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မေ ၂၈ ရက်တွင် လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားပြီး သက်တမ်းပိုမိုကြာရှည်ခံမည့် ငွေကျပ်တစ်သောင်းတန် ငွေစက္ကူများကို ဇူလိုင် ၁ ရက်မှ စတင်၍ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

ယင်းငွေကျပ်တစ်သောင်းတန် ငွေစက္ကူသစ်များမှာ ၂၀၁၂ ခုနှစ် ဇွန် ၁၅ ရက်က ထုတ်ဝေခဲ့သည့် ငွေကျပ်တစ်သောင်းတန် ငွေစက္ကူများ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ် တည်ရှိနေမှုကို မထိခိုက်စေဘဲ လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားပြီး သက်တမ်းပိုမိုကြာရှည်ခံရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ တောက်ပသော မြစိမ်းရောင်ဂဏန်းပုံစံသစ်၊ ရေစာသစ်နှင့် မျက်နှာပြင်နှစ်ဖက်ကို ဗားနစ်(Varnish)အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားကြောင်း၊ ယခင်ကြေညာထားသည့်အတိုင်း ဇူလိုင် ၁ ရက်တွင် စတင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းမှု

၂၇-၆-၂၀၁၅

| | | | |
|---|---|---|---|
| အင်း | ၁၃ ဒသမ ၇၈ လက်မ | မောင်တော | ၆ ဒသမ ၆၂ လက်မ၊ |
| သံတွဲ | ၁၀ ဒသမ ၀၈ လက်မ | ကြာအင်းဆိပ်ကြီး | ၅ ဒသမ ၈၃ လက်မ |
| တောင်ကုတ် | ၉ ဒသမ ၀၉ လက်မ | ပေါင် | ၅ ဒသမ ၅၅ လက်မ |
| စစ်တွေ | ၈ ဒသမ ၀၉ လက်မ | မော်လမြိုင် | ၄ ဒသမ ၆၉ လက်မ |
| ကျောက်ဖြူ | ၇ ဒသမ ၈၀ လက်မ | ဘားအံ | ၄ ဒသမ ၅၃ လက်မ |
| မြောက်ဦး | ၇ ဒသမ ၆၀ လက်မ | သံတောင်ကြီး | ၄ ဒသမ ၅၃ လက်မ |
| ဂွ | ၇ ဒသမ ၁၃ လက်မ | ကျောက်တော် | ၄ ဒသမ ၃၃ လက်မ |
| လောင်းလုံး | ၇ ဒသမ ၀၅ လက်မ | မာန်အောင် | ၄ ဒသမ ၃၃ လက်မ |



ကြေးမုံစာတည်းရှထောင့် ၂၈-၆-၂၀၁၅၊ တနင်္ဂနွေနေ့

# အရေးပေါ်အသက်ကယ်မှု အထူးလို

ကျန်းမာရေးကဏ္ဍ၌ လူ့အသက်မဆုံးရှုံးစေရေးအတွက် အရေးပေါ်ကုသကယ်တင်ရေးသည် အရေးတကြီး အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတကာတွင်လူ့အသက်ကို တန်ဖိုးထားသောအားဖြင့် အရေးပေါ် အသက်ကယ်ကုသရေးလုပ်ငန်းကို အထူးကိစ္စရပ်အနေဖြင့် အလျင်အမြန်ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ အရေးပေါ်အကူအညီတောင်းခံလာလျှင် ချက်ချင်းဆောင်ရွက်လေ့ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အရေးပေါ်လူနာတင်ယာဉ်စနစ်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးသောစနစ်ကို နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိသော်လည်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည့် အခြေအနေသို့ မရောက်သေးသည်ကို တွေ့ရသည်။ ပြီးခဲ့သည့်ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံအရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

ထိခိုက်မှုအန္တရာယ်ကာကွယ်တားဆီးရေး သုတေသနပြုတွေ့ရှိချက်အရ ဆေးရုံသို့အရေးပေါ်ရောက်လာကြသော လူနာများအနက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရောက်ရှိလာကြသော လူနာများမှာ အများစုဖြစ်ပြီး လူနာများ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသာ လူနာတင်ယာဉ်ဖြင့် ရောက်လာကြကြောင်းသိရသည်။ ထို့ကြောင့် လူနာတင်ယာဉ်နည်းပါးမှုနှင့် လူနာတင်ယာဉ်စနစ်ဖွံ့ဖြိုးရေးမှာ လိုအပ်နေသည်ကို တွေ့ရသည်။

အရေးပေါ်ဌာနသို့ ရောက်ရှိလာသော လူနာများ၏ ၈၉ ရာခိုင်နှုန်းသည် ဆေးရုံမရောက်မီကြိုတင်၍ စနစ်တကျ ပြုစုကုသမှုမရရှိခဲ့ကြချေ။ အရေးပေါ်ဖြစ်ပွားသည့်နေရာတွင် သက်ဆိုင်ရာရောဂါအလိုက် ရှေးဦးသူနာပြုစုကုသမှုရရှိပြီး ဆေးရုံသို့ အလျင်အမြန်ပေးပို့နိုင်မည်ဆိုပါက ထိခိုက်ဒဏ်ရာနှင့်အခြားအရေးပေါ်ရောဂါများကြောင့် သေဆုံးရမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးကုသမှုအဆင့်ကို ၂၀၁၃ ခုနှစ်ဆီးဂိမ်းအားကစားပြိုင်ပွဲကျင်းပသည့် အချိန်မှစတင်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့်မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများ၏ အရေးပေါ်ဌာနများတွင် စတင်ထားရှိခဲ့သည်။ အဆိုပါအရေးပေါ်ဌာနများတွင် ခေတ်မီဆေးပစ္စည်းကိရိယာများနှင့်အတူ အရေးပေါ်အထူးကုဆရာဝန်ကြီးများကိုလည်း တွဲဖက်တာဝန်ချထားပေးခဲ့သည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးသည့်နည်းတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်ပေးရန် လိုအပ်လာသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းမှ အရေးပေါ်လူနာတင်ယာဉ်စနစ်ရှိပြီး ဖြစ်သော်လည်း နိုင်ငံအတွင်းအရေးပေါ်ဆေးကုသရန် လိုအပ်သောလူနာနှင့် အရေးပေါ်လူနာတင်ယာဉ် အရေအတွက်မှာ များစွာနည်းပါးနေသေးသည်။ ထို့အပြင် လူနာတင်ယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူနာပြုစုကုသမှုနည်းလမ်းများအတွက် လေ့ကျင့်သင်ကြားထားမှုများလည်း လိုအပ်နေသေးသည်။

အရေးပေါ်လူနာတင်ယာဉ်စနစ်ကို လက်ရှိအသုံးပြုဆောင်ရွက်ရာတွင် ရန်ကုန်ကဲ့သို့ အရေးပေါ်ဆေးရုံပေါများသောဒေသ၌ အရေးပေါ်လူနာတင်ဆောင်သွားလာသည့်လမ်းများပေါ်တွင် ထိုယာဉ်များအား ဦးစားပေးလမ်းကြောင်းပေးသော အသိတရားများနည်းပါးနေသေးသည်ကို တွေ့ရသည်။ ယာဉ်ကြောပိတ်ဆို့မှုနှင့် မီးပွိုင့်မီးနီမိမှုတို့တွင် တာဝန်ရှိ လမ်းရှင်းမည့်သူမရှိပါက အဆိုပါယာဉ်မှာ လမ်းပေါ်တွင်အချိန်ပိုကြာပြီး အရေးပေါ်လူနာအား အသက်ကယ်ဆယ်နိုင်ရန် အချိန်နည်းပါးသွားနိုင်သည်။

လူတစ်ဦး၏ အသက်မဆုံးရှုံးအောင် ဆောင်ရွက်ပေးခြင်းသည် လူသားချင်းစာနာထောက်ထားခြင်း၊ လူ့အသက်ကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။ မွန်မြတ်သော ပရဟိတလုပ်ငန်းလည်းဖြစ်သည်။ ဇီဝိတဒါန အသက်ကယ်ခြင်းလည်းဖြစ်သည်။ အရေးပေါ်သေဆုံးမှုမြင့်မားလာခြင်းတွင် အရေးပေါ်လူနာတင်ယာဉ်ရရှိနိုင်မှုရှိ/မရှိအပေါ်တွင် တိုက်ရိုက်သက်ဆိုင်နေသဖြင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ထွန်းကားရေးကို သက်ဆိုင်သူအားလုံး အလေးအနက်ထား ဝိုင်းဝန်းဆောင်ရွက်သင့်ပါသည်။ ။

## ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အိန္ဒိယနိုင်ငံသို့ ဒေါက်တာဘွဲ့ယူရန် ကြွရောက်မည်

**ပဲခူး ဇွန် ၂၇**

ပဲခူးမြို့ ဥသာသီရိကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ဆရာတော်အရှင်သူမြတ်သည် ဒေါက်တာဘွဲ့ရယူရန် ကပ္ပိယကာရကဒေါက်တာချစ်ဦးဖြေနှင့် ဒေါ်စန္ဒာဝင်းတို့လိုက်ပါလျက် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့သို့ ဇွန် ၂၉ ရက်တွင် လေကြောင်းခရီးဖြင့် ကြွရောက်တော်မူမည်ဖြစ်သည်။

ဆရာတော်သည် ဇူလိုင် ၁ ရက်တွင် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ Hotel Hindustan International တွင် ကျင်းပမည့် IBAM Academy ၏ 25th International Conference,Convocation& Awards Presentation Ceremony အခမ်းအနားသို့ တက်ရောက်၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဒေါက်တာဘွဲ့ (Ph.D) ကို လက်ခံရယူမည်ဖြစ်သည်။

ဆရာတော်သည် ဇူလိုင် ၅ ရက်တွင် ဗုဒ္ဓဂယာဘုရားဖူးမြော်ပြီး ဇူလိုင် ၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှု အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံသည် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယား စသည့်နိုင်ငံများနှင့် သဘောတူညီမှုရရှိထားသည်။

ထိုသို့ သဘောတူညီမှုရရှိထားသည့် နိုင်ငံများထဲမှ အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုများတွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၉၇ သန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၂၈၉ ဒသမ ၈ သန်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၁၀၁၇ ဒသမ ၆၇ သန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၈၁ ဒသမ ၁၅ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၁၂ ဒသမ ၆၉ သန်းရှိကြောင်း သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၁ ဒသမ ၆၄ သန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၉၇ သန်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၃၂၀ ဒသမ ၆၂ သန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၁၈ သန်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၄၄ ဒသမ ၆၆ သန်း ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့တင်ပို့သည့် အဓိကပို့ကုန်များတွင် သံ၊ အလူမီနီယံနှင့် ပြုလုပ်ထားသော ပစ္စည်းကိရိယာများ၊ စက်မှုလုပ်ငန်းသုံးဆိုင်ရာပစ္စည်းကိရိယာများ၊ အအေးခန်းသုံးပစ္စည်းကိရိယာများ၊ စက်ဘီးနှင့်စက်ဘီးအစိတ်အပိုင်းများ ပါဝင်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ တိုးတက်လာတဲ့ လူမှုစီးပွားရေးအခြေအနေတွေကြောင့် ရင်းနှီးမြှုပ်နှံဖို့အခြေအနေကောင်းတွေ ဖြစ်ပေါ်နေပါပြီ။ ဒါ့ပြင် ကုန်သွယ်မှုဆိုင်ရာ အခွန်များနဲ့ ဘဏ်စနစ်စတာတွေဟာလည်း ပြောင်းလဲတိုးတက်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေလည်း ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းတဲ့ အာရှရဲ့ကြယ်တစ်ပွင့်ဖြစ်တယ်”ဟု အိန္ဒိယနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအဖွဲ့(EEPC)မှ ဥက္ကဋ္ဌ ANUPAM SHAH က ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံကြား ကုန်သွယ်မှု သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်မှု ၁၂ ခုရှိကြောင်း သိရှိရသည်။

**(ဟန်နီဝင်း)**

❑❑



## လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထောက်ခံအားပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြစ်ကြီးနား ဇွန် ၂၇**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)တို့ပူးပေါင်း၍ ကချင်ပြည်နယ်အစိုးရကိုယ်စားလှယ်များနှင့်အတူ လူကုန်ကူးမှုတိုက်ဖျက်ရေးကိုထောက်ခံအားပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ Palm Spring Resort ဟိုတယ်ခန်းမ၌ကျင်းပခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက မြန်မာနိုင်ငံ၏ လူကုန်ကူးခြင်းဆိုင်ရာပြဿနာနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် IOM တို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ IOM မှ ကချင်ပြည်နယ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ စခန်းစီမံခန့်ခွဲရေး၊ စခန်းညှိနှိုင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၄၉၉)**

**မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် (၄)ရပ်ကွက်နေ စောဆာလော်အယ်ထူး၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁-၁၉၉၄)ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစောအေး[၃/ဖပန(နိုင်)၀၂၃၂၃၃]ဖြစ်ပါကြောင်း။ **ဦးစောအေး**

**အမည်မှန်**

ဦးဖူဆာယော်၏သမီး အထက(ပူတာအို) တက္ကသိုလ်ဝင်တန်း(H)ခန်းမှ မအားနာဆာ ၏ အမည်မှန်မှာ မငွါးဆာနာ ဖြစ်ပါကြောင်း။ **မငွါးဆာနာ**

**ဖခင်အမည်မှန်**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အထက(နမ္မတီး)တက္ကသိုလ်ဝင်တန်း(B)ခန်းမှ မဖေဆာမေ၏ ဖခင်အမည်မှန်မှာ ဦးရင်ထန်ခင် [၁/ပတအ(နိုင်)၀၀၇၈၇၀] ဖြစ်ပါကြောင်း။ **ဦးရင်ထန်ခင်**

**အမည်မှန်**

နောင်ချိုမြို့နယ် အထက(ကံကြီး) ဒသမတန်းမှ မဆူနီသားနှင့် မစူနီသာ[၁၃/နခတ(နိုင်)၀၉၃၈၀၉]သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးအနန္တပူရီ ဖြစ်ပါကြောင်း။ **မဆူနီသား(ခ)မစူနီသာ**

**St. Paul`s Day ညစာစားပွဲ**

St.Paul`s Day ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် စိန့်ပေါလ်ကျောင်းသားဟောင်းများ၊ အ. ထ. က(၆)ဗိုလ်တထောင် ကျောင်းသားဟောင်းများ (မည်သည့်နှစ်ကျောင်းသားမဆို) တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၉-၆-၂၀၁၅ (တနင်္လာနေ့)
အချိန် - ညနေ (၆)နာရီ
နေရာ - M. 3 စားသောက်ဆိုင်၊ ဗဟန်း၊ ရန်ကုန်။

**Invitation of Tender for Tractors and Trailers**

Myanmar International Terminals Thilawa Co.,Ltd.(MITT) would like to invite you to submit tender bids for the supply of the below Tractor head and Trailers to use for container transportation. The tender price should be DDP Price including with the charges of traffic registration licenses, wheel tax and owner books under MITT name.

| | | |
|---|---|---|
| (1) | Tractor Head (Prime Mover)<br>6 x 4 (LHD) | 12 Nos |
| (2) | 20 ft Skelton Trailer (two axles) | 8 Nos |
| (3) | 40 ft Skelton Trailer (three axles) | 4 Nos |

Please submit the sealed tenders complete with trade terms & conditions and relevant information such as (country of origin, specification, brochures, catalogues , etc) to the below address not later than (15 July, 2015).

Myanmar International Terminals Thilawa Co.,Ltd
Berth 5~9, Thilawa, Kyauktan Township, Yangon, Myanmar.
e-mail :- engg@mitt.com.mm, khinmaunglatt@mitt.com.mm
Phone :- (95)98613909, 98613929, 977246900
Fax :- (95)98617168, 98618364

**မွေးနေ့ဆုတောင်း**

ကျိုက်ထီးရိုးရင်ပြင်၊ ရွှေအိုးကြီးစားတော်ဆက်၏ ဖခင်ကြီး ဦးထွန်းကြည်၏ ၂၈-၆-၂၀၁၅ရက်တွင် ကျရောက်သော (၈၄)နှစ်ပြည့် မွေးနေ့မှသည် နှစ်တစ်ရာတိုင်အောင် မိသားစုနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား**
**ဦးမိုးနိုင်ထွန်း-ဒေါ်ဝင်းဝင်းခိုင်**
**မိသားစု ကျိုက်ထိုမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈/က၊ မြေကွက်အမှတ်-၂၁/ခ-၁၊ မြေကွက်တည်နေရာအမှတ်-၁၈(ခ)၊ ရန်ငြိမ်းလမ်း၊ ရန်အောင်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်ရီ(CG-၀၉၀၉၁၀)အမည်ပေါက် ဘီ/လ/န၃(ခ)မြေအား အမည်ပေါက်ဒေါ်ခင်ရီမှ အပိုင်ပေးစာချုပ်/၁၇၉၉ (၂၄-၇-၉၆)ဖြင့် ဒေါ်ရီရီထွန်းအား မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ အစိတ်အပိုင်းကိုပေးကမ်းခဲ့ပြီး ဒေါ်ရီရီထွန်းထံမှ အရောင်းအဝယ်စာချုပ်/၂၁၈၀/၁၅(၁-၄-၁၅)ဖြင့် မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ အစိတ်အပိုင်းကို ဝယ်ယူထားသူ ဦးရဲကျော်စွာ[၉/မရမ(နိုင်)၀၄၆၀၄၄]မှ မြေကွက်ခွဲစိတ်ကာ အမှားပြင်စာချုပ် ၂၉၇၆/၁၅(၁၁-၅-၁၅)တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ အပိုင်ပေးစာချုပ်/ ၁၇၉၉/၉၆ (၂၄-၇-၉၆) သည်မိတ္တူမှန်ဖြစ်နေပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ
မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ
အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ
မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

## ရုပ်မြင်သံကြားနှင့် အက်ဖ်အမ်ရေဒီယိုအသံလွှင့်ဌာနများ ကျင့်ဝတ်များချိုးဖောက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဟု သတိပေး

**နေပြည်တော် ဇွန် ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ရုပ်သံလွှင့်မီဒီယာများအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း ဘက်လိုက်ထုတ်လွှင့်မှုများ၊ ကျင့်ဝတ်နှင့် စည်းကမ်းချက်များအပေါ် ချိုးဖောက်ကျူးလွန်ပါက ရွေးကောက်ပွဲ၏ လွတ်လပ်မှုနှင့် တရားမျှတမှုကို မထိခိုက်စေရန်အတွက် ရွေးကောက်ပွဲကာလပြီးဆုံးသည်အထိ ရုပ်သံထုတ်လွှင့်ခွင့်များကို ချက်ချင်းပိတ်သိမ်းမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က သတိပေးပြောကြားခဲ့သည်။ **(ယာပုံ)**



ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ (Code of Ethics) နှင့် ရွေးကောက်ပွဲဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများ၊ Forever Group Co., Ltd၊ Shwe Than Lwin Media Co., Ltd၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် ရွှေ FM တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ချယ်ရီ FM ၏ **Happy Time** အစီအစဉ်နှင့် **စိတ်မဆိုးကြေး**အစီအစဉ်များတွင် မသင့်လျော်သည့် အသုံးအနှုန်းများ ပါဝင်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ခဲ့ရကြောင်း၊ အလားတူ ဖြစ်စဉ်မျိုးများမှာ ကျန်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် ရုပ်မြင်သံကြားနှင့် FM အသံလွှင့် အစီအစဉ်များတွင်လည်း ရှိနေနိုင်ပါကြောင်း၊ ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်ကြောင်း။

သို့ဖြစ်၍ ယင်းဖြစ်စဉ်အပေါ်တွင် သင်ခန်းစာရယူကာ ရုပ်/သံလွှင့် မီဒီယာများအနေဖြင့် လိုက်နာရန် ကျင့်ဝတ်တစ်ရပ် ရေးဆွဲ၍ တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းကျင့်ဝတ်များကို ချိုးဖောက်ခဲ့ပါက စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်၍ သုံးသပ်တွေ့ရှိချက်များအပေါ် မူတည်ကာ အမှားပြင်ဆင်ချက် ထည့်သွင်းခြင်း၊ ပြည်သူလူထုထံ ဝန်ချတောင်းပန်ခြင်း၊ ကာလအပိုင်းအခြားသတ်မှတ်၍ အစီအစဉ်များအား ပိတ်သိမ်းခြင်းနှင့် လိုအပ်ပါက တည်ဆဲဥပဒေများနှင့်အညီ **တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ **ပုံနှိပ်မီဒီယာကဏ္ဍတွင်မည်သူမဆို ပုံနှိပ်ထုတ်ဝေခွင့်ရနေသည့်အတွက် ပြည်တွင်း၊ ပြည်ပမှ** ဝေဖန်မှုမရှိသော်လည်း ရုပ်သံထုတ်လွှင့်မှုကဏ္ဍတွင်မူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယင်းနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ရုပ်သံမီဒီယာများသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိနေသည့်အတွက် ရွေးကောက်ပွဲသတင်းများ **ထုတ်ပြန်ဆောင်ရွက်ရာတွင် တရားမျှတမှု ရှိ၊ မရှိအပေါ် မေးခွန်းထုတ်မှုများရှိနေကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် မိမိတို့အနေဖြင့် ဘက်လိုက်မှုမရှိအောင် တင်းတင်းကျပ်ကျပ် ထိန်းသိမ်းဆောင်ရွက်ရမည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်းလည်း သိရှိရသည်။**

ထို့နောက် ရုပ်သံထုတ်လွှင့်မှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်သံလွှင့်အဖွဲ့အစည်းအလိုက် အမြင်သဘောထားများကို တင်ပြဆွေးနွေးကြပြီး အများသဘောတူသည့် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ရေးဆွဲအတည်ပြုခဲ့ကြသည်။

အတည်ပြုခဲ့သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များတွင် ရွေးကောက်ပွဲဆိုင်ရာ **ကျင့်ဝတ်များအဖြစ်** ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီတစ်ခု၊ ကိုယ်စားလှယ်တစ်ဦးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စည်းရုံးလှုံ့ဆော်ပေးရာရောက်သည့် ထုတ်လွှင့်မှုမျိုး မပြုလုပ်ရန်၊ ပါတီများ၊ ကိုယ်စားလှယ်များ၏ စည်းရုံးလှုံ့ဆော်သည့် ကြော်ငြာများ (Campaign Advertisement) ထည့်သွင်းခြင်းမပြုရန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ ရေးသားထုတ်ဝေထားသည့် မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်ပါ ဆောင်ရန်၊ ရှောင်ရန် အချက်များအား သိရှိလိုက်နာရန်တို့ ပါဝင်သည်။

ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုကာလအတွင်း မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့် ပါတီများ၏ ဟောပြောချက်များကို တူညီသည့် ထုတ်လွှင့်ချိန်များအတိုင်း MRTV - 4 , MNTV နှင့် FM များမှ ထုတ်လွှင့်ပေးနိုင်ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

### ပလ္လက်သတ္တာဟဘုရားကြီးဒုတိယဌာပနာသွင်းပူဇော်ခြင်း



နေပြည်တော်ခရိုင်၊ သာဝတ္တိမြို့၊ တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လထေရ်အား အမှူးထား၍လည်းကောင်း၊ ကျေးဇူးရှင်မိခင်ကြီးဒေါ်ဝိမလနန္ဒီ(ခ) ဒေါ်ရင်သန်းအားအမှူးထား၍လည်းကောင်း တောင်ငူမြို့ တော်ဝင်ဆေးရုံမိသားစု မောင်နှမသားမြေးတစ်စုတို့မှ နိဗ္ဗာန်အကျိုးရည်မျှော်၍ သတ္တဌာနအောင်မြေတွင် တည်ထားကိုးကွယ်အပ်သော ပလ္လက်သတ္တာဟ "အတုလမုနိ မာတုဝုဏ္ဏာ နုဿရဏ သုခပူဇာဘုရား" ဒုတိယဌာပနာသွင်းလှူပူဇော်ခြင်း၊ အနေကဇာတင်လှူပူဇော်ခြင်းနှင့် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပရာတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များအား အတူတကွနာယူ၍ လှူဖွယ်ပစ္စည်းအစုစုတို့အား အတူတကွ လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေ လိုပါသောကြောင့် အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမ များနှင့် ပါရမီရှင်အပေါင်းတို့အား ကြွရောက်ပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့) ၁-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)

ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝေပုလ္လထေရ်
တောင်သုံးလုံးဇေတဝန်ပရိယတ္တိစာသင်တိုက်
နေပြည်တော်ခရိုင်၊ သာဝတ္တိမြို့

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက် ပြင်ဆင်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ် လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ၁၅-၆-၂၀၁၅ရက်ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာတွင်ပါရှိသည့် တင်ဒါပုံစံရောင်းချမည့် ၂၉-၆-၂၀၁၅ရက်အစား ၂-၇-၂၀၁၅ရက်(ကြာသပတေးနေ့)ဖြင့် ပြင်ဆင်သတ်မှတ်ပါသည်။

# ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း လက်မှတ်ရေးထိုးမှု နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ကုလသမဂ္ဂ ဇွန် ၂၇**

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် လက်မှတ်ရေးထိုးမှု နှစ် (၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားများကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်နှင့် အမေရိကန် အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဆန်ဖရန်စစ္စကိုမြို့တို့၌ ဇွန် ၂၆ ရက်က တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံများက အရိပ်မည်းကြီးအဖြစ် လွှမ်းမိုးနေဆဲအချိန်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များက ကတိကဝတ်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသော အခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း တက်ရောက်ကာ အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုစဉ်အတွင်း ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအား အလေးအနက်ယုံကြည်သူ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်ဂျန်အီလီယေဆန်သည် အမေရိကန်သံအမတ်ကြီး ဆာမန်သာပါဝါနှင့်အတူ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသော အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ အမေရိကန်သံအမတ်ကြီးသည် ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သော ကုလသမဂ္ဂအဖွဲ့အား အိမ်ရှင်အဖြစ် လက်ခံထားသော နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းသည် ကမ္ဘာ့မိသားစုအဖွဲ့အစည်းကြီးထူထောင်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ဖြစ်သည်။ အဆိုပါစာတမ်းကို အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့၌ ၁၉၄၅ ခုနှစ် ဇွန် ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ကုလသမဂ္ဂ၏ မူလအဖွဲ့ဝင် ၅၁ နိုင်ငံအနက် နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အာဏာသက်ဝင်လာခဲ့သည်။

**ဆင်ဟွာ။**






# စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သူ ဘော့စနီးယားတပ်မှူးဟောင်းအား ဆွစ်ဇာလန်နိုင်ငံက ပြစ်မှုကျူးလွန်ခဲ့သော နိုင်ငံသို့ လွှဲပြောင်း

**ဆာရာယေဗို ဇွန် ၂၇**

ဆွစ်ဇာလန်အာဏာပိုင်များက ဘော့စနီးယားတပ်မှူးဟောင်းတစ်ဦးဖြစ်သူ နာဆာအော်ရစ်အား ပြစ်မှုကျူးလွန်ခဲ့ရာ နိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ပြီးနောက် ၎င်းမှာ ဇွန် ၂၆ ရက်က ဘော့စနီးယားနိုင်ငံမြို့တော် ဆာရာယေဗိုသို့ ရောက်ရှိလာပြီဖြစ်သည်။

၁၉၉၀ ခုနှစ်များက ဘော့စနီးယားစစ်ပွဲအတွင်း ကျူးလွန်ခဲ့သော စစ်ဘက်ရာဇဝတ်မှုများနှင့်ဆက်နွယ်၍ ဆားဘီးယားအာဏာပိုင်များက ဖမ်းဝရမ်းတစ်ရပ် ထုတ်ထားသောကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် ဖမ်းဆီးခံခဲ့ရသည့် အော်ရစ်ကို ဘော့စနီးယားနှင့်ဟာဇီဂိုးဗီးနား (BiH) နှင့် ဆားဘီးယားနှစ်နိုင်ငံလုံးက အလိုရှိကြောင်း အခိုင်အမာ တောင်းဆိုခဲ့ကြသည်။ ဆာရာယေဗိုမြို့တော်တွင် သူ့အား ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား (BiH) အစိုးရရှေ့နေများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါဖမ်းဆီးမှုက ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား (BiH) နိုင်ငံနှင့် ဆားဘီးယားနိုင်ငံကြား တင်းမာမှုများဖြစ်စေခဲ့ပြီး ဆားဘီးယားသမ္မတ တိုမီဆလစ်နီကိုလစ်၏ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား(BiH)နိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည့်ခရီးစဉ်ကို ပြီးခဲ့သည့်ရက်သတ္တပတ်က ဖျက်သိမ်းခဲ့ရသည်။

ဆားဘီးယားနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် အော်ရစ်၏ ငြင်းဆန်မှုကြောင့် ဆွစ်ဇာလန်နိုင်ငံက သူ့အား ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား(BiH)နိုင်ငံသို့ ပို့ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ သူ့အား ယူဂိုဆလားဗီးယားပြည်ထောင်စုဟောင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICTY) က ရုံးတင်စစ်ဆေးခဲ့ပြီး ၁၉၉၀ ခုနှစ်များ စစ်ပွဲကာလအတွင်း ဆာဘ့်လူမျိုးများအပေါ် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအတွက် ၂၀၀၆ ခုနှစ်က သူ့အား ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။ နောက်နှစ်နှစ်အကြာတွင် ၎င်းအား အယူခံဖြင့် အမှုမှတရားသေလွှတ်ပေးခဲ့သည်။

**ဆင်ဟွာ။**

# အိုဘားမား၏ ဇူလိုင်လ ကင်ညာခရီးစဉ်အတွင်း ဖခင်မွေးရပ်မြေသို့ သုံးနာရီကြာ သွားရောက်လည်ပတ်မည်

**ကင်ဆူမူ(ကင်ညာ) ဇွန် ၂၇**

အမေရိကန်သမ္မတ အိုဘားမား၏ ဇူလိုင်လအတွင်း ကင်ညာနိုင်ငံသို့ သွားရောက်မည့် အလည်အပတ်ခရီးစဉ်အတွင်း ဖခင်ဖြစ်သူမွေးရပ်မြေဖြစ်သည့် နိုင်ငံအနောက်တောင်ပိုင်း စီရင်စုရှိ ညာဂိုမာကေအိုဂယ်လို ကျေးရွာသို့ သုံးနာရီကြာလည်ပတ်မည်ဖြစ်ကြောင်း ၎င်း၏အဘွားက မကြာသေးမီက ထုတ်ဖော်ပြောကြားလိုက်သည်။

အိုဘားမားက အဆိုပါခရီးစဉ်ကို အတည်ပြုပြီးဖြစ်ကြောင်း အဘွားဖြစ်သူ ဆာရာအိုဘားမားက အများပြည်သူဆိုင်ရာအခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။ ဒေသတွင်းရှိ ဟိုတယ်ပိုင်ရှင်များက အိုဘားမား၏ သမ္မတတစ်ယောက်အဖြစ် ကင်ညာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ပထမအကြိမ်ခရီးစဉ်မတိုင်မီ နိုင်ငံခြားသားများနှင့် ဒေသခံများထံမှ အခန်းကြိုတင်မှာယူမှုများ မြင့်တက်လျက်ရှိကြောင်း ပြောကြားသည်။ အိုဘားမားက လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ လာရောက်မည်ဖြစ်သော်လည်း မိမိတို့ဘက်ကလည်း လုံခြုံရေးအတွက် အကောင်းဆုံးပြင်ဆင်ထားပါကြောင်း ကီဆူမူဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဖရန်စစ်မူတိုင်းက ပြောကြားသည်။

အိုဘားမားသည် ၎င်း၏ခရီးစဉ်အတွင်း ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင်မှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ကင်ညာသမ္မတ ယူဟူရူကင်ညာတားနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

**ဆင်ဟွာ။**

# တရုတ်တွင် ထီဖွင့်ပွဲရငွေ လေးပုံတစ်ပုံကို အလွဲသုံးစားပြုလုပ်ဟုဆို

**ပေကျင်း ဇွန် ၂၇**

တရုတ်နိုင်ငံတွင် အစိုးရကစီမံခန့်ခွဲသည့် ထီဖွင့်ပွဲမှ နှစ်နှစ်တာကာလအတွင်း ရရှိခဲ့သော ငွေအားလုံး၏ လေးပုံတစ်ပုံကို အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းစစ်ဆေးသူများက တွေ့ရှိခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးကို ကားများဝယ်ယူရာ၌လည်းကောင်း၊ ခရီးသွားလာရာ၌လည်းကောင်း၊ ရုံးခန်းအသစ်များ ဝယ်ယူရာ၌လည်းကောင်း သုံးစွဲခဲ့သည်။

ထီလုပ်ငန်းကို ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးရာတွင် အဆိုပါခြစားမှုကြီးကို တွေ့လိုက်ရခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ထီဖွင့်ပွဲအပါအဝင် အနည်းငယ်သော လုပ်ငန်းများမှလွဲ၍ လောင်းကစားပြုလုပ်ခြင်းကို တရားမဝင်သော လုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။

၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ပြည်နယ် ၁၈ ခု၌ ထီမှရရှိခဲ့သော ဘဏ္ဍာငွေများကို မည်ကဲ့သို့သုံးစွဲခဲ့ကြသနည်းဟု အစိုးရစာရင်းစစ်က စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုးရွားဆုံး အလွဲသုံးစားမှုအဖြစ် ထီဆိုင် ၃၂ ဆိုင်သည် လေ့ကျင့်ရေးဌာနများနှင့် ဟိုတယ်များ တည်ဆောက်ရာတွင် ဒေါ်လာသန်း ၅၀၀ သုံးစွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလွဲသုံးစားပြုခြင်းများအတွက် တာဝန်ရှိသူများကို အပြစ်တင်ပြီး အရေးယူခြင်း ရှိ၊ မရှိကိုမူ သတင်းတွင် တိကျစွာဖော်ပြခြင်း မရှိပေ။

အာဏာပိုင်များက အလွဲသုံးစားပြုထားသော ငွေအချို့ကို ပြန်လည်ရယူခဲ့သော်လည်း ယင်းသို့စုံစမ်းစစ်ဆေးခြင်း၊ စွပ်စွဲအပြစ်တင်ခြင်းတို့သည် ပြည်သူလူထုအား ထီဖွင့်ပွဲကို ယုံကြည်မှုရှိလာရန် ဖန်တီးခြင်းဖြစ်ဖွယ်ရာရှိသည်ဟု သတင်းများက ဆိုသည်။

**ရိုက်တာ။**



# တူရကီတွင် မီးပုံးပျံမတော်တဆမှုကြောင့် ခရီးသည် ၁၈ ဦးထိခိုက်ဒဏ်ရာရ

**အန်ကာရာ ဇွန် ၂၇**

တူရကီနိုင်ငံအလယ်ပိုင်း နက်ဗ်ဆီဟာပြည်နယ်တွင် ဇွန် ၂၆ ရက်က မီးပုံးပျံတစ်စင်း ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရပြီးနောက် ကမ္ဘာလှည့်ခရီးသည် ၁၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း Anatolia သတင်းဌာနက သတင်းဖော်ပြသည်။

အဆိုပါ မီးပုံးပျံသည် ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရပြီးနောက် ကက်ပါဒိုဆီယာဒေသရှိ အောတာဟီဆာနှင့် ယူဇန်ဂျီမူစတာဖာပါစာမြို့များအကြား သွယ်တန်းထားသော ဝါယာကြိုးကိုထိမိကာ အင်ဂျင်မှာ မီးလောင်ခဲ့ကြောင်း သိရသည်။ အန်ကာရာရှိ တရုတ်သံရုံးက ထိခိုက်ဒဏ်ရာရရှိသူများမှာ တရုတ်နိုင်ငံသားများဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများကို နက်ဗ်ဆီဟာရှိ ဆေးရုံများသို့ ပို့ဆောင်ထားပြီး စစ်ဆေးမှုများပြုလုပ်နေကြောင်း တရုတ်သံရုံးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလကလည်း ကက်ပါဒိုဆီယာဒေသတွင် မီးပုံးပျံပျက်ကျမှုကြောင့် တရုတ်ကမ္ဘာလှည့်ခရီးသည်တစ်ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ။**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ



**ရန်ကုန် ဇွန် ၂၇**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) M.A (Buddha Dhamma) ရရှိသူ ရဟန်းခြောက်ပါး၊ အမျိုးသားနှစ်ဦး၊ သီလရှင် ငါးပါး၊ အမျိုးသမီးသုံးဦး၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) B.A (Buddha Dhamma) ရရှိသူ ရဟန်း ၂၆ ပါး၊ အမျိုးသားတစ်ဦး၊ သီလရှင် ၁၄ ပါး၊ အမျိုးသမီးတစ်ဦးနှင့် ဒီပလိုမာအောင်လက်မှတ် Dip(Buddha Dhamma) ရရှိသူ ရဟန်း ၂၂ ပါး၊ အမျိုးသားငါးဦး၊ သီလရှင် ၁၅ ပါး၊ အမျိုးသမီး ခုနစ်ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ၊ ဒီပလိုမာအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းတော်မူပြီး ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံ ၂၇ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ ရဟန်းသံဃာများတက်ရောက်လျက်ရှိရာ ယနေ့အချိန်ထိ ပြည်တွင်းပြည်ပ သင်တန်းသားများမှ ပါရဂူဘွဲ့ Ph.D (Buddha Dhamma) ရရှိသူ ၁၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၁၃၉ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၅၈၂ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၀၂၁ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၂၉၃ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်တွင် မိုးဆက်တိုက်ရွာသွန်းကာ အိမ်များရေနစ်မြုပ်၍ ရေလွတ်ရာသို့ ရွှေ့ပြောင်း

**မောင်တော ဇွန် ၂၇**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင် မိုးဆက်တိုက်ရွာသွန်းကာ မိုးကြီးသဖြင့် ဌာနဆိုင်ရာများ၊ ဆေးရုံအပါအဝင် ရပ်ကွက်အချို့ရှိ လူနေအိမ်များ ရေနစ်မြုပ်ခဲ့သဖြင့် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်သည် မောင်တောခရိုင်ရှိ ရခိုင်တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်ခဲ့သည်။ ဘူးသီးတောင် မြို့နယ်ပြည်သူ့ဆေးရုံ ရေနစ်မြုပ်ခဲ့သဖြင့် အထကခွဲကျောင်းသို့ လူနာများကို ပြောင်းရွှေ့ခဲ့ပြီး အစားအသောက်နှင့် ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဇွန် ၂၇ ရက်တွင် မိုးများဆက်တိုက် ရွာသွန်းနေသဖြင့် နေအိမ်များ ရေနစ်မြုပ်လျက်ရှိရာ တာဝန်ရှိသူများက ပြည်သူများအား ရေလွတ်သည့် အဆောက်အအုံများတွင် ယာယီချထားပေးလျက်ရှိကြောင်းနှင့် ဘူးသီးတောင် - မောင်တောသွားကားလမ်းတွင် တောင်ကျရေများကြောင့် ကားလမ်းများ ပြိုကျနေပြီး သွားလာရေးအခက်အခဲရှိသဖြင့် တာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး သထုံခရိုင်အတွင်းရှိ မြို့မရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**သထုံ ဇွန် ၂၇**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းမြင့်သည် ပြည်နယ်တရားရေးဦးစီးမှူး ဦးဌေးဝင်း၊ သထုံခရိုင်တရားသူကြီး ဦးထိန်မင်းတို့နှင့်အတူ ဇွန် ၂၆ ရက်က သထုံခရိုင်အတွင်းရှိ ပေါင်မြို့နယ်နှင့် ဘီးလင်းမြို့နယ် မြို့မရဲစခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးစဉ် ပေါင်မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းအောင်နှင့် ဘီးလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးလှထွန်းအောင်တို့က အချုပ်တရားခံများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေရရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့က အမျိုးသား အမျိုးသမီးအချုပ်ခန်း၊ ရေချိုးခန်းတို့ကို လိုက်လံစစ်ဆေးကာ အချုပ်သားတရားခံများနှင့်တွေ့ဆုံ၍ နေရာထိုင်ခင်း၊ အစားအသောက်နှင့် ဆေးကုသခွင့်ရရှိမှုအခြေအနေများ၊ အမျိုးသမီးတရားခံများအား လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းမှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်သည့်အခွင့်အရေးများအား ခံစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍မေးမြန်းကာ လိုအပ်သည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၇**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများအား ဖိတ်ခေါ်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကိုပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)၊ ဒုတိယဆု ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ တတိယဆု ဌေးလွင်(အမရပူရ)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် ဦးကျော်မျိုးသီဟ၊ မင်းမင်းထွန်း၊ ဦးစိုးမင်း(စိုးမင်း-အောင်သီဟ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)နှင့် မောင်ဆန်းဝင်းတို့က ရရှိခဲ့ကြသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု မမေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)က "မိန်းမသားတစ်ယောက်၏ တန်ဖိုး"စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း)က "ကန့်သတ်မဲ့အပြာရောင်ကောင်းကင်"စာမူဖြင့်လည်းကောင်း၊ တတိယဆု ဒေါ်နုနုသိန်း (သိမ့်-စီးပွားရေးတက္ကသိုလ်)က "သစ္စာဖြင့်သာ ချည်နှောင်အပ်သော" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးသက်နိုင် (သက်နိုင်-ပြင်ဦးလွင်)က "တကယ်တော့ နေဆိုတာ အရှေ့ဘက်အရပ်က ထွက်လာစမြဲပါ" စာမူဖြင့်လည်းကောင်း၊ ဒေါ်တင်ဥမ္မာအောင်(မြနှင်းဝေအောင်)က "စမ်းရေပမာအေးမေတ္တာ" စာမူဖြင့်လည်းကောင်း၊ ဗိုလ်ကြီးမင်းစိုးသူရ(မင်းသွေးငယ်-ရာမညမြေ)က "ထာဝရအလင်းတန်း" စာမူဖြင့်လည်းကောင်း၊ ဦးမျိုးလွင်(ခ) စိုင်းလုံ(နန်းညိုမာလွင်-ကလော)က "မင်္ဂလာရှိစေချင်" စာမူဖြင့်လည်းကောင်း၊ ဒေါ်နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း)က "မေတ္တာအလှဖြင့် ဘဝကိုခြယ်မှုန်းပေးသူ" စာမူဖြင့်လည်းကောင်း ရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီးများနေ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်အောင်မြင်ဘုရားလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော် ဖုန်း-၀၆၇-၄၁၉၁၇၄၊ ၀၆၇-၄၁၉၁၈၉၊ ၀၆၇-၄၁၉၁၉၀၊ ၀၆၇-၄၁၉၁၉၁ တို့သို့ ဆက်သွယ်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။


# အများပြည်သူသို့ အသိပေးတောင်းပန်ချက်

၂၀၁၄ခုနှစ်မှ စတင်ထုတ်လွှင့်ခဲ့သည့် ချယ်ရီ FM ၏ "Happy Time" အစီအစဉ်နှင့် "စိတ်မဆိုးကြေး" အစီအစဉ်များ၌ အစီအစဉ်တင်ဆက်သူများ၏ ပြောဆိုခဲ့မှုအချို့တွင် အများပြည်သူနားဆင်ရန် မသင့်လျော်သည့် အသုံးအနှုန်းများ ပါဝင်သွားသည့်အတွက် နားသောတဆင်သူ ပရိသတ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။ နောင်တွင် အလားတူမဖြစ်ပွားစေရေးအတွက် အထက်ပါ ထုတ်လွှင့်မှုများနှင့်ပတ်သက်၍ စိစစ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စိစစ်ရေးအဖွဲ့၏ သုံးသပ်အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ချယ်ရီ FM

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# သမိုင်းမော်ကွန်း တင်ရစ်စေချင်သည်

ဝရဇိန်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)အရ နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေး အကြီးအကဲအဖြစ် တာဝန်ယူသော သမ္မတအုပ်ချုပ်ရေးပုံစံ စနစ်ဖြင့် ဒီမိုကရေစီခရီးလမ်းသို့ ချီတက်လာခဲ့သည်မှာ ပထမသက်တမ်း ၅ နှစ်ပြည့်တော့မည်။ မကြာမီကာလတွင် လွှတ်တော်ကိုယ်စားလှယ် အသစ်များ ရွေးကောက်မည့် ရွေးကောက်ပွဲကြီးလည်း ကျင်းပတော့မည်။ ထို့နောက်လွှတ်တော် အသစ်၊ သမ္မတအသစ်နှင့် အစိုးရအဖွဲ့အသစ်တို့လည်း တစ်ဆက်တည်း ပေါ်ပေါက်လာတော့မည်။ ထို့ကြောင့် ရွေးကောက်ပွဲအတွက် အားနှင့်ခွန်နှင့် ပြင်ဆင်နေကြလေပြီ။ ဤကာလဝယ် တိုင်းရင်းသားများနှင့် နိုင်ငံရေးပါတီအချို့၏ တောင်းဆိုမှုကြောင့် ရွေးကောက်ပွဲကြီးအတွက် အချိန်လု၍ ဆောင်ရွက်နေရသည့်ကြားမှ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပေးရေးအတွက် လွှတ်တော်အနေဖြင့် တက်သုတ်ရိုက် ကြိုးစားလျက်ရှိလေသည်။

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူသော တစ်ပါတီစနစ် ပေါ်ထွန်းခဲ့သည့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟူ၍ အခြေခံဥပဒေ ၃ ရပ်တို့ မွေးဖွားပြီးခဲ့လေပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသော ပင်မဥပဒေဖြစ်သည်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကံကြမ္မာကို ဖန်တီးပေးနိုင်သည့် ပင်မဥပဒေ (Basic Law) ပင်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပါလီမန်စနစ်ကို ကျင့်သုံးသော အခြေခံဥပဒေဖြစ်သည်။ ယင်းဥပဒေအရ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိသော အင်အားကြီးပါတီ၏ ပါတီခေါင်းဆောင်ကို ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအုပ်ချုပ်စေသော စနစ်ဖြစ်သည်။ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲနှင့် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။ တစ်ဖက်တွင် သူသည် ပါလီမန်၌ အမတ်အဖြစ်လည်းကောင်း၊ မိမိပါတီ၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ယူထားရသည်ဖြစ်ရာ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအာဏာနှင့် နိုင်ငံရေးအာဏာရှင်ဖြစ်သည့် သဘောဆောင်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အင်အားကြီးပါတီဖြစ်သော ဖဆပလအဖွဲ့ကြီးသည် နှစ် ၄၀ အာဏာယူမည်ဟု ကြွေးကြော်ခဲ့သော်လည်း ကြွေးကြော်ခဲ့သလို မဖြစ်ခဲ့ပါ။ ၁၉၅၈ ခုနှစ်တွင် ဖဆပလအဖွဲ့ ပြိုကွဲပြီးနောက် ဦးနုနှင့် သခင်တင်တို့ခေါင်းဆောင်သော "နုတင်ဖဆပလ"နှင့် ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သော "ဆွေငြိမ်းဖဆပလ"ဟု နှစ်ခြမ်းကွဲခဲ့သည်။ နုတင်အဖွဲ့သည် **သန့်ရှင်းရေး**ကို အဓိကထားကြောင်း ထင်ရှားလိုသည့်အတွက် ယင်းတို့အဖွဲ့ကို "သန့်ရှင်းဖဆပလ"ဟု အမည်တပ်ခဲ့သည်။ ဆွေငြိမ်းအဖွဲ့ကလည်း ယင်းတို့သည် ဖဆပလအဖွဲ့ကို အဓွန့်ရှည်စွာ ညီညွတ်တည်မြဲရေးကို လိုလားသည်ဟု ဟစ်ကြွေးပြီး ယင်းတို့အဖွဲ့ကို "တည်မြဲ ဖဆပလ"အဖွဲ့ဟု အမည်တပ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၅၈ ခုနှစ် မေလနောက်ပိုင်းမှစ၍ ထိုအဖွဲ့နှစ်ဖွဲ့သည် အင်အားပြိုင်ကြသည့်အခြေအနေသို့ ရောက်ရှိလာသည်။ ယင်းသို့ လွှတ်တော်အတွင်း တစ်ဖက်နှင့်တစ်ဖက် ပြိုင်ကြရာတွင် "ပျူစောထီးတပ်ဖွဲ့"၊ "လဲဗီးတပ်ဖွဲ့"၊ "ယူအမ်ပီတပ်ဖွဲ့" စသော လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းကြသော အခြေအနေအထိ ရောက်ရှိလာကြပြီး သတင်းမီဒီယာများကလည်း "ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနှင့်" ဟူသော ဆောင်းပါးခေါင်းစဉ်များဖြင့် "အထောက်တော်သတင်းစာ"တွင် ရေးသားဖော်ပြခဲ့သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "ဂါးဒီးယန်းသတင်းစာ" အယ်ဒီတာ ဦးစိန်ဝင်းကလည်း "The Split Story (အကွဲအပြဲဇာတ်လမ်း)" အမည်တပ်ထားသော ဆောင်းပါးများကို ရေးသားဖော်ပြခဲ့သည်။ နယ်များတွင်လည်း စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့နယ်တွင် လေးလောင်းပြိုင်လူသတ်မှု၊ လယ်ဝေးမြို့လယ်ခေါင်တွင် လူကိုကားနဲ့တိုက်သတ်မှု စသည့် ဥပဒေမဲ့လုပ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးသမားတို့၏ အကွဲအပြဲဇာတ်လမ်းများ၊ ပုဂ္ဂိုလ်ရေး အာဃာတများကို ပါလီမန်သို့ သယ်ဆောင်လာကာ အုပ်စုဖွဲ့ ဂိုဏ်းဖွဲ့ကြလျက် နိုင်ငံ့အရေးအရာများတွင် မသင့်မလျော်ပြိုင်ဆိုင်လျက် စီမံခန့်ခွဲကြလေတော့သည်။ ပါလီမန်တွင် ဖြစ်ပေါ်နေသော ယင်းနိုင်ငံရေးအကွဲအပြဲများကို ထိန်းသိမ်းနိုင်စွမ်းမရှိတော့သည့်အတွက် ပါလီမန်ကဆုံးဖြတ်ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းအား "အိမ်စောင့်အစိုးရ" အဖြစ် အစိုးရ၏တာဝန်များကို လွှဲအပ်ပေးခဲ့ရတော့သည်။

အိမ်စောင့်အစိုးရသည် ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလတွင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့ရာ ဦးနုခေါင်းဆောင်သော "သန့်ရှင်းဖဆပလ"အဖွဲ့က အနိုင်ရရှိခဲ့သည်။ ဦးနုသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မိမိပါတီအနိုင်ရလျှင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြစ်စေရန် ဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သည်။ ရွေးကောက်ပွဲ အနိုင်ရပြီးနောက် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန် အခြေခံဥပဒေကို ပြင်ဆင်ပေးခဲ့သည်။ ဤသို့ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် အခြားဘာသာဝင် တိုင်းရင်းသားလူမျိုးများက ကျေနပ်မှုမရှိသောအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ဦးနု အစိုးရ၏ ဆောင်ရွက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခဲ့သည့်အပြင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကိုလည်း မဆောင်ရွက်နိုင်ရုံသာမက ပြည်ထောင်စုပြိုကွဲမည့် အခြေအနေအထိ ရောက်ရှိသွားခြင်းကြောင့် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထိန်းသိမ်းခဲ့သည်။ တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာ၍ မြန်မာနိုင်ငံကို တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်မည့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၃-၁-၁၉၇၄ ရက်နေ့တွင် ပြဋ္ဌာန်းပုံဖော်ခဲ့တော့သည်။ သို့ရာတွင် တစ်ပါတီ အာဏာရှင်စနစ်၏ အဘက်ဘက်မှ ယိုယွင်းမှုများကြောင့် မျှော်မှန်းသလို မအောင်မြင်ခဲ့ဘဲ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ ယန္တရားတစ်ခုလုံး ပြိုလဲပျက်စီးကာ တပ်မတော်အစိုးရအုပ်ချုပ်သည့် အခြေအနေသို့ ရောက်ရှိခဲ့ရသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် "စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အကောင်အထည်ဖော်ရန်အတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေး အမျိုးသားညီလာခံပြုလုပ်ရန်နှင့် ယင်းညီလာခံမှ ဖွဲ့စည်းပုံ

> ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသော ပင်မဥပဒေဖြစ်

အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် လိုအပ်သော အခြေခံမူများ ချမှတ်ပေးရေး ညှိနှိုင်းဆွေးနွေးရန်တို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်တွင် ပကတိရှိနေသော လူထုလူတန်းစားအလွှာစုံဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားကာ ညီလာခံကျင်းပခဲ့သည်။ ၉-၁-၁၉၉၃ ရက်မှ ၃-၉-၂၀၀၈ ရက်အထိ ကျင်းပခဲ့သော ယင်းညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ ၁၀၄ ချက်ကို အတည်ပြုချမှတ်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အပြီးသတ်ရေးဆွဲခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မြန်မာနိုင်ငံ၏ ပထမဦးစားပေးဖြစ်လေရာ ဖိတ်ကြားခဲ့မှုအရ ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၄ ဖွဲ့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ ယင်းညီလာခံက ချမှတ်ပေးသည့်အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားကွဲလွဲမှုများဖြင့် ဝေဖန်မှုများရှိသည်။ သို့ရာတွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံတွင်းရှိ အလွှာစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စသည်ဖြင့် လူဦးရေ ၁၁၀၀ ခန့် တက်ရောက်ကြပြီး အချိန်ယူကာ ဆွေးနွေးကြသည်။ နိုင်ငံအရပ်ရပ်၏ စနစ်များကို လေ့လာကြသည်။ အနာဂတ်နိုင်ငံတော်၏ ပုံသဏ္ဌာန်ကို ပုံဖော်နိုင်ရန် အခြေခံဥပဒေကို ရေးဆွဲကြခြင်းဖြစ်လေသည်။ အမျိုးသားညီလာခံတက်ရောက်သူများသည် လွတ်လပ်စွာဆွေးနွေးနိုင်ကြကာ အကြံပြုကြသည်များကို မှတ်တမ်းများက သက်သေခံနေသည်။

အမျိုးသားညီလာခံက ချမှတ်သော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များ၊ ယင်းအခြေခံဥပဒေများအရ ဖြစ်ပေါ်ခဲ့သည့် သမိုင်းဖြစ်စဉ်များကို သင်ခန်းစာရယူပြီး ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အခြေခံဥပဒေဖြစ်ရာ ယခုအခါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ စိုင်းပြင်းကြရာတွင် အမျိုးသားညီလာခံက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအများ၏ ရေရှည် အကျိုးကိုမျှော်မှန်းကာ ချမှတ်ပေးထားသော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ပစ်ပယ်ခြင်း၊ လျစ်လျူရှုခြင်းများပြုရန် မသင့်လျော်ပါ။ ယနေ့ လွှတ်တော်အတွင်းရှိ အမတ်များအနက် အချို့သောအမတ်များသည် အမျိုးသားညီလာခံကျင်းပစဉ်အခါက ညီလာခံကိုယ်စားလှယ်များအဖြစ် ပါဝင်ခဲ့သူများဖြစ်သည်။ ထိုအမတ်များအနေဖြင့် မိမိတို့ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့စဉ်က အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ပြန်လည်သတိရကြပြီး ယခုပြင်ဆင်ရန် စိုင်းပြင်းနေသော အခြေခံဥပဒေမူကြမ်းတို့ကို လွှတ်တော်တွင် ဆွေးနွေးချိန်၌ ထောက်ခံသင့်သည်လား၊ ကန့်ကွက်သင့်သည်လားဆိုသည်ကို အလေးထားစဉ်းစားသင့်ကြောင်း တိုက်တွန်းလိုသည်။

ယခုပြင်ဆင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်ရေးအခွင့်အာဏာများကို လွှတ်တော်က "အာဏာသိမ်းလိုက်သည့်သဘော" ဆောင်ပါသည်။ နိုင်ငံတော်သမ္မတက ဦးစီးဦးဆောင်ပြု၍ အုပ်ချုပ်သည့် (Presidential Administration) နိုင်ငံများတွင် ယခုပြင်ဆင်မည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မတွေ့ရှိရပါ။

နိုင်ငံတော်၏ အချုပ်အခြာအာဏာတစ်ရပ်ဖြစ်သော တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအား အရည်အချင်းသတ်မှတ်ရာတွင် ထိုပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီဝင်မဟုတ်သူဟု ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ဤသို့ သတ်မှတ်ခြင်းသည် တရားသူကြီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာ၌ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းရှင်းပြီး လွတ်လပ်စွာ စီရင်ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။ ထို့ပြင် အဆိုပါ တရားသူကြီးများ၏ သက်တမ်းကို လွှတ်တော်၏သက်တမ်းဖြစ်သော ၅ နှစ်ဟု သတ်မှတ်ခြင်းမပြုဘဲ အသက် (၇၀)အထိ တာဝန်ထမ်းဆောင်နိုင်ရန် သတ်မှတ်ထားခြင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ တရားသူကြီးများ၏ သက်တမ်းကိုလည်း အသက် (၆၅)နှစ်အထိ သတ်မှတ်ထားခြင်းတို့သည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စဉ်ဆက်မပြတ် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများနှင့် တရားဥပဒေရေးဆိုင်ရာ အတွေ့အကြုံများရှိစေရန် ဖြစ်သည်။

ပါလီမန်စနစ်ကျင့်သုံးသော နိုင်ငံများတွင်လည်း ယင်းတို့နိုင်ငံများ၏ အမြင့်ဆုံးတရားရုံးများဖြစ်သည့် တရားလွှတ်တော်ချုပ် (Supreme Court) နှင့် တရားလွှတ်တော် (High Court) များအတွက် တရားသူကြီးများ တာဝန်ပေးခန့်ထားရာတွင် ယင်းနိုင်ငံများ၏ လွှတ်တော်သက်တမ်းအလိုက် တာဝန်ပေးခြင်းမပြုဘဲ သတ်မှတ်သော အသက်အထိ တာဝန်ပေးဆောင်ရွက်စေသည်ကို လေ့လာတွေ့ရှိရပါသည်။ သမ္မတအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသော အမေရိကန်ပြည်ထောင်စုတွင် ယင်းနိုင်ငံ၏အမြင့်ဆုံး တရားရုံးချုပ် (Supreme Court) ၌ တရားသူကြီးအဖြစ် တာဝန်ပေးခြင်း ခံရပါက ရာသက်ပန် တာဝန်ဆောင်ရွက်နိုင်သည်။ အမေရိကန်တရားရုံးချုပ်တွင် တရားသူကြီးအဖြစ် တာဝန်ပေးခန့်ထားခြင်းခံရသော (Justice Oliver Wendell Holmes) ဆိုသူသည် အမေရိကန် တရားရုံးချုပ် တရားသူကြီးအဖြစ် အသက်(၉၀)ကျော်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယခုကဲ့သို့ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့တွင် လွှတ်တော်သက်တမ်းအတိုင်း တာဝန်ပေးခန့်ထားခြင်း၊ နိုင်ငံရေးပါတီဝင်အဖြစ် သတ်မှတ်ခြင်းများပြုမည်ဆိုပါက တရားသူကြီးများအပေါ် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ လွှမ်းမိုးမှုသက်ရောက်ပြီး အောင်မြင်ကောင်းမွန်သော တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာနိုင်မည် မဟုတ်သည့်အပြင် လွတ်လပ်စွာ တရားစီရင်ရေးလည်း ရှိနိုင်မည်မဟုတ်တော့ပါ။

စာမျက်နှာ ၇ သို့

ပြည်တွင်းရေးရာ

# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ ပြည်ခရိုင်ရုံးခွဲဖွင့်

**နေပြည်တော် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance Co., Ltd.) ၏ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် လမ်းမတော်လမ်းနှင့် ထီးစုလမ်းထောင့်ရှိ အမှတ် (၁၂၀/အေ)၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်း၊ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမင်းသိန်း၊ ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်တို့က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ပြည်ခရိုင်ရုံးခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်း လုပ်ငန်းဆောင်ရွက်နေသည့်ဌာနခွဲများကို လိုက်လံကြည့်ရှုကြသည်။ **(ယာဝုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အား ပြည်မြို့ Mingalar Garden Resort ဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ၏အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသာ ဆုံးရှုံးပျက်စီးမှုများကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အာမခံရုံးခွဲများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ပေးခြင်းအားဖြင့် ပြည်သူများအနေဖြင့် အာမခံလုပ်ငန်းများတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ အာမခံကုမ္ပဏီများ ဖွင့်လှစ်ပေးခြင်းသည် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည် ဖော်ဆောင်ပေးနေသည့် ဘဏ္ဍာရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာနိုင်မှု (Financial Inclusion) လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာက အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီလီမိတက် ပြည်ခရိုင်ရုံးခွဲ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သား အသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးအာမခံလုပ်ငန်းကိုလည်း ယခုလာမည့် ဇူလိုင် ၁ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံစာရေးဆရာ ဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေး စာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲမြနှင့် မြန်မာနိုင်ငံစာရေးဆရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်း(လင်း)ဆေး-၁ တို့က အမှာစကား ပြောကြားကြသည်။

စာပေဟောပြောပွဲများကို အမျိုးသားစာပေဆုရ စာရေးဆရာ ပါမောက္ခ ဒေါက်တာ ရဲမြင့်ကျော် (လက်ာရည်ကျော်) က 'ပန်းဒေါင်းရှေ့က ပရဟိတသမားများ' ခေါင်းစဉ်နှင့် စာရေးဆရာ ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်) မြကြာငုံက 'ပရဟိတအနှစ်သာရ' ခေါင်းစဉ်တို့ကို ဟောပြောခဲ့ကြသည်။ စာပေဟောပြောပွဲနှင့်အတူ ကျန်းမာရေးအသိပညာပေးစာပေများနှင့် ဆေးပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။ **(သတင်းစဉ်)**



# ရန်ကုန်၊ နေပြည်တော်နှင့် ဧယျာရွှေမြေတို့ နိုင်ပွဲရ

**ရန်ကုန် ဇွန် ၂၇**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပသည်။

ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြလာသည့် ရန်ကုန်အသင်းမှာ ယခုပွဲတွင်လည်း ဧရာဝတီအသင်းကို ထပ်မံအနိုင်ယူကာ ၁၀ ပွဲဆက် နိုင်ပွဲဆက် စံချိန်ကို ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ ၂၀၁၄ ရာသီက ဧရာဝတီအသင်းကို အိမ်ကွင်း၌ အရှုံးပေးခဲ့ရမှုကို ယခုပွဲတွင် နိုင်ပွဲရယူပြီး ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲအစ ရှစ်မိနစ်တွင် လူငယ်လက်ရွေးစင်ကစားသမား ကျော်မင်းဦးက ဧရာဝတီအတွက် ဂိုးစတင် သွင်းယူခဲ့သောကြောင့် ရန်ကုန်အသင်း အိမ်ကွင်း၌ ရှုံးကန်ခဲ့ရသည်။ ရန်ကုန်အသင်းမှာ အမာခံကစားသမား အစုံအလင်ပါဝင်လာသော်လည်း ဧရာဝတီနောက်တန်းကို မကျော်နိုင်ခဲ့သလို ၂၅ မိနစ်တွင် ရရှိသည့် ပယ်နယ်တီကိုလည်း ဆီဇာ ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ပေ။ ဂိုးရရှိရန် ရုန်းကန်နေရသည့် ရန်ကုန်အသင်းမှာ ၄၁ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ပြီး ဇော်မင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရရှိခဲ့သည့် ရန်ကုန်အသင်းမှာ ဒုတိယပိုင်းတွင် ကစားပုံပိုကောင်းလာပြီး ၄၇ မိနစ်တွင် ဆီဇာက အနိုင်ဂိုးသွင်းယူခဲ့သည်။ တိုက်စစ်မှူး ရစ္စတီဒဏ်ရာရရှိခဲ့သောကြောင့် ဧရာဝတီအသင်းမှာ ပွဲအစတွင် တိုက်စစ်မှူး စစ်စစ် အသုံးမပြုခဲ့ဘဲ ဒုတိယပိုင်းမှ အသစ်ခေါ်ထားသည့် ဆားဘီးယားတိုက်စစ်မှူးကို သွင်းကစားခဲ့သော်လည်း ချေပဂိုးမရရှိတော့ပေ။

**(ရှိုင်းထက်ဇော်)**

◆

# မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် ဇွန် ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၆-၂၀၁၅ ရက်အထိ ၄၄ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကိုစည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်စီးရေမှာ ၄၅၉၈၅၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် CD ၆၃၁၃၃၆ ဒသမ ၇၇ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် CT ၅၈၁၁၇၉ ဒသမ ၃၁ ကျပ်သန်း စုစုပေါင်း ၁၂၁၂၅၁၆ ဒသမ ဝ၈ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် CD နှင့်ကုန်သွယ်လုပ်ငန်းခွန် CT များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၂၄၅၂၈ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၀၁၆၆၀ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၂၇၆၈၆ စီးတို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းလှိုင်)**

❑ စာမျက်နှာ ၆ မှ

ယနေ့လွှတ်တော်သည် "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"ဟု တွင်တွင်ကျယ်ကျယ်အသံလွှင့်ကာ ပြည်သူ့စိတ်ဝင်စားမှုရအောင် ဆွဲဆောင်နေသည်ကို နေ့စဉ်ကြားနေရသည်။ သို့ရာတွင် လက်တွေ့၌ ပြည်သူ့ဆန္ဒဖြစ်သော "လွှတ်တော်အမတ်များအား သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများက တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်" ကို အခြေခံဥပဒေမှ အတိအလင်းပေးထားသော်လည်း လွှတ်တော်သည် ယခု ငါးနှစ်သက်တမ်း ကုန်ဆုံးခါနီးသည်အထိ အမတ်များအား တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ဥပဒေပြဋ္ဌာန်းရန်ကိစ္စအား လျစ်လျူရှုထားသည့်အပြင် ထိုအခွင့်အရေးကိုပင် ပိတ်ပင်တော့မည့် အခြေအနေဆောင်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့လာရသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းသောပါလီမန်တွင် အမတ်များ၏လစာမှာ ၃၀၀ ကျပ် ဖြစ်သည်။ ယင်းလစာသည် ထိုစဉ်က မြို့ပိုင်တစ်ဦး၏လစာနှင့် ညီမျှသည်။ ယနေ့လွှတ်တော်အမတ်များလစဉ်ခံစားရရှိမှုသည် ချီးမြှင့်ငွေနှင့် နေ့တွက်စရိတ်ပေါင်းလျှင် ၁၆ သိန်းခန့်ဖြစ်သည်။ ယခင်က မြို့ပိုင်အဆင့်နှင့်တူညီသော ယနေ့ နိုင်ငံ့ဝန်ထမ်း မြို့နယ်အုပ်ချုပ်ရေးမှူး၏လစာမှာ ကျပ် ၂ သိန်း ၈ သောင်း ဖြစ်သည်။ အိုးပစ်အိမ်ပစ်ဖြင့် ဥပဒေပြုရေးကိစ္စကိုဆောင်ရွက်ရသော သူတို့အတွက် မုဒိတာပွားမိပါသည်။ ကျေနပ်နှစ်သိမ့်ကြပြီး မိမိတို့၏အလုပ်ကို အဂတိတရားကင်းစွာဖြင့် လုပ်ကြစေချင်၍သာ ရေးလိုက်ရပါသည်။ အမတ်များအနေဖြင့် မိမိတို့ ယနေ့ခံစားလျက်ရှိသော အခွင့်အရေးများအတွက် နိုင်ငံတော်ကို ပြန်လည်ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်မူကြမ်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိဖြစ်ထွန်းနိုင်မည် ဟုတ်/မဟုတ်ကို အလေးအနက်စဉ်းစားကြရန် တိုက်တွန်းချင်ပါသည်။

ယနေ့ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရအဖွဲ့သည် ခေတ်အဆက်ဆက်က တင်ရှိနေသည့်ဆိုးမွေများကို ခံစားနေရသော အစိုးရဖြစ်ပါသည်။ သို့ရာတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ညင်ညင်သာသာဖြင့် ပြောင်းလဲနိုင်ခဲ့သည်ကို ထင်သာမြင်သာတွေ့ကြပြီးဖြစ်သည်။ ဤသို့ မတူညီသောစနစ်တစ်ခုမှ အခြားစနစ်တစ်ခုကို အေးဆေးညင်သာစွာဖြင့် ပြောင်းလဲရန်သည် လွယ်ကူသည့်လုပ်ငန်းတစ်ခုမဟုတ်သည်ကို ခံစားနားလည်သော ကမ္ဘာ့နိုင်ငံခေါင်းဆောင်အချို့က အစိုးရကို ချီးကျူးနေကြခြင်းဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးသည် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိနေရပြီဖြစ်သည်။ ယခင်ကဖြစ်ခဲ့သော အင်အားကြီးနိုင်ငံအချို့၏ အရေးယူပိတ်ဆို့မှု (Sanction) များကိုလည်း အထိုက်အလျောက်ပြေလျော့အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဒေသဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းများတွင် မြန်မာနိုင်ငံ၏ တိုးတက်လှုပ်ရှားနေမှုများကို တွေ့မြင်နေကြရပြီဖြစ်သည်။

ပြည်သူ့ဆန္ဒကို အလေးဂရုပြုသောအားဖြင့် ဆုံးဖြတ်ရန်ခက်ခဲသော ဧရာဝတီမြစ်ဆုံကိစ္စမျိုးကိုလည်း ပြည်သူ့ဆန္ဒအတိုင်း စီမံပေးခဲ့သည်။ အကူးအပြောင်းကာလတွင် ပြင်ဆင်စရာများက များလွန်းလှသည်ဖြစ်ရာ အချိန်တိုအတွင်း၌ မပြီးစီးနိုင်သည်ကို နားလည်ကြသင့်သည်။ စိန်ခေါ်မှုများကို အစိုးရနှင့်လွှတ်တော်တို့ ပူးပေါင်းရင်ဆိုင်ကျော်လွှားကြမှ အောင်မြင်မည်။ အစိုးရသစ်ဦးဆောင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လှမ်းနေသည့်အချိန်တွင် ယခုကဲ့သို့ မညီညွတ်သော အချက်များထည့်သွင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေခြင်းသည် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာပေါ်ထွန်းနိုင်ရေးအတွက် ကြီးမားသောအဟန့်အတားဖြစ်မည်ဟု ယုံကြည်မိသည်။

ကျွန်တော်၏ တင်ပြချက်များသည် သမိုင်းကိုအခြေခံထားသဖြင့် ပြည်သူတို့ ဗဟုသုတတိုးပွားစေသကဲ့သို့ လွှတ်တော်အမတ်များလည်း ခံစားကြည်လင် အမြင်ရှိစေလိုပါသည်။ နိုင်ငံချစ်စိတ်သည်သာ ပဓာနဟု ခံယူကာ နိုင်ငံ့အရေးအရာဖော်ဆောင်သူများအဖြစ်သာ သမိုင်းမော်ကွန်းတင်ရစ်စေချင်ပါသည်။ ။


## ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
## လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၂)မျိုးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၂)မျိုးကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| (က) | ကြွေပြားတိုက်စက် |
| (ခ) | Hydrolic ကရိန်း (Indoor Use) |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၉-၆-၂၀၁၅ရက်မှ ၂၈-၇-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အမျိုးသားပြတိုက်(နေပြည်တော်)တွင် လာရောက်ထုတ်ယူနိုင်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၅ရက် နံနက်၁၀နာရီမှ ၁၁နာရီအတွင်း အမျိုးသားပြတိုက်(နေပြည်တော်)ရှိ တင်ဒါအဖွဲ့များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၄၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ရှေးဟောင်းသုတေသနနှင့်
အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၄၁၈

တင်ဒါတင်သွင်းရန်လိပ်စာ
အမျိုးသားပြတိုက်(နေပြည်တော်)
ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၈၄၃၂

# နှစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်

ရန်ကုန် ဇွန် ၂၇

**ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ငန်းများအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက ယခုကဲ့သို့ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အရင်းအနှီးမတည်ငွေများ၊ ပစ္စည်းအရင်းအနှီးများ ထုတ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၊ ပြည်သူများ၏လုပ်ငန်းများကို အဆင်ပြေပြေဆောင်ရွက်နိုင်ပြီး မိသားစုစားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများမြင့်မားလာစေရန်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ရေ၊ မြေ၊ သယံဇာတများပေါများခြင်း၊ သင့်တင့်မျှတသည့် ရာသီဥတုရှိခြင်း၊ ကြီးမားသည့် ဈေးကွက်များနှင့် ဆက်စပ်နေခြင်း စသည့် အခြေအနေကောင်းများ ပိုင်ဆိုင်ထားသကဲ့သို့ အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သကဲ့သို့ ပြည်ပချေးငွေများလည်း ရယူဆောင်ရွက်ရပါကြောင်း၊ ပြည်ပမှ ချေးငွေများဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ခြင်းကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ရှုမြင်ရန်လိုအပ်ပါကြောင်း၊ နှစ်ရှည်ချေးငွေများကို စနစ်တကျအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည့်စုံအောင် မဆောင်ရွက်နိုင်သေးသော်လည်း သက်ဆိုင်ရာကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပါကြောင်း၊ အိမ်ထောင်စုအလိုက် ဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံပေးသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အလုပ်ကြိုးစားပြီး ဝင်ငွေနှင့် ထွက်ငွေမျှတအောင် သုံးစွဲရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ချေးငွေရရှိမှုသည် တစ်အိမ်ထောင်ချင်းအတွက် နည်းသော်လည်း တစ်နိုင်ငံလုံးအနေဖြင့် ဘီလီယံပေါင်းများစွာ ထုတ်ချေးပေးနေခြင်းဖြစ်ပါကြောင်း၊ ချေးငွေများကို အကျိုးရှိရှိအသုံးပြုပြီး မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ခြင်းဖြင့် နောင်(၄)၊ (၅) နှစ်ကြာလျှင် ငွေချေးစရာမလိုတော့ဘဲ မိမိပိုင် ငွေကြေးအရင်းအနှီးဖြင့် ရပ်တည်လုပ်ကိုင်နိုင်သည့် အခြေအနေကို ရောက်ရှိကြမည်ဖြစ်ကြောင်း။

သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အသင်းအဆင့်ဆင့်၏ ပူးပေါင်းဆောင်ရွက်မှု၊ အသင်းသားပြည်သူများ၏ တာဝန်ကျေပွန်မှုများကြောင့် သမဝါယမလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေသည်ကို အသိအမှတ်ပြုပါကြောင်း။

ထို့ပြင် ဆင်းရဲမှုရာခိုင်နှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး သမဝါယမလုပ်ငန်းများက တစ်ဖက်တစ်လမ်းမှ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကြိုးပမ်းအားထုတ်နေကြပါကြောင်း၊ မြန်မာ့သမဝါယမ၏ အတိတ်ကပုံရိပ်များကို သင်ခန်းစာယူ သုံးသပ်ပြီး မိမိတို့လက်ထက်တွင် အစဉ်အလာကောင်းများဖြင့် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**ဒုတိယသမ္မတ ဦးညဏ်ထွန်း လယ်ယာသုံး စက်ကရိယာများကို လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးစရိတ်နှင့် မွေးမြူရေးစရိတ်အတွက် ချေးငွေမရရှိကြသေးသည့် သမဝါယမအသင်းသားသစ်များကို ချေးငွေကျပ် ၁၂၅၆၈ သန်းကျော်၊ စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေကျပ် ၂၀၁ သန်းကျော် စုစုပေါင်း ငွေကျပ်သန်း ၁၂၇၇၀ ကျော်၊ အသင်းသားဟောင်းများအတွက် ထပ်မံတိုးမြှင့်ချေးငွေကျပ် ၁၀၃၂၉ သန်းကျော် စုစုပေါင်း ငွေကျပ်သန်း ၂၃၁၀၀ ကျော်ကို အတိုးငွေတစ်လ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တောင်သူလယ်သမားများအတွက်လည်း တောင်ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ပစ္စည်း ၁၀၅ စီး၊ အခြားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ၁၈၁၇ စီးနှင့် ဆိုင်ကယ်၊ အပ်ချုပ်စက် စသည့် လုပ်ငန်းသုံးပစ္စည်း ၂၁၁၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၂၀၅ သန်း ကျော်ကို အရစ်ကျငွေချေစနစ်ဖြင့် ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်းရှိ အခြေခံသမဝါယမအသင်းများကိုခရိုင်အလိုက် အသေးစားချေးငွေများပေးအပ်ရာ သမဝါယမအသင်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက လယ်ယာသုံးစက်ကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက်တက်ရောက်လာကြသော အသင်းသားများကိုယ်စား အသင်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းများ၊ သမဝါယမ အသင်းများသို့ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သွားမည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာသုံးယာဉ်များ၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် အပ်ချုပ်စက်များကို ကြည့်ရှုပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြသည့် သမဝါယမအသင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် သမဝါယမအသင်း ၃၇၆၅ သင်းမှအသင်းသား ၂၁၇၃၄၉ ဦးကို ပံ့ပိုးချေးငွေကျပ်သန်း ၂၃၁၀၀နှင့် သမဝါယမအသင်း ၁၃၄၈ သင်းမှ အသင်းသား ၃၉၂၇ ဦးအတွက် တန်ဖိုးငွေကျပ် ၉၂၉၉ ဒသမ ၁၀၉၆ သန်းတန်ဖိုးရှိ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာ ၃၉၂၇ စီးကိုပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ✱အိုလံပစ်မှ

အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Phyfique ၁၆၅ စင်တီမီတာအောက်တွင် ပထမ ချယ်ရီမောင်၊ ဒုတိယ နန်းလောင်ခမ်း၊ တတိယ ခိုင်ယမင်းဦး၊ စတုတ္ထ Ms. Mavifa Onni၊ ပဥ္စမ မေမြတ်နိုး၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Phyfique ၁၆၅ စင်တီမီတာအထက်တွင် ပထမ ဆွေဆွေအောင်၊ ဒုတိယ ထားဦးဝေ၊ တတိယ လတ်မေဇင်သော်၊ စတုတ္ထ သဥ္ဇာဖြိုး၊ ပဥ္စမ သော်သော်လမင်းတို့အား ဆုများနှင့် တစ်သက်တာ ကြံ့ခိုင်ဆုများကို အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း၊ ပြိုင်ပွဲကျင်းပရေးအတွက် အဓိကကူညီပံ့ပိုးပေးခဲ့သော Netray ကုမ္ပဏီမှ ဒေါ်မာလာနှင့်တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်သောပြိုင်ပွဲအပြီးတွင် ပထမဆုရရှိခဲ့ကြသော မောင်များနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ဆုရသူများကို မြန်မာနိုင်ငံ လက်ရွေးစင်မောင်မယ်များနှင့်ဆက်လက်ယှဉ်ပြိုင်ပြီး အရည်အချင်း ပြည့်ဝသော မောင်မယ်များကိုမြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တွင် စခန်းသွင်းလေ့ကျင့်ပြီး မြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

ဆုပေးပွဲတွင် ပြည်ထောင်စုမယ် ရုပ်ရှင်သရုပ်ဆောင် ဒေါ်ခင်သန်းနုအား တစ်သက်တာကြံ့ခိုင်ဆုကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ YCDC တွဲဖက်အတွင်းရေးမှူး ဦးညီညီက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ - စောသိန်းဝင်း)**

## ❒ကျောဖုံးမှ

ထရန်စဖော်မာဖက်စပ်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ အခြေခံအရင်းအနှီးအဖြစ် အမေရိကန်ဒေါ်လာ ၄၅ သန်းထားရှိမည်ဖြစ်ပြီး ဟီတာချီကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှု၏ ၅၁ ရာခိုင်နှုန်းနှင့် ကျန်ရှိရာခိုင်နှုန်းအား Soe Electric & Machinery ကုမ္ပဏီက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဟီတာချီကုမ္ပဏီအနေဖြင့် ထရန်စဖော်မာဖက်စပ်ထုတ်လုပ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ပါက ဒီမိုကရေစီစနစ် ကူးပြောင်းခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် ပြည်ပကုမ္ပဏီများနှင့် လျှပ်စစ်ဆိုင်ရာကိရိယာ ပစ္စည်းများပထမဆုံး ဖက်စပ်ထုတ်လုပ်မှုလည်း ဖြစ်လာမည်ဖြစ်သည်။

ခန့်မှန်းခြေအားဖြင့် Soe Electric & Machinery ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ထရန်စဖော်မာ ဈေးကွက်တွင် ရှယ်ယာ ၃၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီအနေဖြင့် ငါးနှစ်တာကာလအတွင်း ထရန်စဖော်မာထုတ်လုပ်မှု နှစ်ဆအထိ တိုးချဲ့ထုတ်လုပ်နိုင်ရန်နှင့် ရှယ်ယာကိုလည်း ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် မျှော်လင့်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ယခုနှစ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာလိမ့်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဖော်ပြထားရာ ဂျီဒီပီတိုးလာမှုနှင့်အတူ လျှပ်စစ်စွမ်းအားလိုအပ်ချက်သည်လည်း နှစ်ဆဖြစ်လာခဲ့သည်။ ထို့ကြောင့် ထရန်စဖော်မာလိုအပ်ချက်သည်လည်း တစ်နှစ်အတွင်း ၁၇ ရာခိုင်နှုန်း အထိ တိုးလာရန် ခန့်မှန်းထားကြောင်း သိရသည်။

**(ငွေကြယ်)**

## မြို့နယ်သတင်းစာဆရာအသင်း တာဝန်ပေးအပ်ပွဲပြုလုပ်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ တာဝန်ပေးအပ်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက သာကေတမြို့နယ် ၁၀၈ တောင်ဘုရားဝင်းအတွင်းရှိ ဇမ္ဗူအေးဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဒါရိုက်တာ ဦးယဉ်ကျော်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးဝင်းမြင့်ဦးဆောင်သော မြို့နယ်သတင်းစာ ဆရာအသင်းအား အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥပဒေအကြံပေး ဦးညဏ်ဝင်း၊ တရားရုံးချုပ်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးအကြံပေး ဒေါက်တာနိုက်တင်ဂေးတို့က ကျန်းမာရေးနှင့်ပတ်သက်သည့် သိသင့်သော အကြောင်းအရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

ပြည်တွင်းရေးရာ

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

**နွားထိုးကြီး ဇွန် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ရှိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။




တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ နိုင်ငံတော်အတွက် အရေးကြီးသည့်ရွေးကောက်ပွဲဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်အပိုင်းက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးကာလများ၌ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်သူများနှင့် လုံခြုံရေးတာဝန်ယူကြမည့် အဖွဲ့အစည်းများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း။

ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကော်မတီများမှ တာဝန်ရှိသူများ၊ ကျန်းမာရေး၊ ပညာရေးဌာနများမှ ပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်း၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအနေဖြင့် ဥပဒေနှင့်အညီ သန့်ရှင်းစွာ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ မဲဆန္ဒရှင်များအပါအဝင် ရပ်ရွာများမှ ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများကလည်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများက မြို့နယ်၏ ရာသီဥတုအခြေအနေ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေနှင့်သောက်သုံးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သုံးသပ်ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကိုပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် နွားထိုးကြီးမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ဌာနဆိုင်ရာများသည် ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရန် အရေးပါသည့်အဖွဲ့အစည်းများဖြစ်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးကာလများတွင် တည်ငြိမ်အေးချမ်းပြီး တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရန် မိမိတို့အားလုံးတွင် တာဝန်ရှိသဖြင့် ကျရာကဏ္ဍမှပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် မြို့မိ မြို့ဖများက နယ်မြေဒေသဆိုင်ရာများ၊ လမ်းပန်းဆက်သွယ်မှုနှင့် ရေရရှိရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက ပညာရေးကဏ္ဍအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ခရီးစဉ်အတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မလှိုင်မြို့ လေးမျက်နှာပရိယတ္တိစာသင်တိုက်တွင် ကျောင်းတိုက်ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားခဲ့ သည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် နွားထိုးကြီးမြို့နယ် မကျည်းကန်စံပြကျေးရွာ သိရီမင်္ဂလာ ကျောင်းတိုက်တွင် ကျောင်းတိုက်ပဓာန နာယကဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ယင်းနောက် ကျေးရွာမှ ဒေသခံပြည်သူများနှင့် မကျည်းကန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပညာရေးဆိုင်ရာကိစ္စရပ်များ မှာကြားခဲ့သည်။

**(သတင်းစဉ်)**

---

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၆-၆-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး ၁၅ ဦး၊ ထုတ်ဝေသူသက်တမ်းတိုး သုံးဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက် ငါးဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် နှစ်ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ကိုးဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ တစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်း တစ်ဦး၊ ဂျာနယ်လိုဂိုပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၇၆ ဦးနှင့် အသစ်လျှောက်ထားသူ ၁၈၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၆၆ ဦးနှင့် အသစ်လျှောက်ထားသူ ၄၄၂ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၁၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၅၈၆ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

## (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲများအား အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေး

**နေပြည်တော် ဇွန် ၂၇**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိသည်။

နံနက် ၉နာရီမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို မိမိတို့ စိတ်ကြိုက် ကြည့်ရှုရွေးချယ်မှတ်သားကြသည်။

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့် ကျောက်မျက်အတွဲပေါင်း ၂၃၆ တွဲအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်း၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့် ကျောက်မျက်အတွဲပေါင်း ၈၇ တွဲကို ဈေးပြိုင်ပေး၍လည်းကောင်း ဝယ်ယူခဲ့ကြသည်။

ထို့အတူ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ယနေ့ပြပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် သတ်မှတ်ထားသည့်



ကျောက်စိမ်းအတွဲ အမှတ် ၁ မှ အတွဲ အမှတ် ၁၄၅၀ အထိ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို လွတ်လပ်စွာ စိတ်ကြိုက် ကြည့်ရှုရွေးချယ်ကာ ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခဲ့ကြကြောင်းနှင့် တင်ဒါအောင်စာရင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း ၂၃၆ တွဲနှင့် ကျောက်စိမ်း အတွဲပေါင်း ၈၆၀၈ တွဲကို လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း ၈၇ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၃၃၅ တွဲကို လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

**ဥတုရာသီ တောကိုမှီ၏**

# ရတနာရွှေကြာ၊ လည်မှာဆွဲလို့ ပဒုမ္မာခြုံလွှာ၊ ရုံကာဝတ်ရအောင်

မေသံလွင်

***ကျွန်မတို့ငယ်ငယ် ကလေးဘဝအရွယ်က ဆရာကြီးမင်းသုဝဏ်ရဲ့ကဗျာလေးတွေနဲ့ ကြီးပြင်းခဲ့ရပြီး ဆရာကြီးရဲ့ "ကြာဆစ်ကြိုး" ကဗျာလေးကရင်ထဲမှာစွဲငြိခဲ့ဖူးပါတယ်။ မြေလတ်ဒေသမှာ ရှားရှားပါးပါးရှိလှတဲ့ ကြာပန်း၊ ကြာဖူးလေးတွေတွေ့ရင် ပျော်မဆုံးဖြစ်ကြရပါတယ်။ "ကြာရိုး၊ ကြာစွယ်၊ ဘယ်ညာဆစ်လို့၊ ရွှေကြာဆစ်ကြိုးဆွဲပါမယ်" လို့ ပါးစပ်ကလည်းဆိုရင်း ကြာပုတီးလေးတွေ၊ ကြာဆစ်ကြိုးလေးတွေလည်မှာဆွဲလို့ ကြာခွက်ထဲက အဆံလေးတွေကိုသွားရည်စာအဖြစ် စားခဲ့ကြရတာကလည်း မမေ့နိုင်စရာ။***

***"ရိုးမကိုနောက်ခံထားသည် ××× စလင်းမြို့အမည်ရှိ ×××***
***ပန်းချီကားတစ်ချပ်ရယ် ××× ကြာညိုရနံ့တွေလှိုင်သင်းလို့ ×××***

×××××××××××××××××××××××××××××

**အလာခရီးမဝေးပါတယ် ××× ကြာပုတီးဆွဲဘို့ ××× စလင်းမြို့ကိုလာဦးကွယ်"**

**"အနုပညာငွေးကြည်"** ရေးစပ်သီးကုံးပြီး အဆိုတော် **"စလင်းလှိုင်မင်း"** ရဲ့ **"စလင်းကိုသီချင်းဆိုမယ်"** ဆိုတဲ့ သီချင်းကလေးကိုကြားပြန်တော့ ကြာပုတီးဆွဲဘို့ရယ်လို့စလင်းမြို့ကို အရောက်သွားရလောက်အောင် တင်စားခဲ့ရတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့မှာရှိတဲ့ ဝက်သည်းကန်နဲ့ ကြာအလှအကြောင်းကို ပြောပြချင်စိတ်တွေ တဖွားဖွားပေါ်လာခဲ့ပါတယ်။

ရေပြင်စိမ်းစိမ်းမှာ ကြာပွင့်၊ ကြာဖူးလေးတွေနဲ့အပြိုင် စိမ်းစိုစိုအရွက်လေးတွေက ရေပြင်မှာ အပြားလိုက်တင်ပြီး ကန်ရေပြင်ကို ပိုလို့စိမ်းစိုနေအောင် ဖန်တီးပေးထားတော့ လှပတဲ့ပန်းချီကားတစ်ချပ် သဖွယ်တွေ့မြင်နိုင်ပါတယ်။ ဒါပေမယ့် ဟိုးမမြင်ရတဲ့ ကြာပွင့်၊ ကြာဖူး၊ ကြာရွက်၊ ကြာခွက်လေးတွေရဲ့ အောက်ခြေရေမျက်နှာပြင်အောက်က ပင်စည်ရိုးတံကို အဆစ်လေးတွေ ဘယ်ညာဆစ်တဲ့အခါ သွယ်တန်းပြီး ကျန်ခဲ့တဲ့အမျှင်လေးတွေကနေ ရွှေကြာသင်္ကန်း၊ ရွှေကြာခြုံလွှာနဲ့ အဝတ်အထည်တွေထိဖြစ်လာနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့မသိခဲ့ကြတာအမှန်။ ကျွန်မတို့မြေလတ်ဒေသမှာ ရေကန်၊ လယ်တော မပေါ်များလှတာမို့ ဒီလိုကြာတွေပေါ်တဲ့ စလင်းမြို့ကနာမည်ကျော် **"ဝက်သည်းကန်"** ကို ရောက်မှသာ ဒီရှုခင်းမျိုးကိုမြင်ဖူးလို့ ရှည်ရှည်ဝေးဝေး မစဉ်းစားမိခဲ့တာလည်းပါမှာပါ။

ကျွန်မတို့ ဘဒ္ဒကမ္ဘာကြီးစတည်ကတည်းက ဘုရား(၅)ဆူပွင့်တော်မူရန်အတွက် ပရိက္ခရာ(၅)စုံဟာ ကြာပွင့်(၅)ပွင့်နှင့်အတူ ပေါ်ထွန်းလာခဲ့ပါသည်။ **"အကနိဋ္ဌပြဟ္မာဘုံ"** ရှိ **"ဃဋိကာရပြဟ္မာမင်းကြီး"**က သိမ်းဆည်းတော်မူထားခဲ့ပြီး ဘုရား(၁)ဆူပွင့်တော်မူတိုင်း လာရောက်ဆက်ကပ်ခဲ့တာကို အကြောင်းပြု၍ ကြာသင်္ကန်းဟု ခေါ်ဝေါ်သမုတ်ခဲ့တယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ခုချိန်ခါမှာတော့ ကြာချည်လေးတွေနဲ့ ယက်လုပ်တဲ့ တကယ့်ကြာသင်္ကန်းအစစ်ကို မြတ်စွာဘုရားကိုကပ်လှူခွင့်ရရုံသာမက ဘုရားရဲ့သားတော် ရှင်ရဟန်းတွေဝတ်ရုံနိုင်ကြပါပြီ။ ဒါကြောင့် မြင့်မြတ်ပြီးကျက်သရေရှိလှတဲ့ ကြာချည်ထည်တွေဝတ်ဆင်ခွင့်ရအောင် လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က စတင်တီထွင်ဖန်တီးနိုင်ခဲ့ပြီး ကမ္ဘာကပါအသိအမှတ်ပြုရတဲ့ ရှမ်းပြည်နယ် အင်းလေးဒေသက **"ပေါ်စာဉ"** ဆိုတဲ့ ရှမ်းအမျိုးသမီးကြီးဟာ **တကယ့်စွန့်ဦးတီထွင်သူ**အဖြစ် ကမ္ဘာနှင့်ချီပြီး ခေတ်မီနေဆဲဖြစ်ပါတယ်။

ကျွန်မအနေနဲ့ နိုင်ငံရဲ့အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူထဲမှာ တစ်ဦးအပါအဝင်ဖြစ်လာတဲ့အခါ ကိုယ့်တိုင်းဒေသကြီးအတွင်း အလားအလာရှိတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ၊ ထူးခြားတဲ့ ဝန်ဆောင်မှုလုပ်ငန်းလေးတွေ၊ ထူးခြားတဲ့ လက်မှု လုပ်ငန်းလေးတွေကို ရှာဖွေပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ တာဝန်တွေရှိလာခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာလည်း အဲဒီနိုင်ငံရဲ့ SME တွေပေါ်မှာ မူတည်နေပါတယ်။ ဘာလို့လည်းဆိုတော့ ကမ္ဘာ့နိုင်ငံတိုင်းမှာက စီးပွားရေးလုပ်ငန်း အားလုံးရဲ့ပျမ်းမျှ ၉၀ ရာခိုင်နှုန်းက SME တွေဖြစ်နေလို့ပါပဲ။ ကျွန်မတို့မြန်မာနိုင်ငံမှာတော့ SME က ၉၉ ရာခိုင်နှုန်းကျော်ရှိနေပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်တဲ့နေရာမှာလည်း နိုင်ငံနဲ့ချီပြီး အလားအလာရှိတဲ့ လုပ်ငန်းတွေပါသလို ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပတ်ဝန်းကျင်ဒေသလေးရဲ့ လူမှုစီးပွားဘဝ အဆင်ပြေစေဖို့တင် အလားအလာရှိတဲ့ လုပ်ငန်းလေးတွေလည်း ပါမှာပါပဲ။ ကျွန်မတို့လို အနီးကပ်တာဝန်ပေးခြင်းခံရတဲ့ ဌာနက အရာထမ်း၊ အမှုထမ်းတွေ အားလုံးက မျက်စိကိုဖွင့်၊ နားကိုစွင့်လို့၊ ခြေထောက်ကသွား၊ လက်ကမအားရအောင် ဌာနဆိုင်ရာ အချင်းချင်းချိတ်ဆက်၊ ပြည်သူဆီက သတင်းယူရင်းအခုလို ဝက်သည်းကန်အတွင်းက ကြာပင်လေးတွေကနေ ကြာချည်တွေထုတ်ပြီး ဝင်ငွေရနေတဲ့ ကြာချည်လုပ်ငန်းလေးကို နိုင်ငံနဲ့ချီပြီး အလားအလာရှိနိုင်တဲ့ ကျွန်မတို့ တိုင်းဒေသကြီးရဲ့ ထူးခြားတဲ့လက်မှုလုပ်ငန်းလေးအဖြစ် တင်ပြရခြင်းပဲဖြစ်ပါတယ်။

စလင်းမြို့နယ်မှာရှိတဲ့ ဝက်သည်းကန်ဟာ ဧကတွေရာချီတဲ့ ရေပြင်မှာ ပဒုမ္မာကြာတွေနဲ့ ထူးခြားလှပသလို သမိုင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ပုဂံခေတ်က အလောင်းစည်သူမင်း ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်ရင်း စလင်းမြို့ကိုရောက်တော့ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ကန်ကြီးကိုတွေ့တဲ့အခါ လွန်စွာမှနှစ်သက်အံ့သြပြီး ကန်ကြီးရဲ့အကြောင်းကို စိတ်ဝင်တစားမေးမြန်းတဲ့အခါ ဖြေနိုင်တဲ့သူ တစ်ယောက်မှမရှိလို့ ကန်စောင့်နတ်ကိုမေးရတယ်လို့ဆိုပါတယ်။ ကန်စောင့်နတ်ကလည်းမသိတာနဲ့ အာယုကပ် (၃)ကပ်မျှ အသက်ရှည်တဲ့ ငြှေ့ရှင်နတ်ကြီးကိုမေးမှ မင်းကြီးမှာသိခွင့်ရခဲ့ပါသတဲ့။ သိခွင့်ရတော့လည်း တိုက်ဆိုင်စွာပဲ ကန်ကြီးရဲ့သမိုင်းဟာ မင်းကြီးနဲ့ပတ်သက်နေခဲ့ပါတယ်။ မင်းကြီးကိုယ်တိုင် ဟိုးအတိတ် သာသနာပ အခါက ဒီနေရာမှာ ဝက်ဖြစ်ခဲ့ဖူးပြီး နေရာအနှံ့ထိုးဆွအစာရှာစားရင်းဖြစ်လာတဲ့ ကျင်းတွေ၊ ချိုင့်တွေက မိုးရွာသွန်းတဲ့အခါ ရေတွေတင်ကျန်ခဲ့လို့ ကန်ဖြစ်လာပါတယ်။ အဲဒီကမှ တစ်စတစ်စ ကြီးထွားဝေစည် သာယာလှပလို့လာခဲ့ပါတယ်။ အဲဒီအခါက အခုလက်ရှိကန်ချောင်ကုန်းနေရာမှာ သီတင်းသုံးတဲ့ ဈာန်အဘိညာဏ်ရ ရသေ့(၇)ပါးတို့က ဒီရေကန်ကို သောက်သုံးရင်း မူလရေကန်ရှင် ဝက်ကြီးရဲ့ ကျေးဇူးကိုသိမြင်လို့ ဆုတောင်းပေးမှု၊ ရေအကျိုး(၁၀)ပါးရဲ့ကောင်းမှုတွေကြောင့် အလောင်းစည်သူမင်းရယ်လို့ ဘုန်းတန်ခိုးကြီးမားတဲ့ဘုရင် ဖြစ်ခဲ့ရတာပါလို့ နတ်မင်းကြီးက လျှောက်ထားတဲ့အခါ မင်းကြီးက နှစ်ထောင်းအားရဖြစ်လို့ ကန်ကြီးကိုထပ်မံတူးဖော်စေပြီး ဆွေစဉ်မျိုးဆက် စောင့်ရှောက်ခဲ့တယ်လို့လည်း မှတ်သားရပါတယ်။ ဒီတော့ဒီကန်ရဲ့သက်တမ်းဟာ ခန့်မှန်းဖို့တောင် ခက်ခဲလောက်အောင် ရှည်ကြာတဲ့အပြင် သမိုင်းရှိခဲ့တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လည်း ဖြစ်လို့နေပြန်ပါတယ်။

ဒေသခံလူတွေဟာ ဒီလိုသမိုင်းရှိခဲ့တဲ့ ကန်ကြီးကို အမှီပြုလို့ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ကြပါတယ်။ ကြာဖက်ကိုခူးပြီး ထုပ်ပိုးကုန်အဖြစ်၊ ကြာပန်းကို ဘုရားပန်းအဖြစ်၊ ကြာခွက်ကို သွားရည်စာအဖြစ် ခူးယူရောင်းချကြပါတယ်။ စလင်းမြို့မှာ ပန်း၊ အသီးအရွက်၊ အသား၊ ငါး၊ မုန့်အားလုံးကို ကြာဖက်နဲ့ထုပ်ပိုးကြပါတယ်။ ကြာဖက်ကြီးတွေကလည်း ကလေးငယ်တစ်ယောက် ခင်းသိပ်လို့ရအောင်ကြီးတဲ့အထိ အရွယ်စုံပေါ်များလှလို့ ခူးမကုန်အောင်ရှိပါတယ်။ ကျွန်မတို့ငယ်ငယ်က စလင်းကိုရောက်ရင် ကြာဖက်နဲ့ထုပ်တဲ့ ကြာနံ့လေးသင်းနေအောင်မွှေးတဲ့ မုန့်တွေ၊ အသုပ်စုံတွေ စားခဲ့ဖူးတာကို ဒီနေ့အထိမမေ့နိုင်ခဲ့ပါဘူး။ ကန်အကျယ်ဧက ၅၃၀ ခန့်ရှိတဲ့အနက် ရေပြင်ဧရိယာက ဧက ၃၅၀ ခန့်ဖြစ်ပြီး ကျန်ဧကတွေကတော့ စလင်းဆည်ရဲ့ ရေဝေ၊ ရေပေးစနစ်နဲ့ လယ်စိုက်ပျိုးကြတယ်လို့ သိရပါတယ်။ ရွှေစက်တော်ဘေးမဲ့တော ထိန်းသိမ်းရေးနယ်မြေမှာ ပါဝင်တဲ့အတွက် အေးချမ်းသာယာတဲ့ ကန်နယ်မြေမှာငါးမျိုးစုံ၊ ငှက်မျိုးစုံတို့ သဘာဝအတိုင်း လွတ်လွတ်လပ်လပ် သွားလာကျက်စားနိုင်ကြလို့ အားလုံးအတွက်သာစုခေါ်ရပါတယ်။ တကယ်တော့ စလင်းမြို့ဆိုတာ **"သမိုင်းရှိတဲ့မြို့"** ဖြစ်တဲ့အပြင် ဘယ်အမိန့်၊ ညွှန်ကြားချက်မှမပါဘဲ မိရိုးဖလာ ရှေးယခင်ကတည်းက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့မြို့၊ ယနေ့ခေတ် ပလပ်စတစ်ကင်းစင်နယ်မြေလို့ တင်စားရတဲ့အထိ **"ခေတ်မီတဲ့မြို့"** လေးလည်းဖြစ်လို့နေပြန်ပါတယ်။ ကျွန်မတို့ တိုင်းဒေသကြီးအတွက် **"ဂုဏ်ယူစရာမြို့"**လေးဖြစ်ပါတယ်။

ကြာချည်လုပ်ငန်းရဲ့ အဦးအစဖြစ်တဲ့ ရှမ်းပြည်နယ်၊ အင်းလေးဒေသက ကြာချည်လုပ်ငန်းရှင်တွေ ဒီဒေသကို လာရောက်လေ့လာပြီး ကြာချည်ထုတ်ယူတဲ့ လုပ်ငန်း စတင်ခဲ့ရာမှ မူလအသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ကြာဖက်ခူးတဲ့ လုပ်ငန်းအပြင် ပင်စည်ရိုးတံကနေ ကြာချည်ထုတ်တဲ့လုပ်ငန်းကို စလင်းမြို့မှာ ၂၀၁၀ခုနှစ်က စတင်ခဲ့တယ်လို့သိရပါတယ်။ ဝက်သည်းကန်အတွင်းက ကြာအားလုံးမှာ ပဒုမ္မာကြာအသေးမျိုးမို့ မျိုးကောင်းကြာချည် အမျိုးအစားဖြစ်တာကြောင့် ဒေသခံတွေကို ထုတ်လုပ်နည်း သင်ပြပေးရင်း ထွက်လာတဲ့ကြာချည်တွေကို လာရောက်ဝယ်ယူပြီး စီးပွားဖက်လုပ်ကိုင်ကြတယ်လို့ သိရပါတယ်။ ကန်ပတ်လည်မှာနေထိုင်တဲ့ ရွာတွေကကျေးလက်နေပြည်သူတွေဟာ ကြာချည်လုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်ပြီး အိမ်ထဲမှာနေရင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရခဲ့ကြပါတယ်။ ကျေးဇူးရှိခဲ့တဲ့ အင်းလေးဒေသက တိုင်းရင်းသားညီအစ်ကို မောင်နှမတွေကိုလည်း ကျေးဇူးတင်ရပါတယ်။ အင်းလေးဒေသမှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်း များစွာကတည်းက အထည်ထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။ နိုင်ငံခြားတိုင်းပြည်များက မြတ်နိုးတန်ဖိုးထားပြီး ဆင်မြန်းကြလို့ ကိုယ့်နိုင်ငံအတွက် ဂုဏ်တက်စေတဲ့ အင်းလေးဒေသကိုလည်း ဒီထက်မကတိုးတက်စေချင်မိပါတယ်။ နိုင်ငံအတွင်း အချင်းချင်းပူးပေါင်းဆောင်ရွက်ရင် ပိုမိုစွမ်းဆောင်နိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

စလင်းဆိုတာ **"စေတီပုထိုး မြေကြီးကျိုးမျှ"** ဆိုတဲ့ လင်္ကာနှင့်ညီအောင် စေတီပုထိုးတွေ ပေါများလှပါတယ်။ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ အမတ်ကြီးရာဇသင်္ကြန်တို့ပါ ပုဂံပြည်မှလာပြီး ကုသိုလ်မျိုးစေ့စိုက်ပျိုးထားခဲ့ကြတယ်လို့ မှတ်သားရပါတယ်။ "တောင်ဖီလာဆရာတော်ကြီး" မွေးဖွားရာဒေသလည်းဖြစ်ပြီး စာဆိုပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းခဲ့ပါတယ်။ ဒ့ါအပြင် လူသိထင်ရှားနာမည်ကျော်ကြားခဲ့တဲ့ **"စလင်းကန်လယ်ဆရာတော်ဘုရားကြီး"**ဟာ စလင်းမြို့ဝန်းကျင် ဝက်သည်းကန်ပတ်လည်မှာ သီတင်းသုံးနေထိုင်ပြီး သုသာန်တွေမှာ ညစဉ်တရားအားထုတ်ခဲ့ပါတယ်။ ၁၃၅၃ခု၊ ပြာသိုလပြည့်ကျော် (၁၃) ရက်၊ သက်တော် (၈၇)နှစ်၊ ဝါတော် (၆၇)ဝါမှာ ပျံလွန်တော်မူပြီး ဆရာတော်ရဲ့ ဈာပနကျင်းပချိန် ပြာသိုလကြီးမှာ မိုးမရွာဘဲ ကန်ကြီးမှာရေတွေကမ်းပြည့်တက်လာတဲ့အပြင် ဓာတ်တော်တွေ ကျခဲ့ပါတယ်။ ထူးခြားတဲ့ ပုဂ္ဂိုလ်မြတ်ပေါ်ထွန်းရာ **"ထူးခြားတဲ့ဒေသက ထူးခြားတဲ့ကန်ကြီး"** လည်းဖြစ်ပါတယ်။ ယခုတော့လည်း စိုက်ပျိုးမြေတွေကို ပေးသွင်းတဲ့စလင်းဆည်က ရေတွေဝင်ရောက်ပြီး မိုးအခါသာမက နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ရေတွေအပြည့်ပါပဲ။ **"ရေမြင့်တော့ ကြာတင့်"** ဆိုသလို သာယာလှပရုံတင်မဟုတ်ဘဲ ကြာရိုးတွေ ရှည်ရှည်ရပြီး ကြာချည်လုပ်ငန်းလုပ်တဲ့ ဒေသခံတွေအတွက် ဝင်ငွေတိုးစေပါတယ်။

ဒါပေမယ့် ဒေသခံပြည်သူတွေအနေနဲ့ကတော့ ကိုယ့်ဒေသရင်းမြစ် ကြာရိုးကိုခူးပြီး ကြာချည်အကြမ်းထုတ်တဲ့အဆင့်ထိသာ လုပ်ကိုင်နိုင်ပါတယ်။ ရလာတဲ့ကြာချည်ကို အထည်ရက်တဲ့ဒေသက လာရောက်ဝယ်ယူသူထံမှာ ရောင်းကြရပါတယ်။ ဧကတွေရာချီပြီး ကျယ်တဲ့ရေပြင်ကျယ်က သဘာဝရင်းမြစ်တွေကနေပြီး ရှားပါးကြာချည်တွေထုတ်ယူရနေပေမယ့် ရင်းနှီးဖို့ငွေကြေး၊ နည်းပညာ၊ ဗဟုသုတချို့တဲ့မှုကြောင့် ထိုက်သင့်တဲ့ အကျိုးခံစားခွင့် မရကြပါဘူး။ ကုန်ချောထုတ်လုပ်နိုင်ရင် ကြာချည်ပါဝင်မှုရာခိုင်နှုန်းပေါ် မူတည်ပြီး ပုဝါလေးတစ်ပိုင်းကို သိန်းဂဏန်းထိရနိုင်တာ၊ နိုင်ငံခြားတိုင်းပြည်များမှာ မြန်မာ့ကြာချည်ထည်တွေကို မြတ်မြတ်နိုးနိုးတန်ဖိုးထားနေကြတာဆိုတဲ့ အကြောင်းအရာတွေဟာ သူတို့နဲ့သက်ဆိုင်တယ်လို့တောင် မှတ်ယူမထားကြဘဲ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝမှာ လက်လှုပ်မှပါးစပ်လှုပ်နိုင်တာမို့ အင်တိုက်အားတိုက် လုပ်ကိုင်နေကြတာကိုပဲ တွေ့ရပါတယ်။ ဒီလိုအလုပ်အကိုင်တွေ ရနေတာကကိုပဲ **"ဘုရားပေးတဲ့ဆု" "ကန်ကြီးရဲ့ကျေးဇူး"** လို့ထင်မှတ်ပြီး ဘဝကို ရိုးသားစွာပျော်မွေ့နေကြသူတွေပါ။

သူတို့ဟာ နိုင်ငံရဲ့အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်တဲ့ SME လုပ်ငန်းရှင်တွေဖြစ်တာ၊ နိုင်ငံတော်က ဆောင်ရွက်ပေးနေတာ၊ ဖြစ်လာနိုင်တဲ့အလားအလာ စတဲ့အကြောင်းအရာတွေကို ရှင်းပြပြီးသိစေတဲ့အခါ သူတို့ရဲ့ ယုံကြည်အားကိုးမှု၊ တက်ကြွမှုတွေကို တွေ့ရပြန်တော့ သူတို့ဘဝလေးတွေအတွက် စိတ်အမောတွေပြေရပါတယ်။ ဒီလိုဘဝမျိုးတွေ ဘယ်လောက်များရှိ နေမလဲ။ ဒီလိုဘဝတွေအများကြီးကို ဘယ်အချိန်အတိုင်းအတာ ရောက်တော့မှ အပြည့်အဝကူညီပေးနိုင်ပါ့မလဲလို့တွေးမိပြန်တော့ ကျွန်မရဲ့အတွင်းစိတ်မှာ မဝံ့မရဲဖြစ်ရပြန်ပါတယ်။ ဒါပေမယ့် ညီညီညာညာအားစိုက်လို့ ပြိုင်တူတွန်းရင် ရွေ့နိုင်မယ်လို့ ယုံကြည်ပြီး ကျွန်မတို့ကတော့ ယုံကြည်ချက်နဲ့ရှေ့ဆက်လျှောက်လှမ်းရမှာပါပဲ။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း နည်းပါးဖြစ်တဲ့ ကျေးလက်နေပြည်သူတွေရဲ့ ဘဝတွေကိုမြှင့်တင်ပေးနိုင်မှလည်း ကျွန်မတို့နိုင်ငံတိုးတက်မှာပါ။ ကျွန်မကတော့ ခန္ဓာကိုယ်တွေခွဲ၊ အချိန်တွေဆွဲဆန့်လို့ နေရာအနှံ့အရောက်သွားချင်လှပါတယ်။

ကိုယ့်ဒေသရဲ့ SME တွေကို ကိုယ်တတ်နိုင်သမျှ အစွမ်းလေးနဲ့ အကူအညီပေးနိုင်တဲ့အခါ သူတို့တွေရဲ့ ပူးပေါင်းကူညီမှုနဲ့ နားလည်မှုကြောင့်သာပဲလို့ ကျေနပ်အားရ ဝမ်းသာဂုဏ်ယူရပေမယ့် ဖြစ်မလာခဲ့ရင်တော့ အနီးကပ်တာဝန်ရှိနေတဲ့ ကျွန်မတို့ရဲ့အားနည်းချက်ကြောင့်သာပဲလို့ ကိုယ့်ကိုယ်ကိုယ်ခံယူထားမိပါတယ်။ ကျွန်မတို့ဌာနက အရာထမ်း၊ အမှုထမ်းအားလုံးကလည်း ဒီခံယူချက်ကို လက်ခံနိုင်ကြတာမို့ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပါတယ်။ ကျွန်မရဲ့အတ္တက ကိုယ်ဆောင်ရွက်တဲ့လုပ်ငန်း အောင်မြင်ချင်တယ်။ ပရဟိတစိတ်ဓာတ်အရလည်း အများအကျိုးရှိစေချင်တယ်။ ဒီတော့လည်း ကျွန်မကိုယ်ကျွန်မ မညာတမ်းတွေး ကြည့်မိရင် အတ္တကို အခြေခံနေတဲ့ ပရဟိတဖြစ်နေမလားလို့လည်း စိုးရွံ့ရွံ့ဖြစ်မိပါတယ်။ ဘယ်လိုပဲပြောပြော ကျွန်မတို့အားလုံး ကြိုးစားဆောင်ရွက်နေတာတွေဟာ SME တွေအတွက်မို့ **"ကျွဲကူး ရေပါ"** ဆိုသလို ဖြစ်နေမှာပါပဲ။

သမိုင်းအစဉ်အလာကြီးတဲ့ကန်ကြီးကို အဓွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းရပါမယ်။ သဘာဝအရင်းအမြစ်တွေ မပျောက်ပျက်အောင်၊ ပဒုမ္မာရွှေကြာတွေ လန်းဆန်းဝေဖြာနေအောင် စောင့်ရှောက်ရပါမယ်။ ကြာရိုးရဲ့အရှည်၊ အတိုပေါ်မူတည်ပြီး လည်စီးပုဝါတစ်ပိုင်းကို အရေအတွက် ၄၀၀၀ခန့်၊ ခြုံပုဝါတစ်ပိုင်းကို ၄၀၀၀၀ ခန့်နဲ့ သင်္ကန်းတစ်စုံကို ၂၅၀၀၀၀ ခန့်ထိသုံးရတယ်လို့ သိရတဲ့အတွက် ပဒုမ္မာရွှေကြာတွေ မျိုးသုဉ်းပျောက်ကွယ်သွားမှာလည်း စိုးရိမ်မိပါတယ်။ ကန်သာယာနဲ့ ရတနာရွှေကြာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ မြန်မာ့ဂုဏ်ကို ထိန်းသိမ်းခြင်းဖြစ်ကြောင်း ဒေသခံတွေကိုလည်း အသိပညာတွေ ဖြန့်ဝေရပါမယ်။ ဒီလိုမြို့လေးကနေ ကုန်ချောထုတ်လုပ်နိုင်တဲ့ အဆင့်ထိ တိုးတက်စေချင်လှပါတယ်။ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။

ကြာချည်နှင့် ပတ်သက်လို့ လေ့လာနိုင်ဖို့ရာ ချိတ်ဆက်ပေးတဲ့ဌာနဆိုင်ရာများ၊ သိခွင့်ပေးတဲ့ဒေသခံတွေ၊ ကျွန်မကိုးကားလေ့လာခဲ့ရတဲ့ **"စလင်းမြို့ဘုရားများသမိုင်း"** ကိုပြုစုရေးသားသူ **"ဆရာတော် ဦးစန္ဒိမာ (စလင်း)"** တို့ကို ကျေးဇူးတင်ဦးခိုက်ရပါတယ်။

ဆရာတော်ရဲ့စကားနဲ့ပြောရရင်တော့ "စလင်းမြို့မှာနေပြီး ဘုရားစုံဖူးကာ ကန်ရေပြင်ကိုဖြတ်လာတဲ့ လေကောင်း၊ လေသန့်ကို ရှူရှိုက်လို့ နေဝင်ချိန်ရှုခင်းကိုကြည့်ရင်း ပဒုမ္မာကြာအလှ၊ ကန်အလှကိုခံစားရခြင်းဟာ စလင်းမြို့သူ၊ မြို့သားတွေကို **သဘာဝတရားက မျက်နှာသာပေး** ခံထားရတာပါလား၊ ကံကောင်းလှချည့်ရဲ့" လို့ တွေးမိပါတယ်။ တစ်ဆက်တည်းမှာပဲ သမိုင်းရှိတဲ့မြို့၊ သဘာဝရင်းမြစ်တွေပေါကြွယ်ဝတဲ့မြို့၊ ခေတ်မီနေတဲ့မြို့၊ အဲဒီစလင်းမြို့လေးဟာ သဘာဝတရားကတင်မဟုတ်ဘဲ သူတို့ရဲ့ထူးခြားတဲ့လက်မှုလုပ်ငန်းလေးနဲ့ **နိုင်ငံတင်မက ကမ္ဘာကပါ မျက်နှာသာပေးခံရတဲ့မြို့၊ နိုင်ငံကျော်တဲ့မြို့၊ ကမ္ဘာကျော်တဲ့မြို့လေး** ဖြစ်လာနိုင်တဲ့အတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီမြှင့်တင်ပေးနိုင်စေရေး ရည်ရွယ်ပြီး တင်ပြလိုက်ရပါတယ်။ ။

**သဘာဝအရင်းအမြစ်တွေ မပျောက်ပျက်အောင်၊ ပဒုမ္မာရွှေကြာတွေ လန်းဆန်းဝေဖြာနေအောင် စောင့်ရှောက်ရပါမယ်။ ကြာရိုးရဲ့အရှည်၊ အတိုပေါ်မူတည်ပြီး လည်စီးပုဝါတစ်ပိုင်းကို အရေအတွက် ၄၀၀၀ခန့်၊ ခြုံပုဝါတစ်ပိုင်းကို ၄၀၀၀၀ ခန့်နဲ့ သင်္ကန်းတစ်စုံကို ၂၅၀၀၀၀ ခန့်ထိသုံးရတယ်လို့ သိရတဲ့အတွက် ပဒုမ္မာရွှေကြာတွေ မျိုးသုဉ်းပျောက်ကွယ်သွားမှာလည်း စိုးရိမ်မိပါတယ်။ ကန်သာယာနဲ့ ရတနာရွှေကြာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ မြန်မာ့ဂုဏ်ကို ထိန်းသိမ်းခြင်းဖြစ်ကြောင်း ဒေသခံတွေကိုလည်း အသိပညာတွေ ဖြန့်ဝေရပါမယ်။ ဒီလိုမြို့လေးကနေ ကုန်ချောထုတ်လုပ်နိုင်တဲ့ အဆင့်ထိ တိုးတက်စေချင်လှပါတယ်။**

# မန္တလေးမြို့ရှိ စိတ္တရမဟီဝန်ထမ်းအိမ်ရာနေထိုင်ခွင့်ရသူများအား အိမ်ခန်းသော့ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ စိတ္တရမဟီဝန်ထမ်းအိမ်ရာတွင် နေထိုင်ခွင့်ရသူများအား အိမ်ခန်းသော့ပေးအပ်ခြင်းအခမ်းအနားကိုဇွန် ၂၆ ရက်က ၂၆× ၂၇လမ်းနှင့် ၇၃×၇၄ ကြားရှိအဆိုပါအိမ်ရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းက နိုင်ငံတော်အစိုးရမှနေရာဒေသအသီးသီးတွင်ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများနေရေးအတွက် အခက်အခဲမရှိစေဘဲ သက်သာချောင်ချိစွာနေထိုင်ရင်းလုပ်ငန်းတာဝန်များကို အေးချမ်းစွာထမ်းဆောင်နိုင်စေရန်ရည်ရွယ်၍ ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း လာရောက်အမှုထမ်းနေကြသောဝန်ထမ်းများနေထိုင်ရေးအခက်အခဲမရှိစေရန် ၂၀၁၂-၂၀၁၃ခုနှစ်မှစ၍ဘဏ္ဍာငွေများလျာထားသတ်မှတ်ကာ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများ တည်ဆောက်ပေးလျက်ရှိသဖြင့် ဝန်ထမ်းအိမ်ရာတွင်နေထိုင်ကြသူများကလည်း စနစ်တကျသန့်ရှင်းသပ်ရပ်စွာနေထိုင်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက်စိတ္တရမဟီအိမ်ရာစီမံကိန်းတည်ဆောက်ခွင့်ရကုမ္ပဏီငါးခုမှမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတိုင်းဒေသကြီးညွှန်ကြားရေးမှူးဦးအောင်ကျော်ဦးထံသို့ အိမ်ခန်းသော့များပေးအပ်ခဲ့သည်။

အဆိုပါ အိမ်ရာစီမံကိန်းအား၂၀၁၄ ခုနှစ် မတ် ၂၃ ရက်ကစတင်၍ ဆောက်လုပ်ခွင့်ရကုမ္ပဏီငါးခုမှ တည်ဆောက်ပေးခြင်းဖြစ်ပြီး တစ်နှစ်နှင့် သုံးလအတွင်း ပြီးစီးအောင် ကြိုးစားတည်ဆောက်နိုင်ခဲ့ကာ ၂၀၁၅ခုနှစ် ဇွန် ၁၆ ရက်တွင် မဲစနစ်ဖြင့်နေရာချထားပေးခဲ့သည်။ ထိုစီမံကိန်းတွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ငါးလုံး၊ ဌာနနှင့် အကျိုးတူတည်ဆောက်သည့် Show Room တစ်လုံး၊ Admin တစ်လုံး၊ Condo ခြောက်လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတည်ဆောက်လျက်ရှိသည်။

ဝန်ထမ်းများနေထိုင်ခွင့်ရရှိသည့်အိမ်ခန်းများသည် တစ်ခန်းလျှင် ၆၂၅ စတုရန်းပေကျယ်ဝန်းပြီး အခန်းပေါင်း ၁၄၄ခန်းရှိကာ ဝန်ကြီးဌာန၂၃ခုမှဝန်ထမ်းများနေထိုင်ရန်အတွက် အခန်းပေါင်း ၁၃၂ ခန်းအား နေရာချထားပေးခဲ့ပြီး ကျန် ၁၂ခန်းအား အရန်အခန်းအဖြစ်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမ်းချောင်းရေလျှံ၍ အမ်းမြို့ပေါ်၌ ရေကြီး

**အမ်း ဇွန် ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့တွင် ဇွန် ၂၄ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အမ်းချောင်းရေတဖြည်းဖြည်းမြင့်တက်လာရာ ဇွန် ၂၆ ရက် ညနေ ၅ နာရီမှစတင်၍ အမ်းမြို့ပေါ်ရပ်ကွက်အတွင်း အမ်းချောင်းကမ်းနားနေ လူနေအိမ်များ၊ လမ်းများ နစ်မြုပ်လျက်ရှိသည်။ အမ်းမြို့အနီး ၄ မိုင်ခန့်ကွာဝေးသော အောက်ရွာကျေးရွာ၌လည်း အလားတူတစ်ရွာလုံး ရေကြီးနစ်မြုပ်လျက်ရှိသည်။ ၎င်းရေကြီးမှုကို ဆက်လက်စောင့်ကြည့်လျက်ရှိရာ ည ၁၂ နာရီတွင် မိုးဆက်လက်ရွာသွန်မှုမရှိသောကြောင့် ရေများတဖြည်းဖြည်းလျော့ကျသွားသည်။

အဆိုပါ အမ်းမြို့ပေါ် ရေကြီးနစ်မြုပ်မှုကြောင့် လူနေအိမ်များသုံးပေခန့်နစ်မြုပ်ခဲ့ပြီး မြို့ပေါ်အိမ်ခြေ ၁၀၀၀ ခန့်နှင့် အောက်ရွာကျေးရွာ၌ အိမ်ခြေ ၈၀ ခန့် နစ်မြုပ်ခဲ့သည်။ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကာလအတွင်း လူအသေအပျောက် ထိခိုက်မှုမရှိကြောင်းနှင့် မြို့တွင်းရှိမြေနိမ့်လမ်းအချို့မှာ ၂၇ ရက်အထိ ယာဉ်များဖြတ်သန်းသွားလာ၍ မရရှိသေးကြောင်း သိရသည်။ ယခင် ၂၀၀၉ ခုနှစ်က ရေလွှမ်းမှုဖြစ်ခဲ့သော်လည်း ယခု ၂၀၁၅ ခုနှစ် ရေကြီးမှု ဖြစ်စဉ်ကဲ့သို့ မဆိုးကြောင်း သိရသည်။

**အမ်း(ပြန်/ဆက်)**

# ကျပ် ၂၀၀ တန်ထီ ဇူလိုင် ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇွန် ၂၇**

(၃၁၈)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ ၁၆ ဆု၊ ကျပ်သိန်း ၅၀ ဆု ၂၀၊ ကျပ် ၂၅ သိန်း ၂၀ ဆု၊ ကျပ် ၁၀ သိန်း ၄၈ ဆု၊ ကျပ်ငါးသိန်း ၅၆ ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာ နှင့် ရှေ့ဂဏန်းငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ ၄ ယူနစ်အတွက် ကျပ်တစ်သိန်း ၄၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ ၃ ယူနစ်အတွက် ကျပ်ငါးသောင်း ၃၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၃၅၂၈၀ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မင်းကုန်းကျေးရွာအုပ်စု မင်းကုန်းကြီးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကာလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းမှ တစ်ရွာလျှင် သိန်း ၃၀၀ စီဖြင့် ပြည်သူများစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ငွေများထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

**(ကျေးလက်ဦးစီး)**

# မော်လမြိုင်ကျွန်း-ပုသိမ် အမြန်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**မော်လမြိုင်ကျွန်း ဇွန် ၂၇**

မော်လမြိုင်ကျွန်းမြို့နယ်မှ ခရီးသွားပြည်သူများပုသိမ်မြို့သို့ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် မော်လမြိုင်ကျွန်း-ပုသိမ် ရွှေမင်းသားအမြန်မော်တော်ယာဉ်လိုင်းကို ဇွန် ၂၅ ရက်မှ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းမော်လမြိုင်ကျွန်း- ပုသိမ် လိုက်ပါလိုကြသောခရီးသွားပြည်သူများအနေဖြင့် မော်လမြိုင်ကျွန်းမြို့(၁၁)လမ်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီးမှ နေ့စဉ် နံနက် ၄ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့ တွင်လည်းကောင်း၊ ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ လိုက်ပါလိုကြသော ခရီးသွားပြည်သူများအနေဖြင့် နေ့စဉ် နံနက် ၇ နာရီနှင့် ညနေ ၃ နာရီခွဲတို့တွင် ပုသိမ်မြို့ CB ဘဏ်ခွဲရုံးအနီးမှ ထွက်ခွာပေးသွားမည်ဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်း-ပုသိမ် လမ်းခရီးတစ်လျှောက်တွင် ကျေးရွာကြီးများနှင့် မြို့များ၌ ခေတ္တရပ်နားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**




# မိုးအဆက်မပြတ်ရွာသွန်းနေချိန် လယ်ကဏန်းရှာဖွေရောင်းချသူများ အဆင်ပြေ

**ရေတာရှည် ဇွန် ၂၇**

ယခုရက်ပိုင်းအတွင် နေ့ရောညပါ မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ညအချိန် လယ်ကဏန်းရှာဖွေသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသများ၏ အကောင်းဆုံးဟင်းလျာတစ်ခုဖြစ်သည့် ကဏန်းလုံးငါးပိချက်၊ ကြောင်လျှာရွက်နု၊ မျှစ်ပြုတ်တို့မှာ မိုးရာသီတွင် စားသုံးမှုအများဆုံးဖြစ်သည်ကိုတွေ့ရသည်။

ထို့အပြင် ငါးရှဉ့်ထောင်သူများက တစ်ဆင့်ပြန်လည် ဝယ်ယူကာ ကဏန်းတစ်ကောင်လျှင် တစ်ဆယ်ကျပ်ဖြင့်ရောင်းချရကြောင်း ကိုယ်တိုင်လိုက်လံဖမ်းဆီးသူတစ်ဦးက ပြောသည်။ ညအချိန်ဆိုလျှင် ဓာတ်မီးရောင်တဝင်းဝင်းဖြင့် ဖားရိုက်သူများ၊ ကဏန်းလုံးရှာဖွေသူများမှာ လယ်ကွင်းများအနှံ့အပြား၌တွေ့ရှိနိုင်ပြီး မိသားစုထမင်းဝိုင်းအတွက်အဆင်ပြေကာ တစ်ဆင့်ပြန်လည်ရောင်းခြင်းဖြင့် ဝင်ငွေကောင်းမွန်လျက်ရှိနေသည်။လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူများကလည်း လယ်ယာထွန်ယက်ချိန်၌တွေ့ရှိရသည့် ငါးနှင့် ကဏန်းလုံးများအား ဖမ်းယူရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# သဘာဝအလှရှုခင်းများဖြင့် ပုံဖော်ထားသည့် "ရင်တွင်းရေးပြဿနာများ" ဇာတ်ကား ပြင်ဦးလွင်၌ ရိုက်ကူး



**မန္တလေး ဇွန် ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားရန် ဇာတ်လမ်းတွဲအဖြစ် စီစဉ်ရိုက်ကူးလျက်ရှိသည့် "ရင်တွင်းရေးပြဿနာများ"ဇာတ်ကား ဇာတ်ဝင်ခန်းများကို ဇွန်လ တတိယပတ်အတွင်းက ပြင်ဦးလွင်မြို့နယ် အင်းလျားကျေးရွာ၊ သင်္ဂတုံကျေးရွာများ အနီးတစ်ဝိုက်တွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်အတူ ဇာဂနာ (ခ) ဦးသူရတို့ ပူးပေါင်းစီစဉ်ကာ ဒါရိုက်တာဟိန်းစိုးက ရိုက်ကူးနေခြင်းဖြစ်သည်။ အဓိက သရုပ်ဆောင်များအဖြစ် နိုင်းနိုင်းနှင့် သဥ္ဇာဝင့်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားပြီး တောင်ပေါ်ကျေးလက်ဒေသက သဘာဝအလှရှုခင်းများနှင့် ပုံဖော်ရိုက်ကူးလျက်ရှိသည်။

ဇာတ်ကားအတွက် ဇာတ်လမ်းနှင့် ဇာတ်ညွှန်းရေးသားသူ ဆရာမ မယ်မင်းဘုံက "အရင်က ရုပ်ရှင်ဇာတ်ကားတွေအတွက် ဇာတ်လမ်းဇာတ်ညွှန်းတွေ ရေးပေးခဲ့ဖူးပါတယ်။ အခုလို ဇာတ်လမ်းတွဲ ဇာတ်ကားအတွက် ဒါပထမဦးဆုံးရေးပေးခဲ့ရတာဖြစ်ပြီး မြန်မာ့ရုပ်မြင် သံကြားနဲ့လည်း ပထမဦးဆုံး ပူးပေါင်းရိုက်ကူးတဲ့ဇာတ်ကားဖြစ်ပါတယ်။ ဇာတ်လမ်းက မိနစ် ၄၀စာ၊ အပိုင်း ၁၅ ပိုင်းဖြစ်တဲ့အတွက် ဇာတ်ကား ကြည့်တဲ့ပရိသတ်တွေ ငြီးငွေ့မသွားအောင် ဇာတ်ရှိန်အနိမ့်အမြင့်တွေကို ဖန်တီးထားပါတယ်။ ဇာတ်ကားရဲ့ အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်းတွေကို တစ်ခန်းနဲ့တစ်ခန်း အချိတ်အဆက်မိအောင် ဇာတ်ညွှန်းကို အထူးဂရုတစိုက်နဲ့ ရေးသားထားပါတယ်။ ဇာတ်ဝင်ခန်းတွေကို ဒါရိုက်တာဟိန်းစိုးနဲ့ သရုပ်ဆောင်တွေက အကောင်းဆုံး သရုပ်ဆောင်ရိုက်ကူးနေတာကို တွေ့ရလို့ ပြသတဲ့အခါမှာ ပရိသတ်တွေ ကျေနပ်အားရလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးလျက်ရှိသော ပြင်ဦးလွင်မြို့နယ် အင်းလျား၊ သင်္ဂတုံကျေးရွာများနှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် ရေမြေရာသီဥတုသာယာကောင်းမွန်ပြီး သဘာဝရှုခင်းများနှင့် လှပသောဒေသဖြစ်ကာ သွားလာရေးလွယ်ကူသဖြင့် မြန်မာ့ရုပ်ရှင်လောကသားများ ကျေးလက်သဘာဝအလှရိုက်ကွင်းများကို မကြာခဏ လာရောက်ရိုက်ကူးလေ့ရှိသော ဒေသဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

**တင်မောင်၊အောင်သူရ (မန်းကိုယ်ပွား)**

# BoA ၏ ဂီတသက်တမ်း (၁၅) နှစ်ပြည့် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်မည်



ကိုရီးယားကေပေါ့ပ်ဘုရင်မ BoA ၏ ဂီတသက်တမ်း (၁၅) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်မည့် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို စီချွန်းအနုပညာစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

BoA ၏ တစ်ကိုယ်တော်ပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း SM Entertainment မှ တာဝန်ရှိသူတစ်ဦးက MyDailyသို့ ဇွန်၂၄ ရက်က ပြောကြားခဲ့သည်။

BoA သည် စီချွန်းအနုပညာစင်တာတွင် ဖျော်ဖြေပွဲကျင်းပခွင့်ရသည့် ပထမဦးဆုံးသော ကေပေါ့ပ်အမျိုးသမီးအဆိုရှင်တစ်ဦးဖြစ်သည်။ စီချွန်းအနုပညာစင်တာတွင် ၁၉၉၀ ခုနှစ်ကာလများတွင် အမျိုးသားကေပေါ့ပ်အဖွဲ့များဖြစ်သည့် Hechskiesနှင့် H.O.T တို့ ဖျော်ဖြေပြီးနောက် ယခု ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် BoA က ပထမဆုံးဖျော်ဖြေခွင့်ရခြင်းလည်း ဖြစ်သည်။ **[ဆုမြတ်]**

# လက်ထပ်ဖို့ဆုံးဖြတ်လိုက်ပြီလို့ ပြောလာတဲ့ ရိဟားနား





ယခုလက်ရှိတွင်အဆိုတော်ပေါ့ပ်ဘုရင်မရိဟားနား၏ အချစ်ရေးမှာ စိန်စီသောလမ်းဟုပင်ဆိုရလောက်အောင် သာယာဖြောင့်ဖြူးနေခဲ့ပြီး သူ့အနေဖြင့် ချစ်သူရီးယဲလ်မက်ဒရစ်ကစားသမား ကာရင်ဘင်ဇီမာနှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အသက်(၂၇) နှစ် အရွယ်ရှိ ပေါ့ပ်ကြယ်ပွင့်သည် သူနှင့်အသက်တူရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာကို ၎င်း၏ ဘဝလက်တွဲဖော်အဖြစ်ရှိနေစေချင်ပြီဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

အဆိုပါ မောင်နှံနှစ်ဦးသည် နယူးယော့ခ်နှင့် လော့စ်အိန်ဂျလိစ်မြို့တော်များတွင် ကျင်းပသော ပါတီပွဲများ၌ အတူတွေ့ရလေ့ရှိပြီး ရိဟားနား၏ မိတ်ဆွေတစ်ဦးက "ဒီအချစ်ရေးက ရိဟားနားအတွက် ဦးနှောက်နဲ့ ချင့်ချိန်စဉ်းစားနိုင်စွမ်းကို ပျက်စီးစေခဲ့တဲ့ ပထမဦးဆုံးအကြိမ်ပါပဲ။ အခုခံစားရတဲ့ခံစားမှုမျိုးကို အရင်က တစ်ခါမှမခံစားခဲ့ရဖူးတဲ့အကြောင်းနဲ့ ကာရင့်ကို အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လိုလည်း ယုံကြည်မိတယ်ဆိုတဲ့အကြောင်း သူက သူငယ်ချင်းတွေကို ပြောလေ့ရှိတယ်"ဟု Look မဂ္ဂဇင်းသို့ ပြောသည်။

ကာရင်နှင့်ရိဟားနားတို့နှစ်ဦးသည် ၂၀၁၄နွေရာသီကမ္ဘာ့ဖလားပွဲစဉ်များအတွင်း စတင်သိကျွမ်းခဲ့ကြပြီး မကြာမီချစ်သူများအဖြစ် လက်တွဲခဲ့ကြခြင်းဖြစ်သည်။ ၂၀၁၄ခုနှစ်က ခရစ်ဘရောင်းနှင့်ရိဟားနားတို့ပါတီပွဲတစ်ခုတွင် အတူရှိနေစဉ်ကာရင်သည် ခရစ်ဘရောင်းထံသို့ ပြေးဝင်တိုက်ခိုက်ခဲ့သည်။ ထိုအဖြစ်အပျက်နောက်ပိုင်းတွင် ရိဟားနားသည် ကာရင့်အပေါ် ခံစားချက်များ ပိုမိုလေးနက်လာခဲ့သည်ဟု ထင်ရကြောင်းလည်း မီဒီယာများက ဝေဖန်ခဲ့သည်။

ရိဟားနားသည်ကာရင်နှင့်မတွေ့ဆုံမီက ဒရေ့ခ်၊ လီယိုနာဒိုဒီကာပရီယို၊ ခရစ်ဘရောင်းစသည့် ဟောလိဝုဒ်အကျော်အမော်များနှင့် လက်တွဲခဲ့ဖူးသည်။ **[အေးပြည့်]**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၈ - ၆ - ၂၀၁၅ (တနင်္ဂနွေနေ့)

### MRTV Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၂၃) |
| ၆း၂၀ | (၂၀၁၅) ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂) |
| ၇း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အဝေးဆုံးမှာ" (အောင်ရဲလင်း၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်) |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၄၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၉း၁၅ | ပြည်သူ့နီတိ "အချက်မသိတော့" |
| ၉း၄၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၀း၁၀ | မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "ကြိုးတန်း" (ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-မီးပွား) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "သင်သူတော်ကောင်းဖြစ်ပြီလား" တရားတော် (သဒ္ဓမ္မဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တသုဇန) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၈း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၆) |
| ၉း၃၅ | Weekly Sports Diary |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Happy Beach" [တစ်ရေးနိုးပင်လယ် (အပိုင်း- ၁+၂)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၄) |
| ၃း၄၀ | Health Life (ရွှေမိုးပွင့်အေး Wellness Center) |
| ၄း၅၅ | အတွေးမျဉ်းပြိုင် |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန် စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၅) |
| ၇း၃၀ | Fashion Week(Designer Collection) (Part-2) |
| ၇း၅၅ | Thai Fight |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၇) |
| ၉း၃၀ | ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ "သုံးရာသီ အလှသဘာဝ" "ခေတ်အဆင်နှင့် ယနေ့အသွင်" "သံစဉ်ဖလှယ်ကြ ဂီတ ညီအစ်မ" "အကယ်ဒမီရွှေပန်းချီ အငြိမ့်ဖျော်ဖြေပွဲ"(အပိုင်း-၁) |
| ၁၀း၃၀ | Sunday Talk (ဦးမျိုးကျော်လွင်၊ မျိုးမြတ်သူ) |
| ၁၁း၁၅ | World of Knowledge (Inside War Mengele Twins) |
| ၁း၀၅ | MRTV-4 Stage |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၇) |
| ၅း၅၀ | အစီအစဉ်ပြီး၏။ |

### mitv

- Reflected Glory
- Chanmyay Yeiktha Meditation Centre- Hmawbi
- Kyeikhteeyoe: Welcome All
- …….Shan Novices To Be………..
- The Precious Lands Of Myanmar (Mandalay Region)
- Now In Yangon: Mix Restaurant & Bar
- Goldsmith
- A Dream A Destination (Hpa An)
- The Beauty of Stylish Myanmar Dress
- The Art of Making Glaze Ware
- Food Trip (EP-4) (Part-2)
- Today Myanmar "Ample Water From Solar Power"
- The Writer: Chit Oo Nyo (Part - I)
- Bago: A City Of Famous Historic Pagoda
- Beauties Of Makyee Island - Island Of Tamarind Tree
- Traditional Customs of Holy Waso
- Interesting Features of Rakhine
- Let's cook (Ep-4)
- Myanmar Masterclass "Contemporary Art"
- Crab Business (Part-II) Soft Shell Crab
- "Myanmar's Traditions and Culture" Myanmar Pottery
- Discovering Tribes "Gaybar Kayin"
- MURAL PAINTING BAGAN
- Kayah

# ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် သဘောတူလိုက်ပြီ

ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးအသင်း ဂိုးသမား ပီတာဆက်ချ်သည် ပရီမီယာလိဂ်ပြိုင်ဘက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂိုးသမားပီတာဆက်ချ်သည် လက်ရှိတွင် အာဆင်နယ်အသင်းနှင့် သဘောတူညီလိုက်ပြီဖြစ်သောကြောင့် အာဆင်နယ်အသင်း၏ ယခုနွေရာသီဈေးကွက်အတွင်း ပထမဆုံးခေါ်ယူသည့် ကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။ ဂိုးသမားပီတာဆက်ချ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်သောကြောင့် လက်ရှိချယ်လ်ဆီးဂိုးသမားကော်တွိုက်သည် ချယ်လ်ဆီးအသင်း၏ ပထမဦးစားပေးဂိုးသမားလည်းဖြစ်လာမည်ဖြစ်သည်။

ပီတာဆက်ချ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက (၁၆) ကြိမ်ပွဲထွက်ကစားခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ၁၁ နှစ်ကြာ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ ဂိုးသမားပီတာဆက်ချ်သည် ချယ်လ်ဆီးအသင်းတွင် ကစားခဲ့သည့် ကာလတစ်လျှောက် ပွဲပေါင်း ၃၀၀ ကျော်ပါဝင်ကစားပေးခဲ့ပြီး ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်၊ လိဂ်ဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်နှင့် ယူရိုပါလိဂ်ဖလားတစ်ကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။ ဂိုးသမားပီတာဆက်ချ်သည် ၂၀၀၄ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် ဂိုးသမားပီတာဆက်ချ်အား ချယ်လ်ဆီးအသင်းတွင် ဆက်ကစားစေရန် ဆန္ဒရှိခဲ့သော်လည်း ပြီးခဲ့သည့်လက အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပီတာဆက်ချ်၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။ [ငွေကြယ်]





# MMA ပြိုင်ပွဲ ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာလက်ဝှေ့ကစားသမားများ ပါဝင်ယှဉ်ပြိုင်မည့် MMA (ဘက်စုံကိုယ်ခံပညာသုံး) ပြိုင်ပွဲကို ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက Rose Garden Hotel တွင် ပြုလုပ်ခဲ့ရာ ပြိုင်ပွဲစီစဉ်သူများ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြိုင်ပွဲစီစဉ်သူ One Championships အဖွဲ့အစည်း၏ CEO မစ္စတာဗစ်တာက MMA ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဇေကမ္ဘာကုမ္ပဏီ ဒုဥက္ကဋ္ဌ ဦးဇေသီဟက ပြိုင်ပွဲကျင်းပမည့်ပုံစံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော မီဒီယာများက သိလိုသည်များကို မေးမြန်းကြသည်။

MMA (ဘက်စုံကိုယ်ခံပညာသုံး) ပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏတွင် ကျင်းပသွားမည်ဖြစ်ပြီး အဓိကပွဲစဉ်အဖြစ် လက်ရှိ ကမ္ဘာ့ချန်ပီယံ ဘရာဇီးနိုင်ငံသား ဖာနန်ဒက်စ်နှင့် စိန်ခေါ်သူ ဖင်လန်နိုင်ငံသား တိုနီတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါ MMA ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားများ၏ ပွဲစဉ်များ ပါဝင်မည်ဖြစ်သော်လည်း မြန်မာကစားသမားများမှာ MMA အတွေ့အကြုံနည်းသေးသောကြောင့် အချင်းချင်းသာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာကစားသမားများအတွက် ဝိတ်တန်းနှစ်တန်းကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပုံစံဖြင့် နှစ်တွဲစီကျင်းပမည်ဖြစ်ကာ အနိုင်ရသောကစားသမားများမှာ ဗိုလ်လုပွဲထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားများမှာ MMA စည်းမျဉ်းအတိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး လိုက်ဝိတ်တန်းတွင် ဒေါနအောင်နှင့် စောဘဦး၊ စောသဲဦးနှင့် သွေးသစ်အောင်၊ ဖယ်သာဝိတ်တန်းတွင် မင်းထက်ဇော်နှင့် မျိုးမာန်သစ်၊ လှစ်လှစ်လေးနှင့် သပြေညိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ နိုင်ငံတကာမှ စောင့်ကြည့်နေမည့် MMA ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲကိုလည်း မိတ်ဆက်ပွဲကျင်းပမည်ဖြစ်ပြီး ဖျံလေးနှင့်စိုးထက်ဦးတို့ယှဉ်ပြိုင်မည်ဖြစ်သည်။

MMA ပြိုင်ပွဲမှာ နိုင်ငံအလိုက် ကိုယ်ခံပညာများကို စိတ်ကြိုက်အသုံးပြုကာ ယှဉ်ပြိုင်နိုင်ပြီး ငါးမိနစ် သုံးချီယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်သည်။ MMA ပြိုင်ပွဲမှာ မြန်မာနိုင်ငံတွင် ရင်းနှီးကျွမ်းဝင်မှု မရှိသေးသော်လည်း နိုင်ငံတကာတွင် ကျယ်ပြန့်စွာကစားလျက်ရှိသည်။ MMA ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ဂျူဗင်တပ်တိုက်စစ်မှူး တီဗက်ဇ် ဘိုကာဂျူနီယာအသင်းသို့ ပြန်လည်ပြောင်းရွှေ့

အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး တီဗက်ဇ် ၂၀၀၄ ခုနှစ်မတိုင်မီက ၎င်း၏ ကစားသမားဘဝကို အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်း၌ စတင်ခဲ့သူဖြစ်ပြီး ဥရောပမြေတွင် ကိုးနှစ်ကြာခြေချခဲ့ပြီးနောက် မွေးရပ်ဌာန အာဂျင်တီးနားမြေသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး တီဗက်ဇ်သည် မန်ယူအသင်း၊ မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့တွင်လည်း ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့်အတူ သွင်းဂိုး ၂၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် တိုက်စစ်မှူးတီဗက်ဇ်အား လီဗာပူးအသင်း၊ အက်သလက်တီကိုမက်ဒရစ် အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ၎င်း၏ ကစားသမားဘဝ စတင်ခဲ့သည့် ဘိုကာဂျူနီယာအသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့သည်။

ဂျူဗင်တပ်အသင်းအနေဖြင့် တိုက်စစ်မှူးတီဗက်ဇ် ဘိုကာဂျူနီယာအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် တီဗက်ဇ်နေရာတွင် အစားထိုးရန်အတွက် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး မန်ဇူကစ်အား ခေါ်ယူထားခဲ့ပြီးဖြစ်သည်။

တိုက်စစ်မှူး တီဗက်ဇ်သည် အာဂျင်တီးနားအသင်းနှင့်အတူ ကိုပါအမေရိကဖလားဝင်ရောက်ကစားနေစဉ်အချိန်မှာပင် ဘိုကာဂျူနီယာအသင်းက အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြုကြေညာလိုက်ခြင်းဖြစ်သည်။ တီဗက်ဇ်သည် ယခင်က ဘိုကာဂျူနီယာအသင်းတွင်ကစားစဉ် ပွဲပေါင်း ၁၁၀ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၈ဂိုးအထိ သွင်းယူပေးခဲ့သူဖြစ်သည်။

တိုက်စစ်မှူးတီဗက်ဇ်သည် အင်္ဂလန်ကလပ်အသင်းများနှင့်အတူ ဖလားသုံးလုံး၊ အီတလီကလပ်အသင်း ဂျူဗင်တပ်အသင်းနှင့်အတူ ဖလားနှစ်လုံးရယူဆွတ်ခူးပေးနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ်က ဘိုကာဂျူနီယာအသင်းနှင့်အတူ အာဂျင်တီးနားပြည်တွင်းလိဂ်ဖလားတစ်လုံး ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။ တိုက်စစ်မှူး တီဗက်ဇ်သည် အာဂျင်တီးနားလက်ရွေးစင်အသင်းတွင်လည်း အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ခြင်းကြောင့် တောင်အမေရိက တစ်နှစ်တာအကောင်းဆုံးဆုကိုလည်း သုံးနှစ်ဆက်တိုက်မဲပေးခြင်းခံခဲ့ရသူဖြစ်သည်။ [နိုင်လင်းကြည်]






ဗြိတိန်နံပါတ်(၁) တင်းနစ်ကစားသမား အင်ဒီမာရေးသည် ဝင်လ်ဘယ်လ်ဒန်ဖလားဗိုလ်လုပွဲသို့ တက်ရောက်ရန် ခယောင်းလမ်းကို ဖြတ်သန်းရတော့မည်ဖြစ်သည်။ ဇွန် ၂၆ရက်က ဝင်လ်ဘယ်လ်ဒန်ပြိုင်ပွဲအတွက် မဲနှိုက်ခဲ့ရာ မာရေးမှာ ပြင်သစ်ကစားသမား ဆွန်ဂါနှင့် စတုတ္ထအဆင့်၌လည်းကောင်း၊ နာဒဲလ်နှင့်ကွာတား ဖိုင်နယ်အဆင့်၌လည်းကောင်း၊ ဖက်ဒဲရာနှင့် ဆီမီးဖိုင်နယ်တွင်လည်းကောင်း တွေ့ဆုံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ဝင်ဘယ်လ်ဒန်အိုးပင်း၌ မာရေးမှာဂျိုကိုဗစ်ချ်နှင့်ဖက်ဒဲရာတို့နောက် ဦးစားပေးအဆင့်(၃) သတ်မှတ်ခံရပြီး ဗိုလ်လုပွဲရောက်မှသာ ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မာရေးသည် လက်ရှိတွင် မြက်ခင်းကွင်း ပြိုင်ပွဲများတွင် အကောင်းဆုံးပုံစံရရှိနေပြီး ကွင်းကလပ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲထားနိုင်ခဲ့သည်။ မာရေးသည် ၂၀၁၃၌ ဝင်ဘယ်လ်ဒန်ဖလားကို ဆွတ်ခူးရရှိခဲ့သည်။

မာရေးက "ကျွန်တော် ဝင်ဘယ်လ်ဒန်မှာ ပြန်ပြီးဗိုလ်စွဲနိုင်ဖို့ ကြိုးစားတော့မှာပါ။ ဘယ်သူ့ကိုမှ ကြောက်ရွံ့နေမှာမဟုတ်ဘဲ ယုံကြည်မှုရှိရှိနဲ့ ပွဲတိုင်းကို အကောင်းဆုံး ချဉ်းကပ်သွားမှာဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းကစားသမားတိုင်းကို ရင်ဆိုင်ပြီး ဗိုလ်လုပွဲဆီကို အရောက်ချီတော့မှာပါ။ ဗြိတိန်ပရိသတ်တွေကို ပျော်ရွှင်အောင်ဆောင်ကြဉ်းပေးဖို့ ကျွန်တော် ဆန္ဒပြင်းပြနေပါတယ်။" ဟု ဆိုခဲ့သည်။ [မေလှဲ့သင်း]

## ဒီမာရီယာအား ဘာစီလိုနာမှ ခေါ်ယူမည်မဟုတ်ဟု ဂျိုဟန်လာပေါ်တာ ပြောကြား

ဘာစီလိုနာဥက္ကဋ္ဌလောင်း ဂျိုဟန်လာပေါ်တာက ၎င်းသာဥက္ကဋ္ဌသစ် ဖြစ်လာခဲ့ပါက မန်ယူတောင်ပံတိုက်စစ်မှူး ဒီမာရီယာအား ခေါ်ယူမည်မဟုတ်ဟု ပြောကြားခဲ့သည်။ အသက် ၅၂နှစ်အရွယ်ရှိလာပေါ်တာသည် ဘာစီလိုနာဥက္ကဋ္ဌအဖြစ် ၂၀၀၃မှ ၂၀၁၀အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ လာပေါ်တာက ဘာစီလိုနာ တိုက်စစ်နေရာမှာ တောင့်တင်းသည့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားသောကြောင့် ဒီမာရီယာမလိုအပ်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။



လာပေါ်တာက "ကျွန်တော်သာ ဘာစီလိုနာဥက္ကဋ္ဌအဖြစ် ပြန်အရွေးခံရရင် ဒီမာရီယာကို ခေါ်ယူမှာမဟုတ်ပါဘူး။ အသင်းအောင်မြင်မှုရဖို့ တောင့်တင်းတဲ့လူစာရင်းရှိနေပြီး ရေရှည်အောင်မြင်မှုအတွက် အာမခံချက်ပေးထားနိုင်တဲ့ အနေအထားပါ။ ဘာစီလိုနာမှာ တိုက်စစ်ကိုပံ့ပိုး နိုင်တဲ့ ကစားသမားတွေအများကြီးရှိနေတယ်။ ပြီးတော့ ရီးယဲလ်ကစားသမားဟောင်းတစ်ယောက်ကို ဘာစီလိုနာက ခေါ်ယူဖို့ စိတ်မဝင်စားပါဘူး" ဟု ပြောကြားခဲ့သည်။

ဘာစီလိုနာတိုက်စစ်မှူးမက်ဆီက အာဂျင်တီးနားအသင်းကစားဖော် ဒီမာရီယာအား ဘာစီလိုနာသို့ခေါ်ယူရန်ဆန္ဒရှိနေပြီး ဘာစီလိုနာ တာဝန်ရှိသူများအား ခေါ်ယူပေးရန် တောင်းဆိုခဲ့သည်။ သို့သော် ဘာကာတိုက်စစ်မှာလက်ရှိ၌ အင်အားအတောင့်တင်းဆုံးအနေအထားတွင်ရှိနေပြီး အသင်းမှတောင်ပံတိုက်စစ်ကစားသမားများကိုပင် ပြန်လည်ရောင်းထုတ်ရန် စီစဉ်နေရသည်။ [မေလှဲ့သင်း]

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကိုအမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ (ဆ)၊ပုဒ်မခွဲ(ဓ)၊ပုဒ်မခွဲ(ဘ)၊ ပုဒ်မခွဲ(ယ) နှင့်ပုဒ်မခွဲ(ဠ) တို့ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး** ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်သမိုင်းအမွေအနှစ်များ၏အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ လွတ်လပ်စွာ တွေးခေါ်နိုင်သည့်အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ခေတ်စနစ်၏လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးမူဝါဒ ကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုကလေ့ကျင့်သင်ကြားပေးသောပညာရေးကိုဆိုသည်။

(ဘ) **အထူးပညာရေးအစီအစဉ်** ဆိုသည်မှာမသန်စွမ်းသူများအတွက်အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကိုဆိုသည်။

(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ** ဆိုသည်မှာနိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့်ပညာရေးအဆင့် အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင် ဖွဲ့စည်းထားသောအဖွဲ့အစည်းကို ဆိုသည်။

(ဠ) **တက္ကသိုလ်ကောင်စီ** ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့်အဆင့်တူညီသောပုဂ္ဂိုလ်များ၊မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာများကရွေးချယ်သောကိုယ်စားလှယ်များ၊ ကျောင်းသားများကရွေးချယ်သောကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များ အပါအဝင် သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ရ) တွင် ပါရှိသော "အမျိုးသားပညာရေးကော်မရှင်က" ဆိုသည့် စကားရပ်ကို "အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဠ)၏နောက်တွင် ပုဒ်မခွဲ (အ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"(အ) လူတိုင်းအကျုံးဝင်ပညာရေး** ဆိုသည်မှာ မသန်စွမ်း သူများအပါအဝင်အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကိုကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဇ) နှင့် ပုဒ်မခွဲ(ဈ)တို့ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိစေရန်၊

(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုကသိရှိရယူနိုင်ရန်။"

၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ(က)၏ အထက်တွင် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က) နိုင်ငံတော်တွင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပညာရေးလွတ်လပ်ခွင့်ရှိရေး၊

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ဆရာများက ရွေးချယ်သောကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သောကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူရေး၊

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကိုသက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်း မရှိသူများကို ပညာရေးအဆင့်တိုင်းတွင်ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့်ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်ထားရှိရေး၊"

(ဂ) ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဈ)တို့ကို ပုဒ်မခွဲ(ဋ)နှင့် ပုဒ်မခွဲ(ဌ)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကိုသင်ယူသူ ကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိပြီးတက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့်သာစိစစ်ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်သည့် စနစ်ထားရှိရေး၊

(ဌ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေး၊"

(ဃ) ပုဒ်မခွဲ(ဉ)ကို ပုဒ်မခွဲ (တ)အဖြစ်အောက်ပါအတိုင်း အစားထိုးရမည်-
"(တ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကိုကျင့်သုံးရေး။"

( င ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဃ) ၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)နှင့် ပုဒ်မခွဲ (ဌ)တို့ကိုပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)၊ပုဒ်မခွဲ(ဉ)၊ ပုဒ်မခွဲ(ဎ)နှင့် ပုဒ်မခွဲ(ဏ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေ၏ အခန်း(၄)ကို အောက်ပါအတိုင်းအစားထိုးရမည်-

### အခန်း(၄)
### အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

"၅။(က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတက ရွေးချယ်အဆိုပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပညာရှင်(၂)ဦး၊

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁)ဦး၊

(၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁) ဦး၊

(၄) ဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၂)ဦး၊

(၅) အခြေခံပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၆) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၅)ဦး၊

(၇) နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍမှ ပညာရှင် (၂) ဦး၊

(၈) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၉) လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍမှ ပညာရှင် (၁)ဦး၊

(၁၀) သင်ရိုးညွှန်းတမ်းပညာရှင်(၂)ဦး၊

(၁၁) ဥပဒေပညာရှင် (၁)ဦး။

(ခ) ကော်မရှင်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအားပေးအပ်၍ ကော်မရှင်၏ရုံးလုပ်ငန်းကိုပါတာဝန်ခံဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(င) ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ်ဖြစ်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ မူဝါဒများချမှတ်ပေးခြင်း၊

(ခ) အမျိုးသားပညာရေး ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသောကော်မတီ၊ အခြားလိုအပ်သောကော်မတီ၊ ကောင်စီနှင့်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့်ပညာရေးဆိုင်ရာမူဝါဒများ၊ပညာရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ် သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန်မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့်အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့်အထောက်အပံ့များရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာစီမံကိန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့်အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒဆိုင်ရာကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။"

၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပုဒ်မခွဲ(က)ပါပညာရေးအဆင့်တစ်ခုပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဥပဒေ၏နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။"

၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ယဉ်ကျေးမှု၊အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ဆရာများ မွေးထုတ်ပေးရမည်။"

(ခ) ပုဒ်မခွဲ(ဂ)၏နောက်တွင်ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မသန်စွမ်းသူများအား သင့်လျော်သည့်သင်ကြားရေးနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည့်ဆရာများ ပေါ်ထွန်းလာစေရန် စီမံကိန်းများချမှတ်ဆောင်ရွက်ရမည်။"

၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ(က)တွင် ပါရှိသော "မူလတန်းအဆင့် "ဆိုသည့်စကားရပ်ကို "အခြေခံပညာမူလတန်းအဆင့်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)တွင်ပါရှိသော "အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော" ဆိုသည့်စကားရပ်ကို "အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့်ညီမျှသည့် အရည်အချင်းရှိသူများတက်ရောက်နိုင်သော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများတက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ကို "အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများတက်ရောက်နိုင်သော"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၉။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ **ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် အပ်နှင်းမည့်** ဒီပလိုမာနှင့် အောင်လက်မှတ်တို့၏ အမျိုးအစား၊ အဆင့်အတန်းတို့ကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက စိစစ်ရမည်။"

၁၀။အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်း များအဖြစ် ထူထောင်ရမည်။"

၁၁။အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်။"

စာမျက်နှာ ၁၆ သို့

**ဥပဒေ**

**စာမျက်နှာ ၁၅ မှ**

၁၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ အဆင့်မြင့်ပညာ သင်ကြားရေးကို အကောင်အထည်ဖော်သည့်ကျောင်းများသည် -

(က) သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်အတွက်သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိပြီးတက္ကသိုလ်ဝင်ခွင့်ကိုအခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာဆုံးဖြတ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်။

(ဂ) တက္ကသိုလ်၏စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာ လုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်။"

၁၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ ပြည်တွင်းပြည်ပမှဖွင့်လှစ်သော အခြေခံပညာရေး ကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများသည် ဤဥပဒေသို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။"

၁၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၆ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ တည်ထောင်ခွင့်ရရှိသော ကျောင်းများသည် မိမိကျောင်း၏အဆင့်အတန်းအလိုက် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့တို့ကိုအပ်နှင်းပိုင်ခွင့်ရှိသည်။"

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့် အဆင့်တိုင်းတွင် တန်းတူပညာသင်ကြားရေး၊ အထောက်အကူပြုကိရိယာများရရှိရေး၊ သင့်လျော်သောသင်ကြားနည်းစနစ်များ ညှိနှိုင်းစီစဉ်နိုင်ရေးနှင့် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင်ဖန်တီးနိုင်ရေးတို့ကို စီမံကိန်းရေးဆွဲဆောင်ရွက်ရမည်။

(ခ) အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန်စီစဉ်ပေးရမည်။ ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းနှင့် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများ ဖွင့်လှစ်လိုကြောင်း တင်ပြလာလျှင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။"

၁၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ဝန်ကြီးဌာနနှင့်ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်-

(က) ရွှေ့ပြောင်းလုပ်သားများ၏သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ အခြေခံပညာမူလတန်းအဆင့်ပညာရေးပြီးမြောက်စေရေးနှင့် အဆင့်ဆင့်တိုးချဲ့အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ရွှေ့လျားကျောင်းများတည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသောဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။"

၁၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော**"ကော်မရှင်"** ဆိုသည့်စကားရပ်ကို "ကော်မရှင်က ဖွဲ့စည်းပေးသောအမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉တွင် -

(က) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ) နှင့်ပုဒ်မခွဲ(ည)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) သင်ယူသူများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းထားသော သင်ရိုးညွှန်းတမ်းနှင့်သင်ကြားနည်းစနစ်များဖြစ်စေရေးနှင့် သင်ယူသူ၏ အသက်အရွယ်သဘာဝနှင့်ကိုက်ညီမှုရှိစေရေး၊

(ည) ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းသင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိစေရေး၊"

၁၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၀။ ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။"

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့်အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့်ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။"

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကူညီဆောင်ရွက်ရမည်။"

၂၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။"

၂၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ တွင် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ဃ) နှင့် ပုဒ်မခွဲ(စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပံ့ပိုးကူညီရမည်။

(ဃ) ပညာထူးချွန်သူများ၊ ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေး အစီအစဉ်ကိုဖော်ဆောင်ပေးရမည်။ ပြင်ပမှကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(စ) ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့်ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။"

၂၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ဆရာများသည် -

(က) အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်စွာသုတေသနပြုခွင့်ရှိရမည်။

(ခ) သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိရမည်။

(ဂ) သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်းပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်းရှိရမည်။

(ဃ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်ရှိရမည်။"

၂၅။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။ (က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ခ) ပညာရေးအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီးသင်ကြားနေသော ဆရာများအကြား ခွဲခြားခြင်းမရှိစေရ။

(ဂ) ဆရာဖြစ်နိုင်ရေးအတွက် ဆီလျော်အပ်စပ်သောလုပ်ငန်းများတွင်မသန်စွမ်းမှုကို အကြောင်းပြု၍ခွဲခြားခြင်း မရှိစေရ။"

၂၆။ အမျိုးသားပညာရေးဥပဒေ အခန်း ၁၁ခေါင်းစဉ်ဖြစ်သော**"ပညာရေးစီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှု"** ဆိုသည့် စကားရပ်ကို**"ပညာရေးစီမံခန့်ခွဲမှု"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၆။(က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။"

၂၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ တွင်-

(က) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ (ဃ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) ထူးခြားသောလုပ်ငန်းသဘာဝအရအစိုးရအဖွဲ့၏သီးခြားခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

(ဃ) ပုဒ်မခွဲ(ခ)ပါအဆင့်မြင့် ပညာကျောင်းများမှအပကျန်အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၏ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။"

(ခ) ပုဒ်မခွဲ(ဂ)တွင်ပါရှိသော"အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ"ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၇ အရ ဖွဲ့စည်းသောကော်မတီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တက္ကသိုလ်နှင့် ကောလိပ်နှင့် သိပ္ပံများ" ဆိုသည့် စကားရပ်ကို "တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်းအသီးသီး အစားထိုးရမည်။

၂၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ တွင်-

(က) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ဆရာများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များနှင့် ကျောင်းသားများကရွေးချယ်ပေးသော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုက ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊

(င) ပညာရေးအတွက်လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုစေခြင်း၊"

(ခ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) ပညာသင်ယူမှုမပြီးဆုံးမီအကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားများအတွက်သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခုပြန်လည်ရရှိစေရန် လိုအပ်သော အစီအမံများ သတ်မှတ်ထားရှိခြင်း၊"

(ဂ) ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်သည်။

၃၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၀။ ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၃၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၂။(က) နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည်ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။"

၃၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည်-

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၆၂၊ပုဒ်မခွဲ(ခ)အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။"

၃၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၄ တွင်-

(က) ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင်ဆောင်ရွက်ခွင့်ရှိသည်။"

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ပုဒ်မ၅၇၊ပုဒ်မခွဲ (ခ)တွင် ပါရှိသောအဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် မိမိတို့ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။"

၃၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅ ၊ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကော်မရှင်သည် မိမိဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကိုဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့်အစိုးရအဖွဲ့သို့တင်ပြရမည်။"

၃၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီစတင်ဆောင်ရွက်ပြီးဖြစ်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်နစ်နာဆုံးရှုံးမှုရှိသူတိုင်း ဆက်လက်ပညာ သင်ယူခွင့်ရှိစေရမည်။"

၃၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပြည်တွင်းရှိ လူမှုရေး၊ဘာသာရေးအသင်းအဖွဲ့များက"ဆိုသည့် စကားရပ်ကို "ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိပ်များ



မင်္ဂလာဆောင်အခမ်းအနားတွင် သတို့သားနှင့် သတို့သမီးပင်မကျန် နှာခေါင်းစည်းများ တပ်လျက်သားတွေ့မြင်ရသည်။

# အာရှကျားကို ဒုက္ခပေး ကုလားအုတ်တုပ်ကွေး

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

**à ကိုရင်ဩ**

တောင်ကိုရီးယားနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါ(မားစ်)ကြောင့် လူသေဆုံးရသည်ထက် ပိုမိုဆိုးရွားသော အကျိုးသက်ရောက်မှုမှာ နိုင်ငံတော်၏ စီးပွားရေး အကြီးအကျယ် ထိုးနှက်တိုက်ခိုက်ခံလိုက်ရခြင်းပင်ဖြစ်လေသည်။

မားစ်ရောဂါဖြစ်ပွားမှုနှင့်အတူ တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားစီးပွားရေးမှာ လက်သီးပုန်းအထိုးခံလိုက်ရဘိသကဲ့သို့ အတွင်းကြေ ကြေခဲ့ရပြီ မဟုတ်ပါလော။ မားစ်ရောဂါဟူသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကပ်ဆိုးကြီးက နိုင်ငံတော်၏ စီးပွားရေးကိုရော ပြည်သူလူထု၏ လူမှုရေးဘဝကိုပါ တစ်ဆို့မှုများ ဖြစ်ပေါ်စေသည်မှာကား ထင်ရှားလှ၏။

အရှေ့အလယ်ပိုင်းဒေသမှ မားစ်ဗိုင်းရပ်စ်ရောဂါပိုး ဝင်ရောက်လာခြင်းသည် တောင်ကိုရီးယားနိုင်ငံအတွက် ဂြိုဟ်ဆိုးဝင်ခြင်းအဖြစ် အာမေဋိတ်ချကြရပြန်သည်။ ပေကတ်ကတ်နိုင်လှသည့် မားစ်ရောဂါကြောင့် ဇွန် ၂၆ ရက်အထိ လူ ၃၁ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၁၈၀ ရောဂါပိုးကူးစက်ခံခဲ့ရသည်။

မားစ်ရောဂါကြောင့် အသက်ဆုံးရှုံးရသူ အရေအတွက်ထက် ပိုမိုသောဆုံးရှုံးမှုမှာ စီးပွားရေးအရ ဆင့်ကဲ ဆုံးရှုံးရမှုများပင် ဖြစ်လေသည်။

အာရှတိုက်တွင် စတုတ္ထမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး 'အာရှကျား' အဖြစ် ပေမီဒေါက်မိ စီးပွားရေး စွမ်းအားရှင်နိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံအတွက်မူ လာမည့်ဘေး ပြေးတွေ့ယုံသာရှိတော့သည်။ အနာသိသော်လည်း ဆေးမရှိသေးသည့် အနိရောဂါဆိုးကြောင့် စီးပွားရေးထိခိုက်ရမှုကို ကုစားနိုင်ရန် စီးပွားရေးပြန်လည်ဦးမော့ရေး အစီအစဉ်တစ်ရပ်ကို ပြုန်းပြုန်းဒိုင်းဒိုင်း အကောင်အထည်ဖော်ရတော့မည်ဖြစ်သည်။

တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်အရ နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ပြန်လည်သွက်လက်လာစေရန် အရေးပေါ်ရန်ပုံငွေ ဝမ် ၁၅ ထရီလီယံ (ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံ) ထုတ်ယူသုံးစွဲရန်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်၏ ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၃ ဒသမ ၁ ရာခိုင်နှုန်းသို့ လျှော့ချလိုက်လေသည်။

"မားစ်ရောဂါကြောင့် မူလခန့်မှန်းခဲ့တဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ပြည့်မီမှာ မဟုတ်တော့ဘူး။ ပို့ကုန်တွေ တင်ပို့နိုင်မှု နှေးကွေးသွားတယ်။ ဆင့်ကဲဆင့်ကဲ အကျိုးသက်ရောက်မှုတွေ ရိုက်ခတ်တယ်။ စီးပွားရေးနာလန်ထူအောင် မနည်းကြိုးစားရဦးမှာ" ဟူ၍ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး ချွိုင်ကွမ်းဝှမ်က ပြောကြားသည်။

"မားစ်ရောဂါ ကူးစက်ပျံ့နှံ့ခဲ့အပြီး တစ်လခွဲလောက်အကြာကစလို့ စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုကို စတင်တွေ့မြင်ရပြီ။ ပြည်သူလူထုရဲ့ ဝယ်ယူစားသုံးမှု ကျဆင်းသွားခဲ့ပြီ။ ဝန်ဆောင်လုပ်ငန်းတွေ ထိခိုက်ရပါတယ်" ဟု သူက အကဲဖြတ်စကားဆိုသည်။

"မားစ်ရောဂါ ကူးစက်ပြန့်ပွားမှုနဲ့ ပို့ကုန်တင်ပို့နိုင်မှု နှေးကွေးသွားတာကြောင့် စီးပွားရေးအရ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကြရလိမ့်မယ်" ဟု ချွိုင်က အာဏာရ ဆန်နူရီပါတီ၏ မူဝါဒရေးရာ ညှိနှိုင်းရေးအစည်းအဝေးတွင် ရှင်းလင်းတင်ပြခဲ့လေသည်။

တောင်ကိုရီးယားနိုင်ငံ၌ မေ ၂၀ ရက်တွင် မားစ်ရောဂါဖြစ်ပွားသူကို ပထမဆုံး တွေ့ရှိခဲ့ရပြီးနောက် လူပေါင်း ၁၄၅၀၀ ကျော်ကို ရောဂါသံသယဖြင့် သီးခြားခွဲထုတ်ထားခဲ့သည်။ သီးခြားခွဲထုတ်မှုကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး အကယ်၍ ရောဂါလက္ခဏာများကို ပြသခြင်းမရှိတော့ပါက ၎င်းတို့ကို ဆေးရုံမှ ဆင်းခွင့်ပြုသည်။

မားစ်ရောဂါ၏ သံသယလက္ခဏာများမှာ အပြင်းဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းစသည်တို့ ဖြစ်လေသည်။

မားစ်ရောဂါ ဖြစ်လျက်ရှိသော နိုင်ငံမှ လာရောက်သူ နိုင်ငံတကာ ခရီးသွားများသည် ၁၄ ရက်အတွင်း အထက်ဖော်ပြပါ သံသယလက္ခဏာများကို တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ဆေးကုသရန် လိုအပ်ပေသည်။

ယနေ့ကာလအထိ မားစ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပေ။ သို့ဖြစ်၍ တစ်ကိုယ်ရေ သန့်ရှင်းရေးသည် အရေးအကြီးဆုံးဖြစ်သည်။ နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်သင့်သည်။ မကြာမကြာ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောသင့်သည်။

မားစ်ကူးစက်ရောဂါသည် ကိုရိုနာ (Coronavirus) ဗိုင်းရပ်စ်ရောဂါဖြစ်ပြီး ယင်းရောဂါပိုးမှာ တိရစ္ဆာန် (အရှေ့အလယ်ပိုင်းဒေသတွင် လင်းနို့နှင့် ကုလားအုတ်) ကောင်များကို အဓိကရောဂါဖြစ်စေပြီး လူတို့ထံ ကူးစက်စေနိုင်သည်ဟု ကျွန်ုပ်မှတ်သားရလေသည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ် မားစ်ရောဂါဖြစ်ပွားသူကို တွေ့ရှိခဲ့ရပြီး အာရေဗျ ကျွန်းဆွယ်ဒေသ၌ အများစု ဖြစ်ပွားခဲ့လေသည်။

၂၀၁၂ ခုနှစ်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ပထမဆုံး ရောဂါကူးစက်ခံရသူတွင် MERS-CoV ဗိုင်းရပ်စ်ကို တွေ့ရှိရပြီး ယင်းဗိုင်းရပ်စ်မှာ အီဂျစ်နိုင်ငံ၏ ရှေးဟောင်းအုတ်ဂူများတည်ရှိရာဒေသ၌ ကျက်စားနေထိုင်သော လင်းနို့များတွင် ဖြစ်ပွားတတ်သည့် ဗိုင်းရပ်စ်ပိုးနှင့် ကွက်တိတူညီနေသည်ဆို၏။

၂၀၁၅ ခုနှစ် မေလအခြေပြစာရင်းအရ မားစ်ရောဂါဖြစ်ပွားသူ လူ ၁၀၀၀ ကျော်ရှိသည့်အနက် ၄၀ ရာခိုင်နှုန်းခန့်မှာ သေဆုံးခဲ့ရသည်ဟု မှတ်သားရလေသည်။

မားစ်ရောဂါကို 'ကုလားအုတ်တုပ်ကွေး' ရောဂါဟုလည်းခေါ်တွင်ပြီး ကာကွယ်ဆေးသီးသန့် ပေါ်ထွန်းလာခြင်း မရှိသေးသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) က ဦးဆောင်လျက် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ကုထုံးများကို ဖော်ထုတ်နိုင်ရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မားစ်ကိုရိုနာ ဗိုင်းရပ်စ်ပိုးကို ဟန့်တားနိုင်သော ပဋိပစ္စည်းများ (antibodies) ကို ကုလားအုတ်သတ္တဝါတွင် တွေ့ရှိရသော်လည်း အနီ ကုလားအုတ်သတ္တဝါများအတွင်း မားစ်ရောဂါဖြစ်ပွားရသည့် အကြောင်းတရားများကို ယနေ့တိုင် တိတိပပ ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

ကုလားအုတ်ထံမှ လူသားထံသို့ မားစ်ရောဂါပိုး ကူးစက်နိုင်သည်ဟု ယူဆကြလင့်ကစား အဘယ်ကြောင့် ယင်းသို့ ဖြစ်ရသည်ကို ရှင်းပြနိုင်စွမ်းမရှိဟု သိရလေသည်။

MERS-CoV ဗိုင်းရပ်စ်သည် လင်းနို့များမှ ဆင်းသက်လာသော Betacoronavirus ဖြစ်သည်ဟု ဆေးသုခမိန်တို့က ဆိုမိန့်ကြ၏။

ရောဂါပိုးရှိသူ လူတစ်ဦးနှင့်တစ်ဦး တွေ့ထိဆက်ဆံရာမှ ရောဂါကူးစက်နိုင်ပြီး အရှေ့အလယ်ပိုင်းဒေသသို့ ခရီးသွားရောက်ကြသူ ကမ္ဘာလှည့်ဧည့်သည်များအနေဖြင့် နာမကျန်းဖြစ်နေသော ကုလားအုတ်များကို ကိုင်တွယ်ပွတ်သပ်ခြင်းမပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။ ၎င်းအပြင် ကုလားအုတ်နှင့် သက်ဆိုင်နေသော စားသုံးဖွယ်ရာများကို ကောင်းစွာချက်ပြုတ်ပြီးမှ သုံးဆောင်ရန် လိုအပ်ပေလိမ့်မည်။

တောင်ကိုရီးယားနိုင်ငံ၌ မားစ်ရောဂါဖြစ်ပွားမှုကြောင့် ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်ခြင်းနှင့်အတူ အုတ်အော်သောင်းသဲဖြစ်ရလေသည်။

အများပြည်သူ စုဝေးရာနေရာများ၊ ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမပြုရန် အာဏာပိုင်များက ပိတ်ပင်ခဲ့သည်။ ၎င်းအပြင် ပြင်ပသို့ သွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်ရန်လည်း ညွှန်ကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ မားစ်ရောဂါဖြစ်ပွားမှုကြောင့် ပွဲလမ်းသဘင်များ၌ ပရိသတ်ကင်းမဲ့ခြောက်သွေ့ခဲ့ရပြီး ကုန်တိုက်ကြီးများသို့ ဈေးဝယ်ထွက်သူ အလွန့်အလွန် နည်းပါးသွားခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံ၌ အကြီးဆုံးကုန်တိုက်ကြီးများဖြစ်ကြသော E-Mart နှင့် Lotte Mart တို့မှာ ခြောက်သွေ့နေ ပြီး အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်သူ ပိုတိုးလာသည်။ စားသုံးသူ ပြည်သူတို့မှာ အရေးတကြီးကိစ္စရပ်မှတစ်ပါး အိမ်ပြင်မထွက်ကြဘဲ နေကြသဖြင့် စားသောက်ဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ကပွဲရုံများ၊ ညကလပ်ရုံများတွင် လူသူကင်းမဲ့သွားပြီး အရောင်းအဝယ်ပါးရှားသွားခဲ့သည်။

မားစ်ရောဂါကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာလည်း ထိခိုက်လာရသည်။ သိန်းပေါင်းများစွာသော ကမ္ဘာလှည့်ခရီးသည်တို့က ၎င်းတို့၏ အလည်အပတ်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ကြသည်။

မားစ်(ခေါ်) ကုလားအုတ်တုပ်ကွေးရောဂါကြောင့် စီးပွားရေးထိခိုက်ရမှုကို သက်သာလျော့ပါးစေရန် အစိုးရက ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးပြန်လည်ဦးမော့လာရေး အစီအစဉ်အတွက် နောက်ဆက်တွဲဘတ်ဂျက် အသုံးစရိတ်ရရှိရန် ပါလီမန်သို့ တင်ပြတောင်းခံတော့မည်ဖြစ်သည်။ ။



ဆိုးလ်မြို့လယ်ရှိ မြောင်ဒုန်အရပ်မှာ စည်ကားမှု ပိုမိုလျော့နည်းလာသည်။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

တိမ်ဖြူဖြူ ဖြတ်သန်း၍ လွမ်းဖွယ်သော မိုးညယံဝယ် ခိုင့်အသံသည် မတိုးမကျယ် လွင့်လာနေပါ၏။

**"တစ်လတွင် မပျော်ချက်၊ အရက်က လေးဆယ်။**
**ခက်သမျှ ဆွေးဖွယ်မှာ၊ အေးတယ်ဖြင့် မတွေ့။**
**ခုဖြစ်တဲ့မှုပုံလို၊ လူ့ဘုံကို ငြီးငွေ့ပေါ့လေ့။**
**ကြာလေလေနေသရွေ့၊ တစ်နေ့မှ မကြည်။**
**လူမြင်ရင် အမူလုပ်ပါလို့၊ မပူရုပ် ပြုံးရတော့သည်။**
**ယိုလုလု မျက်ရည်ငယ်၊ ရက်ရှည်သာ အို . . . သွေးလို့။**
**ကိုယ့်ဘေး ကိုယ်သာမြင်၊ လေးတဲ့ရွေ့ရင်။**
**မတိတ်တမ်း နှစ်ကိုယ်ယှဉ်တယ်၊ ပြိုင်ငိုချင်စမ်းပါဘိလေး "**

### (၃၂) မောမြေမြင့် ကွန်းထောက်ဆောင်

မောမြေခံမြင့်မှ ရှုတိုင်းတင့်သော ထင်ရှူးပင် ချယ်ရီမြို့တော်သည် ကျွန်တော့်အပေါ် ရောက်ဦးကပင်ဖော်ရွေနှစ်လိုစွာခင်မင်မှုဖြင့် ကြိုဆိုပါ၏။

ရန်ကုန်ဘူတာကြီးမှ ရထားထွက်လာစဉ်မှ ကျွန်တော့်စိတ်များသည် မကြည်လှ . . .။

လူဆိုသည်မှာ မိမိအသိုက်အဝန်းကို မိမိခင်တတ်သော သတ္တဝါမျိုးဖြစ်သည်။ အသိုက်အဝန်းတကာအနက် မိမိ၏ အိမ်ထောင်စုကို ပိုမိုအခင်မင်ဆုံးဖြစ်လေသည်။ ဤသို့ ခင်မင်သော အသိုက်အဝန်းနှင့် ခွဲခွာရသောအခါ အသက်အရွယ် ပညာအဆင့်အတန်းသည် ပမာနမဟုတ်၊ သာမည ဖြစ်သွားလေသည်။ နှလုံးသားသည်သာ ပိယေဟိဝိပ္ပယောဂေါဒုက္ခော သဘောကို တင်ပြ၍ သဘာဝစိတ်ဇောကို နူးညံ့စွာပြောတတ်ပါလေ၏။

ခင်မင်သော အသိုက်အဝန်းနှင့် ခွဲခွာရသည်မှာ ကျွန်တော့်အတွက် အဆန်းမဟုတ်သည်မှာ မှန်၏။

တော်လှန်ရေးခေတ်အခါက ရှင်လမ်းထက် သေလမ်းများသော စစ်မြေပြင်စခန်းသို့ သွားခဲ့ဖူးပြီ။ ရေမြေခြားရာတိုင်းတစ်ပါးသို့လည်း ခွဲခွာသွားခဲ့ဖူးပြီ။ သို့ရာတွင် ထိုစဉ်အခါများက ယာယီသွားခြင်းသဘောသာရှိသည်။

ယခုမူ အတောင်စုံ၍ ရိပ်မြုံဟောင်းကို ထာဝရစွန့်ကာ တစ်ရေတစ်မြေမှာ တစ်နေရာရှာလျက် တစ်ဘာသာ တစ်သီးတခြား စွန့်စားရတော့မည့် ငှက်လုလင်ပမာတည်း။

တစ်ရေတစ်မြေမှာ တစ်နေရာ ရှာတွေ့လျက် တစ်ဘာသာ စွန့်စားပြီး တစ်သိုက်တစ်မြုံကို အတောင်စုံ၍ ခိုလှုံနားနေ ပျော်ပါးနိုင်ပြန်သော် လူ့ဘဝသံသရာသည် စက်ဝိုင်းပမာ လည်ပြန်ပါပေဦးမည်။ သမုဒယကွင်းဆက်ကြောင့် မပျက်လေသော ဤစက်ဝိုင်းတွင် ကျင်လည်လေသရွေ့ လွမ်းခလေ့နှင့် မိုးမြူသို့ ဝေ့ဝေ့မှုန်ကာ အစုန်အဆန် လိုက်ပါလာလေဦးမည်တကား။

ကျွန်တော်သည် ထူးဆန်းစွာ ရင်၌ပေါ်လာသော အဘိဓမ္မာအတွေးဖြင့် ဖေဖေ့ကို ကြည့်မိသည်။

မေမေ့ကို ကြည့်မိသည်။ ဒေါ်လှယဉ်၊ ကြိုင်၊ ခိုင်နှင့် ငြိမ်းမောင်တို့ကိုလည်း ကြည့်မိသည်။

ဆံပင်ဆွတ်ဆွတ်ဖြူလျက် ခါးကိုင်းနေသော ဖေဖေတစ်ယောက်သည်သာ ခါတိုင်းကဲ့သို့ပင် ဆေးပြင်းလိပ်ခဲလျက်အေးချမ်းတည်ကြည်စွာ ဆုံးမမှာကြားသည်။

" မောင့်ကို ဖေဖေ ကလေးတစ်ယောက်အဖြစ်နဲ့ပဲ ကြည့်နေခဲ့တယ်။ ဒီနေ့ကစ,ပြီး လူကြီးတစ်ယောက်အဖြစ်နဲ့ မှတ်လိုက်တော့မယ်။ မောင့်ကို ဖေဖေ မှာချင်တာက အမျိုးကို စောင့်ထိန်းပါ၊ အမျိုးဂုဏ်ကိုမဖျက်ပါနဲ့၊ အမျိုးကိုလည်းဆက်ပါ။ အဲ . . . သားကို ဖေဖေ ပြောခဲ့တဲ့ စကားတစ်ခုကို ပြန်ပြင်ရဦးမယ် . . . "

ကျွန်တော်သည် ဖေဖေ့ကို စူးစမ်းစွာ ကြည့်မိ၏။ ဖေဖေကသာ သူ့ဘာသာသူ ဘာသဘောကျသည်မသိ၊ အားရပါးရပြုံးလိုက်ပြီးမှ စကားဆက်သည်။

" သား . . . အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ရမှ ဖေဖေသေမယ်လို့ ပြောခဲ့တာလေ။ ဖေဖေ မသေသေးဘူး။ သေလည်း မသေချင်သေးဘူး . . . "

ကျွန်တော်က ဖေဖေ့လက်ကို ဆုပ်ညှစ်၍ ပြောမိသည်။

" ဖေဖေ မသေပါဘူး။ မသေနိုင်သေးပါဘူး "

ဖေဖေက ကျေနပ်စွာပြုံးသည်။

" ဟုတ်တယ်၊ ဖေဖေ မသေနိုင်သေးဘူး။ သေမှာလည်း မဟုတ်သေးဘူး။ သေလည်း မသေချင်သေးဘူး။ ပြီးတော့ ဖေဖေ့မှာ မောင့်အတွက် နောက်ဆုံးတာဝန်တစ်ခု ကျန်နေသေးတယ် "

ကျွန်တော်က ဖေဖေ့ကို တစ်ချက်ပြန်ကြည့်မိသည်။ ဖေဖေက လေးနက်တည်ကြည်စွာ ဆက်ပြော၏။

" ဖေဖေ ဘာတာဝန်ကျန်နေတယ်ဆိုတာ မောင် စဉ်းစားမိပါလိမ့်မယ်။ အဲဒီတာဝန်နေရာမှာတော့ ဖေဖေ အာဏာမသုံးချင်ဘူး။ ကိုကို့တုန်းကလည်း ဖေဖေ မသုံးခဲ့ဘူး။ ဒါပေမယ့် သားရွေးအိုးထမ်းလာတဲ့ ကိန်းကိုတော့ ဖေဖေ မြင်ချင်တယ်။ တောင်ကြီးကို ရောက်ပြီးရင် သား ပိုသဘောပေါက်ပါလိမ့်မယ် "

ဖေဖေက အဓိပ္ပါယ်လေးနက်သော မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်က မေမေ့ဘက်သို့ လှည့်ကြည့်နေသည်။ ကျွန်တော့်မေမေက ထုံးစံအတိုင်း ဖေဖေ့စကားကို ထောက်ခံကြောင်း ပြုံး၍ ခေါင်းညိတ်ပြသည်။ ကျွန်တော်သည် ဖေဖေနှင့် မေမေ မသိအောင် သက်ပြင်းကို ခိုးရှိုက်ပြီး ပြုံးလျက်က ကတိပေးသည်။

" ဖေဖေနဲ့ မေမေ ဆိုလိုတာကို မောင် သဘောပေါက်ပါတယ်။ ဖေဖေပြောသလို သားရွေးအိုးထမ်းလာတဲ့ ကိန်းဟာလည်း ဆိုက်ပါလိမ့်မယ် ထင်တယ် ဖေဖေနဲ့ မေမေ "

ဖေဖေ၊ မေမေနှင့် ကျွန်တော်တို့ သုံးဦးစကားပြောနေကြသည်ကို လွတ်လပ်စေရန် အခြားသူများက ခပ်လှမ်းလှမ်းတွင် အလိုက်သိစွာ ရပ်နေကြ၏။ ဖေဖေက စ၍ ကျွန်တော့်အနီးမှ ခွာသောအခါ ငြိမ်းမောင်ကကပ်လာသည်။ သူ့မျက်နှာက ပြုံးရွှင်နေ၏။ သူ့မျက်လုံးများကလည်း တောက်ပနေသည်။ ကျွန်တော့်လက်ကို အားရပါးရ လှုပ်ယမ်းရင်း ဆိုသည်။

" မောင်ရာ မင်းသိပ်ဟုတ်တာပဲ။ သိပ်ကိုဟုတ်တာပဲ။ မင်းဖြစ်ချင်တာတွေဟာ အကုန်ဖြစ်လာပြီ။

မင်းလုပ်တာတွေကိုလည်း အကုန်လုပ်ရတာပဲ၊ မင်းဖြစ်ချင်တာဟာ ဆရာဝန်ကြီးဖြစ်ပြီး မင်းလုပ်ချင်တာဟာလည်း ပြည်သူတွေကို အကျိုးပြုတဲ့လုပ်ငန်းမို့ ငါ သိပ်ဂုဏ်ယူတယ် သိလား "

ငြိမ်းမောင်သည် ကျွန်တော့်အတွက် အမှန်တကယ်ပင် ဂုဏ်ယူဝမ်းသာနေကြောင်း ထင်ရှားသည်။

ကျွန်တော်ကသာ ချိုင်းထောက်ကြီးနှင့် သူ့ကို အမှတ်ပြုမိ၏။ သူဝမ်းသာသမျှ ကျွန်တော်က စိတ်ထိခိုက်မိသော်လည်း သူ့နည်းတူ ပျော်ရွှင်လျက် စကားပြန်ရသည်။

" ငါ့အတွက် မင်း ဂုဏ်ယူဝမ်းသာတယ်ဆိုတာ ငါ ယုံပါတယ် ငြိမ်းမောင်။ အမှန်ကို ပြောရရင်မင်းအတွက် ငါက ပိုဂုဏ်ယူဝမ်းသာရလိမ့်မယ် ထင်တယ် "

ငြိမ်းမောင်၏ မျက်နှာသည် အလွန်သတိထားမိမှ မြင်ရုံညိုကနဲတစ်ချက်ဖြစ်သွား၏။ သို့ရာတွင်လျှပ်တစ်ပြက်မျှအတွင်းတွင် သူက အားရပါးရရယ်ပြီး ကျွန်တော့်ပုခုံးအား ပုတ်လျက်ဆို၏။

" ဟား . . . ဟား . . . ဟား . . . မောင် . . . မင်းက လူတစ်ဖက်သားကို စိတ်ချမ်းသာအောင် အားကြီးပြောတတ်တယ်။ ဒါကြောင့်လည်း မင်းကို ငါ ချစ်တာ။ အေး . . . ငါ စိတ်ချမ်းသာပါတယ် သူငယ်ချင်း။ တို့တွေအားလုံးဟာ ကိုယ့်တာဝန် ကိုယ်ကျေကြတာမို့ ရှေ့ဆက်စိတ်ချမ်းသာကြဦးမှာပါကွာ။ ဟုတ်လား "

ကျွန်တော်သည် ခိုင့်ကို လှမ်းကြည့်မိ၏။

ခိုင့်အမူအယာသည် ငူငူငိုင်ငိုင်နိုင်သည်။ နှုတ်မှာနည်း၍ ပြုံးရိပ်မဝဲ၊ တဖျတ်ဖျတ်လှုပ်ရှားနေသည်မှာခိုင့်မျက်တောင်ကော့များသာ ဖြစ်လေသည်။

ကျွန်တော်သည် ရှေးယခင်က ကျွန်တော်တို့ စစ်ကိုင်းသို့ ပြောင်းရွှေ့ကာနီးစဉ်က ခိုင်၏အလားတူအမူအယာလေးကို သွားသတိရမိ၏။

ရင်၌ ခံစားမှုရှိနေသော်လည်း ကျွန်တော်သည် ပြုံး၍ အမှတ်မထင်ဟန်နှင့် ထုံးထမ်းစဉ်လာ မေးရိုးမေးစဉ်မျိုးကို မေးရ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





(၈)ပေါက်စက်အုတ်
ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၄၄၈၀၀၄၇၉၉

**ယာဉ်မောင်းအလိုရှိသည်**
**Tour ကားမောင်းရန်**
**Ph : 09 420026866**
**09 420026858**

**အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၇၇၈)နေ ကျွန်တော်၊ ကျွန်မတို့၏သား ဇာရဲနောင်နောင် [၁၂/ဗဟန(နိုင်)၀၂၄၄၂၆]သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘနှစ်ပါး၏ကိုယ်ခန္ဓာကို ဒဏ်ရာအနာတရဖြစ်စေရန် ပြုလုပ် ခြင်း၊ အသက်သေစေရန် ပြုလုပ်ခြင်းတို့ကြောင့် ၂၀-၆-၂၀၁၅ရက်မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

မိဘများ ဦးသန်းဟန်[၁၂/ဗဟန(နိုင်)၀၅၈၆၆၂]၊ ဒေါ်ကြည်ကြည်ခင်[၁၂/ဗဟန(နိုင်)၀၅၈၀၃၅]

**ခွေးရောင်းမည်**
Alsation-4လ
Golden Retriever-2လ
Shih Tzu-3လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
**Hp:09-420267148**

# သိကြရဲ့လား မြန်မာသံ မြန်မာစကား

ဆူးငှက်

စာပေဟောပြောပွဲများတွင် အခမ်းအနားမှူးက လည်း အရေးပါသည်။ စာပေဟောပြောပွဲဟုဆိုသော်ငြား စာကြည့်တိုက်ကဲ့သို့ စာပေဝါသနာရှင်များ စုစည်းကျင်းပ သောပွဲဆိုလျှင် အခမ်းအနားမှူးကလည်း စာပေနှင့်နီးစပ် သူမို့ ပြဿနာသိပ်မရှိလှ၊ အဆင်ပြေချောမွေ့နိုင်သည်။ ဤသို့မဟုတ်ဘဲ အာဏာပိုင်အဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ၊ ယုတ်စွအဆုံး စာသင် ကျောင်းများကဖြစ်စေကျင်းပသော ဟောပြောပွဲများမှ အခမ်းအနားမှူးအချို့သည် တာဝန်အရဆောင်ရွက်ကြရ သည့်သဘောမို့ စာပေနှင့်ဝေးသူများလည်း ပါလာတက် သည့်အခါ ချွတ်ချော်တိမ်းပါးမှုများ ရှိလာတတ်သည်။ ဒီနေရာတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူသည် ဆိုမှတော့သည် တာဝန်နှင့်သင့်တင့်သည့် အရည်အချင်း ရှိသူပင်မဟုတ်ပါလား။ စာနှင့်ပေနှင့်ဝေးသူဟု ပြောစရာ လိုပါသလားဟု စောဒကတက်နိုင်ပါသည်။ ဟုတ်ပါသည်။ အနည်းဆုံး ၁၀ တန်းအောင် (သို့မဟုတ်) ဘွဲ့ရတွေဖြစ် မှာပေါ့။ အခုတော့ အဆိုပါ ၁၀ တန်းအောင် (သို့မဟုတ်) ဘွဲ့ရများသည်ပင်လျှင် စာပေနှင့်ဝေးသူတွေ တော်တော် များများတွေ့လာရခြင်းမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

ဆရာ့ ဆရာကြီးများ၏ ဟောပြောပွဲအတွေ့အကြုံ များ နာကြားရ၊ ဖတ်ရှုရသောအခါ ဒေါ်မြသန်းတင့်၊ ဒေါ်တင်မိုး၊ ဒေါ်ကြည်အောင်ဟူ၍ ဆရာမြသန်းတင့်၊ ဆရာ တင်မိုး၊ ဆရာ ကြည်အောင်တို့၏ကလောင်ကို မှားယွင်းဖတ်ရှုသည့်အဖြစ်မျိုး ကြုံကြရသည်ကိုလည်း သိရှိရသည်။ အထူးသဖြင့် မြန်မာလူမျိုးများအဖို့ အဂါရဝ ဖြစ်မည်ကို စိုးရိမ်သောကြောင့်မလိုအပ်ဘဲ ဦးတွေ၊ ဒေါ်တွေ တပ်ခေါ်လိုက်တော့ ကသိကအောက်ဖြစ်ကြရသည်။ တကယ်တော့ အနုပညာနာမည် (သို့မဟုတ်) ကလောင် နာမည်သည် ဦးတွေ၊ ဒေါ်တွေတပ်စရာမလို။ မူလ ကလောင်နာမည်အတိုင်း လိုအပ်လျှင်ရှေ့က ဆရာ၊ ဆရာမဟု တပ်လျှင်ပင်ပြည့်စုံပါပြီ။ ဥပမာဆိုပါတော့ ဆရာ မြသန်းတင့်၊ ဆရာ တင်မိုး၊ ဆရာ ကြည်အောင်စသည်ဖြင့် ပေါ့။ မူလကလောင်နာမည်မှာကိုက ဦးတွေ၊ ဒေါ်တွေ၊ မောင်တွေ၊ ကိုတွေ၊ မတွေပါလျှင်လည်း ပါသည့်အတိုင်းပဲ ရှေ့က ဆရာ၊ ဆရာမ တပ်လျှင် ပြီးပါပြီ။ ဥပမာဆိုပါတော့ ဆရာ ဦးတင်ဦး(ကျူရှင်)၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာ မောင်သာနိုး၊ ဆရာ ကိုရွှေသိမ်းမင်း၊ ဆရာမ မသီတာ(စမ်းချောင်း) စသည်ဖြင့်ပေါ့။ အသက် ၇၀ ကျော် အရွယ်ဆရာကြီးမို့ ဆရာ မောင်သာနိုးကို ဆရာ ဦးသာနိုး ဟုကြေညာစရာမလို။ ထို့အတူ အသက် ၅၀ ကျော်အရွယ် ဆရာမမို့ ဆရာမ ဒေါ်မဝင့်(မြစ်ငယ်)ဟု ကြေညာစရာမလို။ ထို့အတူ ကလောင်နာမည်မှာလည်း အမျိုးသားလား၊ အမျိုးသမီးလားဆိုတာ ခွဲခြားသိထားဖို့မလို။

ဤသို့ဖြင့် စာနှင့်ပေနှင့်လည်းဝေး၊ ကြိုတင်မေးမြန်း ထားခြင်းလည်းမရှိကြသောကြောင့် အခမ်းအနားမှူးတွေ က ဒေါ်မြသန်းတင့်ဆိုတာတွေ ရှက်ဖွယ်လိလိဖြစ်ကြရတော့ သည်။ နောက်ရှိသေးသည် အချို့သောအခမ်းအနားမှူးတွေ က သိသယောင်၊ တတ်သယောင်ဖြင့် သူတို့ထံကြိုတင်ပေး ထားသော စာရေးဆရာ၏အတ္တုပ္ပတ္တိအကျဉ်း (သို့မဟုတ်) သူတို့အကြမ်းဖျင်းသိထားသည့်စာရေးဆရာ၏ အချက်အလက် အနည်းအကျဉ်းကို အကြမ်းဖျင်းဖတ်ထား၊ သိထားရုံမျှဖြင့် ကလောင်နာမည်တွင်မလိုအပ်ဘဲ ဖြည့်စွက် ကြေညာတာမျိုး လည်း သိရသည်။ ဥပမာဆိုပါတော့ ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)ဟု ဟောပြောမည့် ဆရာမတစ်ဦးပါသည် နှင့် ကျန်သူတွေကိုလည်း ဆရာ ဆူးငှက် (လူထု)၊ ဆရာ ပိုင်စိုးဝေ(ယဉ်ကျေးမှု)ဟု ပိုစတာတွေမှာ လည်းရေးသား၊ အခမ်းအနားမှာလည်း ကြေညာခြင်းများလည်းရှိတတ်သည်။

အချို့အခမ်းအနားမှူးတွေကတော့ စာရေးဆရာ၏ ကိုယ်ရေးသမိုင်းအကျဉ်းထဲမှ အချက်အလက်တွေကို သေချာ ဖတ်ရှုဆင်ခြင်ခြင်း မပြုဘဲ ထုတ်ဝေပြီးသော စာအုပ်များ ဟူ၍ . . . ဝတ္ထုတိုစု၊ . . . ဆောင်းပါးစု၊ . . . ရသ၊ အက်ဆေးစု စသည်ဖြင့်ပါရှိသည်ကို သူထင်မြင်သကဲ့သို့ "၂၀၀၀ ခုနှစ်မှာ ဇာတ်လမ်း ဝတ္ထုတိုဆု၊ ၂၀၀၁ ခုနှစ်မှာ မန္တလေးမျဉ်ဖြောင့်များ ဆောင်းပါးဆုနှင့် ၂၀၀၃ ခုနှစ်မှာ မန္တလေး ကွန်ဆတ်တို ရသအက်ဆေးဆုများကိုလည်း ဆွတ်ခူးရရှိခဲ့ပါတယ်"လို့ ထင်ရာမြင်ရာကြေညာတာမျိုးတွေ လည်း ကြုံရတတ်ပါတယ်။ သွားပါလေရော. . .။

အချို့သောအခမ်းအနားမှူးများသည် အသံအား ကောင်းသော်လည်း မိန်းကလေးတန်မဲ့ အသံမာတာမျိုး လည်းရှိ၏။ ပိုဆိုးတာက ပုံစံကျလေ့ကျင့်ထားသောအသံများ ဖြင့် ကြေညာသောအခါ မိန်းကလေးတန်မဲ့မာထန်မှုတွေ ဖြစ်နေတတ်သည်။ ဥပမာဆိုပါတော့ အခမ်းအနားအစီ အစဉ် စတင်ဖွင့်လှစ်ကြောင်းကြေညာအပ်ပါတယ်ရှင့်ဟု သည်တွင် မလိုအပ်ဘဲကြေညာအပ်ပါတယ်ရှင့် စကားရပ် ကိုသံကုန်အော် ဟစ်သည်မျိုးဖြစ်သည်။

ယနေ့နိုင်ငံတော် ရုပ်သံလွှင့်ဌာနကြီးများ၊ အက်ဖ်အမ် ရေဒီယိုလိုင်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အသံ လွှင့်ကြေညာနေကြသည့်အများစုက မြန်မာစကားကို မှန်မှန်ကန်ကန် ပြောဆိုနိုင်မှုအလွန်နည်းပါးနေသဖြင့် နေ့စဉ်မနက်မိုးလင်းမှ မိုးချုပ်နားမချမ်းသာဖွယ် ကြားသိ နေရသည်။ အထူးသဖြင့် ပုဂ္ဂလိက အက်ဖ်အမ်ရေဒီယိုလိုင်း တွေကအဆိုးဆုံးပေါ့။ ကြေညာသည့် အမျိုးသမီး၊ အမျိုး သားတိုင်းလိုလို (တ)နှင့် (သ)မကွဲ၊ စကားလုံးအဖြတ် အတောက်မမှန်၊ အသံအဖိအဖော့တွေကလည်းမှား၊ ပိုဆိုး တာက တစ်ပြည်လုံးအတိုင်းအတာဖြင့် ထုတ်လွှင့်ရပေမယ့် ဒေသိယစကား၊ ခေတ်ပေါ်ဗန်းစကားတွေကို တွင်တွင်ပြော ခြင်းဖြစ်သည်။ ရုပ်သံလွှင့်ဌာနတွေက အစီအစဉ်ကြေညာသူ တွေက မဆိုးလှ။ သို့သော် ကြေညာအသီးသီး၏ အပြော အဆို၊ အသုံးအနှုန်း လေယူလေသိမ်းတွေက အတော် များများမြန်မာမဆန်၊ မြန်မာမပီသ။ ပြောခဲ့သလိုပါပဲ ပုဂ္ဂလိ ကရုပ်သံအစီအစဉ်၊ ရေဒီယိုလိုင်းတွေကတော့ ထိန်းကွပ်မှု အလွန်းနည်းလှသည်။ မြန်မာစကားကိုရွတ်ဆိုအသံထွက်



ရာ၌၊ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး (ဝါ) သဒ္ဒါဆယ်ပါးနှင့်အညီ ဖတ်ရ ရွတ်ရသည်။ ဒီဃ (ရှည်ရှည်ဆွဲ၍ရွတ်ရသောအသံ)၊ ရဿ (တိုတိုဖြတ်၍ရွတ်ရသောအသံ)၊ ဂရု (လေးလေးရွတ်ရသော အသံ)၊ လဟု (ပေ့ါပေ့ါရွတ်ရသောအသံ)၊ ဓနိတ (တင်းတင်း ရွတ်ရသောအသံ)၊ သိထိလ (လျော့လျော့ရွတ်ရသော အသံ)၊ သမ္ဗန္ဓ (ပုဒ်စပ်၍ရွတ်ရသောအသံ)၊ ဝဝတ္ထိတ (ပုဒ်ဖြတ်၍ရွတ်ရသောအသံ)၊ ဝိမုတ္တ (ဖွင့်၍ရွတ်ရ သောအသံ)၊ နိဂ္ဂဟိတ (ပိတ်၍ရွတ်ရသောအသံ)ဟူ၍ ဆယ်မျိုးဖြစ်သည်။

အခု နိုင်ငံတဝှမ်းလုံးသာမက နယ်နိမိတ်ကျော်ပင် ထုတ်လွှင့်နေကြသော အသံလွှင့်မီဒီယာတွေက အစီ အစဉ်ထုတ်လွှင့်ကြေညာနေသူများ၏ မြန်မာစကားမပီသ မှုများကား အလွန်ရှက်စရာကောင်းလှသည်။ ပွင့်ပွင့် လင်းလင်းပြောရရင်ကြေညာသည့် မိန်းမပျိုအားလုံးနီးပါး က မြန်မာသံကို လုံးဝမပီတော့ဘဲ တရုတ်အသံထွက်တွေ ဖြစ်နေသည်။ (တ)နှင့် (သ)မပီသမှုကတော့ ပြောစရာပင် မလိုလောက်အောင် အားလုံးတစ်ညီတစ်ညာတည်းဖြစ် ကုန်ကြ၏။ "အတွက်"သော ဖောချင်းသောချင်းသုံးရသည့် မြန်မာစကားမှာ "အတွယ်"ဟူးချည်း ဖြစ်နေသည်က လည်း ပြောစရာမလိုလောက်အောင် တစ်ညီတစ်ညာ တည်းဖြစ်နေသည်။ အသံလွှင့်မီဒီယာတွေက ယောကျ်ား လေးများ၏ အသံထွက်တွေကလည်း ယောကျ်ားပီသမှု အားနည်းလှသည်။ မလိုအပ်ဘဲအပျော့ဆွဲဖြင့် ချွဲတာနွဲ့ တာတွေများနေသည်။ ပုဂ္ဂလိကရုပ်သံလွှင့်ကြီးတစ်ခုမှာ တော့ အထူးသဖြင့် ဆက်တိုက်ကျင်းပနေသော ခေတ် ပေါ်ဂီတ စင်မြင့်ဖျော်ဖြေပွဲများအတွက် ဆက်တိုက်ထုတ် လွှင့်နေသည့် ကြေညာအစီအစဉ်တွင် ကြေညာသူက မြန်မာအဆိုတော်များ၏ မြန်မာနာမည်များကိုပင် စွတ်အတင်းမပီအောင်လုပ်၍ ကြေညာနေသည်ကလည်း အထိမ်းအကွပ်မရှိ ဆိုးဝါးလှသည်။

စကားမစပ် လွန်ခဲ့သောနှစ်ပေါင်း ၂၀ နီးပါးက ပြည်တွင်းမှ ရုပ်သံမီဒီယာအသစ် တစ်ခု စတင်ထုတ်လွှင့် ချိန် ကျွန်တော့်အိမ်သို့ အလည်အပတ် ရောက်ရှိနေသော B.B.S လို ကယ်တဲလင့် အဆိုတော်တစ်ဦးလည်းဖြစ်၊ မြန်မာ့အသံရေဒီယိုအစီအစဉ် ကြေညာသူတစ်ဦးလည်း ဖြစ်ခဲ့ဖူးသူ အမျိုးသမီးအဆိုတော်ကြီးတစ်ဦးက ရုပ်သံ လွှင့်အသစ်မှ အစီအစဉ်ကြေညာနေသည့်ဖန်သားပြင်ကို ခါးထောက်၍ တအံ့တသြကြည့်ရင်း "အမယ်လေး. . . ငါတို့တုန်းကဖြင့် ပညာရှင်တွေက အထပ်ထပ်စီစစ်ပြီး အသံထွက်မှန်မှ ခန့်ထားတာပါတော်၊ အသံလုံးလည်း ကောင်း၊ အသံထွက်လည်းမှန်၊ အဖြတ်အတောက်လည်း မှန်ဖို့ စီစစ်လိုက်ကြတာ၊ အခုတော့. . ."ဟု မချိတင်ကဲပြောသည့်အသံကို ကြားယောင်မိသည်။ ယခု အက်ဖ်အမ်ရေဒီယိုတွေက အသံထွက်တွေကိုများ နယ်မြို့လေးတစ်မြို့တွင် အင်္ဂလိပ်စာသင်တန်းဖွင့်ရင်း ရိပ်ကြီးခိုနေသည့်အဆိုတော်မမကြီး ကြားသိပါက မည်သို့ပြောမည်ဆိုသည်ကို သိချင်ပါသေးသည်။

နာနာ စာပေါင်ပွဲ့ပွဲ့နှင့် ပီသကြည်မြသော မြန်မာသံ မြန်မာစကားများနှင့်၊ မြန်မာ့အသံကို လွမ်းဆွတ်လှပါဘိ။

## ၁၈-၆-၂၀၁၅ရက် ကြေးမုံသတင်းစာပါ "ကန့်ကွက်နိုင်ကြောင်း" ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန်ကြေညာခြင်း

၁။ ၁၈-၆-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ၌ တရားလွှတ်တော်ရှေ့နေ ဒေါ်သဇင်အေး ထည့်သွင်းကြေညာခဲ့သောကြေညာချက်သည် မှန်ကန်မှုမရှိရုံမျှမက တရားဥပဒေနှင့်လည်း ညီညွတ်ခြင်းမရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နော်ဖောလာထူး[၁၄/ညတန(နိုင်)၀၁၀၅၂၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

၂။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၁၉A၊ မြေကွက်အမှတ်-၂၈/၁၊ မြေအမျိုးအစား မြေပိုင်မြေ လ/န ၃၉ ရပြီး လန ၂၇/၁၂-၅၈၅၉ အရ အိမ်ရာမြေသတ်မှတ်ပြီး ဧရိယာ (၀. ၀၈၈) ဧက၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံလမ်း၊ အမှတ်(၂၀)တွင်တည်ရှိသော မြေကွက်၏ခြေရင်းဘက်အကျယ် (၁၅×၄၀)ပေရှိသော မြေကွက်၏မူလအမည်ပေါက် ပိုင်ရှင်သည် ဦးမျိုးသန့် (နော်ဖော လူထူး၏ အမျိုးသား)ဖြစ်ပြီး ဦးမျိုးသန့်မှ နိုင်ငံတော်ပိုင်သတင်းစာများတွင် တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လုံးဝခွင့်မပြုကြောင်း ကြေညာချက်များအား ဒေါ်သဇင်အေး (တရားလွှတ်တော်ရှေ့နေ)ထံ လွှဲအပ်ညွှန်ကြားသူ ဒေါ်သက်သက်ခိုင် သိရှိခဲ့ပြီး ဖြစ်ပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေ နော်ဖောလာထူးသည် ဒေါ်သက်သက်ခိုင်ထံမှ ကိုယ်ရေးကိုယ်တာအခက်အခဲရှိသဖြင့် ငွေကြေးအကူအညီတောင်းခံခဲ့ခြင်းသာဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမဟုတ်သဖြင့် စရန်ပေးစာချုပ်လည်း ချုပ်ဆိုခဲ့ခြင်းမရှိပါကြောင်း၊ သတင်းစာကြေညာတွင် ထည့်သွင်းဖော်ပြချက်များသည် မမှန်မကန်ဖော်ပြခဲ့ခြင်းများသာဖြစ်ကြောင်း အများသိစေရန် ဖြေရှင်းအပ်ပါသည်။

၄။ သို့ပါ၍ ယခုပြန်လည်ရှင်းလင်းသည့် ကြေညာချက်သတင်းစာတွင်ပါရှိသည့်အချိန်မှစ၍ ရက်သတ္တပတ်(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာပေးပါရန်နှင့် ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သဇင်အောင်
အထက်တန်းရှေ့နေ (စဉ်-၃၉၀၇၀)
ဖုန်း-၀၉-၄၂၁၀၇၅၄၇

ဒေါ်ဇာဇာဝင်း
အထက်တန်းရှေ့နေ(စဉ်-၄၁၁၂၃)
ဖုန်း-၀၉-၄၂၅၀၁၈၂၇၆

## "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-( ၁၆၆ )တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော **ASIA CONCRETE PRODUCTS CO., LTD.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမှပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Concrete®
Asia Concrete Products

( IV- ၇၉၀၆/ ၂၀၀၉ )

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " **Concrete** " အမှတ်တံဆိပ်နှင့် " **Asia Concrete Products** " အမည်အမှတ်အသားကိုအသုံးပြု၍ **ASIA CONCRETE PRODUCTS CO., LTD.** သည် " **အသင့်ဖျော်တွန်ကရစ် ( Readymixed Concrete ) အမျိုးမျိုးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး** " တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၇၄ ၊ ၃၉၇၂၇၅ ၊ ၂၉၆၁၇၂ ။

## Excellent အကျိုးဆောင်မှ အမြန်ရောင်းမည်

| | | | | |
|---|---|---|---|---|
| ၁။ | ရွှေဂုံတိုင်လမ်းမ | 100' x 100' | မြေ | ညှိနှိုင်း |
| ၂။ | မ/ဒဂုံ ၄၂ သခင်ဖိုးလှကြီးလမ်း | 42' x 60' | မြေ | ၁၃၅၀ သိန်း |
| ၃။ | ရွှေအုန်းပင်အိမ်ယာ အသင့်နေ | 1250 Sqft | | ၂၀၀၀ သိန်း |
| ၄။ | မ/ဒဂုံ ၃၈ သုခလမ်း Lကွက် | 40' x 60' | 1PT | ၂၀၀၀ သိန်း |
| ၅။ | မ/ဒဂုံ ၃၄ ပိတောက်မြိုင် ၅ လမ်း | 40' x 60' | 1RC | ၃၀၀၀ သိန်း |
| ၆။ | မ/ဒဂုံ ၃၄ ပျဉ်းကတိုးလမ်း | 46' x 60' | 1RC | ၃၀၀၀ သိန်း |
| ၇။ | မ/ဒဂုံ ၃၄ တပင်ရွှေထီးလမ်း | 42' x 60' | 2RC | ၃၂၀၀ သိန်း |
| ၈။ | တ/ဥ ၅ရပ်ကွက်ရွှေဘိုလမ်းLကွက် | 21' x 85' | 2BN | ၃၅၀၀ သိန်း |
| ၉။ | မလိခအိမ်ရာ Town House | 20' x 60' | 2RC | ၄၀၀၀ သိန်း |
| ၁၀။ | မ/ဒဂုံ ၃၄ ပျဉ်းမမြိုင်လမ်း | 40' x 60' | 2RC | ၄၀၀၀ သိန်း |
| ၁၁။ | မ/ဒဂုံ ၃၄ သင်းဝင်လမ်း | 40' x 60' | 2RC | ၄၀၀၀ သိန်း |
| ၁၂။ | မလိခအိမ်ယာ မြေ | 44' x 57' | မြေ | ၅၀၅၀ သိန်း |
| ၁၃။ | မ/ဒဂုံ ၃၄ ဦးလှဖေလမ်း | 80' x 60' | မြေ | ၅၅၀၀ သိန်း |
| ၁၄။ | မ/ဒဂုံ ၄၅ ပြည်ထောင်စုလမ်း | 40' x 60' | 2RC | ၆၅၀၀ သိန်း |
| ၁၅။ | မလိခအိမ်ယာ Shop House | 20' x 60' | 3RC | ၇၀၀၀ သိန်း |
| ၁၆။ | ရန်ကင်း၊ လမ်းသန့် | 60' x 80' | 2RC | ၁၃၅၀၀ သိန်း |
| ၁၇။ | သာကေတ၊ ရတနာလမ်း | 60' x 80' | 2RC | ၁၈ အငှား |

ဖုန်း – ၀၉ ၂၅၀၆၁၉၇၂၇ ၊ ၀၉ ၄၅၀၀၂၂၂၉၈

## ENOB Sofa & funiture

မိုးရာသီအထူးလျှော့ဈေး

| 50% Discount | Design by korea |
|---|---|

quo, &e - 09-420119254, 09-254442191
A-8, ဘုရင့်နောင်လမ်း၊ (27)ရပ်ကွက်၊ မ/ဒုံ City Mark အနီး။



# စဉ့်ကိုင်မြို့အတွင်း မြို့ခံများ လိုလားနေသော ဗိုလ်တေဇလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၂၇**

စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိလမ်းများ အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒေသခံမြို့သူ၊ မြို့သားများ အဓိကလိုလားလျက်ရှိသည့် မြို့လယ်လမ်းဖြစ်သော ဗိုလ်တေဇလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို ဇွန် ၂၀ ရက်က စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့တွင်းဖြတ် ဗိုလ်တေဇလမ်းသည် မြို့တွင်း၌ အရှည်ပေ ၂၆၀၀ကျော်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၅၇၀ အားငွေကျပ်သန်းပေါင်း ၁၂၃သမ၆၀သန်း အကုန်အကျခံကာ လမ်းတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့တွင်းကျန်ရှိသော လမ်းအရှည်ပေ ၂၀၀၀ အား ငွေကျပ်သန်းပေါင်း ၅၀ ဒသမ ၁၂၂ သန်းဖြင့် အကျယ် ၁၂ ပေမှ ၁၈ ပေ အထိ လမ်းတိုးချဲ့ပြီး ကတ္တရာထပ်ပိုးလွှာ ခင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်းက မနှစ်က တံတားအရှေ့ဘက်က ပြင်ပေးထားတယ်။ အခုပြင်နေတဲ့အပိုင်းက လမ်းကလည်းကျဉ်းတယ်။ လမ်းအပေါ်က်တွေကလည်းများတယ်။ လမ်းက ကျောင်းသားကျောင်းသူတွေ ကျောင်းသွားတဲ့အချိန်တွေဆိုကျဉ်းတာသိသာတယ်။ အခုလို လမ်းတိုးချဲ့လိုက်တော့ အားလုံးအတွက် အဆင်ပြေသွားတာပေါ့။ မြို့ခံတွေအားလုံးကလည်း ဒီလမ်းကြီးကို အမြန်ပြင်စေချင်နေကြတာ" ဟု မြို့ခံ ရပ်မိရပ်ဖ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

စဉ့်ကိုင်မြို့လယ် ဗိုလ်တေဇလမ်းသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ အဓိကထား အသုံးပြုသွားလာနေသော လမ်းဖြစ်ပြီး လမ်းပြီးစီးပါက ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ လမ်းပိုင်းများကိုလည်း ချထားပေးသော ဘဏ္ဍာငွေအရ နှစ်အလိုက် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစိုးအောင်က ပြောသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဗိုလ်တေဇလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအပြင် မြို့ပေါ်ရှိ ခတ္တာလမ်း ကျောက်ချောခင်းခြင်း၊ ရန်နိုင်ရပ်ကွက်(၂)လမ်းမြေမှ ကတ္တရာခင်းခြင်း၊ မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများဖြစ်သည့် ပလိပ်ကွက် သစ်(၁)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြို့ဝန်ကုန်း-သင်္ဂတုန်-ထန်းတောလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# တွန်းဇံမြို့၌ ဘိန်းအစားထိုး နှစ်ချင်းသီးနှံ မျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များပေးအပ်

**တွန်းဇံ ဇွန် ၂၇**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ၂၀၁၅-၂၀၁၆ခုနှစ် စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့၊ ပျိုးပင်များ ပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးလှိုင်မြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုဆန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှုတစ်ခုအဖြစ် ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ကီလို ၇၀၀၊ ဧက ၁၀၀ စာနှင့် မျောက်ငိုပျိုးပင် ၂၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ တောင်သူ ၇၀ ထံသို့ အသီးသီး ပေးအပ်ခဲ့သည်။

ချင်းပြည်နယ်တွင် အဆိုပါ ဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါးစသည့် သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဆောင်ရွက်နေကြောင်းသိရသည်။

ယင်းအပြင် စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ ပိုးမွှားများ၏အန္တရာယ်မှ ကာကွယ်ရေး ပညာပေးခြင်း စသည့်သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇိုဟေဆာ**

# ဆင်ပေါင်ဝဲ၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြော

**ဆင်ပေါင်ဝဲ ဇွန် ၂၇**

ဆင်ပေါင်ဝဲမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားသို့ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တွဲဖက်တာဝန်ခံ ဦးနိုင်ဦးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဗဟုသုတများကို လက်တွေ့ပြသ ဟောပြောခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
အမှတ်စဉ် (၁၀) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ် (၁၀)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။
၂။ သင်တန်းကာလ(၆)လကြာမြင့်ပြီး ၂၀၁၅ခုနှစ် ဩဂုတ်လ (၁၅)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှတစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် BBA ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။
အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၀၉၄၂၀၁၃၀၇၃၀၊ ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၅၀၇၁၅၁/၅၂၊ ၀၉၄၂၀၂၅၄၈၇၂

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

yi&iu , wi
im;rn^a&mi;rn
1. နတ်မောက်ရိပ်သာလမ်း၊ ဗဟန်း၊ (40'_60') 2 RC၊ အိပ်ခန်း(၄)ခန်း၊ Air-con(၃)လုံး၊ အပေါ်အောက် ပါကေးခင်း၊ ကြိုးဖုန်း၊ ပါဝါ မီတာ။ သိန်း(၃၀)(ငှား)
2. (20'_40')၊ မြေညီတိုက်ခန်း။ ရောင်းဈေး သိန်း(၁၄၀၀)၊ အရှေ့ဗဟိုလမ်း၊ ဂွတ္တာလစ်
3. အရှေ့ဒဂုံ၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ (၂)လမ်း၊ (40'_60'), ပါမစ်၊ 1 BM၊ ရေမီးစုံ။ သိန်း(၉၈၀)
Ph: 09-5053298, 01-541528, 01-548153

a&mi;&e&o n
ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအနီး၊ မန္တလေး ပြင်ဦးလွင် လမ်းမကြီးဘေး၊ မန္တလေးမြို့လယ်မှ ကားဖြင့် မိနစ်(၂၀)ခရီးတွင် တည်ရှိသည့် ပုံစံ(၇)ကျပြီး လယ်မြေ(၉) ဧကခန့်၊ တစ်ဧက(သိန်း ၁၅၀၀)နှုန်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဆက်သွယ်ရန်-ဖုန်းနံပါတ်-၀၉-၇၉၈၅၀၅၇၇၃၊ ၀၉-၇၈၉၈၆၁၅၈၈

OXFORD MYANMAR MEDICAL COLLEGE
မှ
*Education for ALL*
'tqijriynm&ya½;c , jci;' 0iciEiynma&;c&;'

| | | |
|---|---|---|
| ဟောပြောမည့်သူများ | - | |
| ဒေါက်တာနေ | - | Patron - VUC |
| ဒေါက်တာသန်းစိန် | - | Principal - OMMC |
| ဒေါက်တာကျော်သီဟ | - | Program Leader - OMMC |
| ကျင်းပမည့် နေ့ | - | ၂၉-၆-၂၀၁၅ |
| ကျင်းပမည့် အချိန် | - | မွန်းလွဲ (၁)နာရီမှ (၃)နာရီထိ |
| ကျင်းပမည့် နေရာ | - | ကုန်းဘောင်-တကောင်းခန်းမ (တတိယထပ်) Sule Shangri-la Hotel၊ ရန်ကုန်မြို့။ |

တက္ကသိုလ်ဝင်စာမေးပွဲအောင်ကျောင်းသား/ကျောင်းသူများ၊ ဆေးပညာသင်ယူလိုသူများ၊ MRCP၊ PLAB Test ဖြေမည့်သူများ၊ ပညာရေးကိုစိတ်ပါဝင်စားသူများအားလုံး (အခမဲ့) တက်ရောက်နိုင်ပါသည်။
ဖုန်း - ၀၉- ၃၀၀၇၁၇၀၃၊ ၀၉ -၂၅၄၃၅၄၉၂၄၊ ၀၉ -၂၅၀၅၀၉၀၁၆
ကျောင်းသားရေးရာဌာန-အမှတ်(၃၅၁-၃၅၅)၊ ဒုတိယထပ်၊ သိမ်ဖြူလမ်း၊ (ဗိုလ်မင်းရောင်လမ်းထောင့်)၊ ရန်ကုန်မြို့။
'ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။'

# ရေး(ယထက)တိုးတက်အောင်မြင်ရေးကြိုးပမ်းမှုတတိယဆုရရှိ

**ရေး ဇွန် ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(ယထက)အား မွန်ပြည်နယ် အစိုးအရအဖွဲ့မှ ကော်မတီ၏ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား၌ တိုးတက်အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်မှု တတိယဆုကိုပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

ရေးမြို့နယ်(ယထက) လက်အောက်မှ ပြေးဆွဲလျက်ရှိသော ကျေးရွာများမှ ရေးမြို့နယ်အတွင်းသို့ ယာဉ်လိုင်း ၃၆ လိုင်း၊ ရေး-မော်လမြိုင်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်များ အဆင့်မြင့် မှန်လုံယာဉ်လိုင်းရှစ်လိုင်း၊ ရေးမှမော်လမြိုင်ဟိုင်းလတ်ယာဉ်လိုင်းသုံးလိုင်း၊ ရေးမှ ထားဝယ်အဆင့်မြင့်မှန်လုံယာဉ်လိုင်းနှစ်လိုင်းမှာ လက်ရှိအချိန်တွင်ပြေးဆွဲနေလျက်ရှိပြီး ယခင်က ရေးမြို့နယ်မှ ပြေးဆွဲသောယာဉ်လိုင်းများမှာ အနည်းငယ်သာ ပြေးဆွဲနေကြရာမှ လမ်းပန်းဆက်သွယ်ရေး လုံခြုံအဆင်ပြေချောမွေ့စွာ ရာသီအချိန်အခါမရွေး သွားလာနိုင်ကြသည့်အတွက် ရင်းနှီးမြှုပ်နှံလာကြသည့် ယာဉ်လိုင်းပိုင်ရှင်များလည်း သိသိသာသာတိုးတက်လာသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာကြောင်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရသိရသည်။

အဆိုပါ ရေးမြို့နယ်(ယထက)ကော်မတီမှ နှစ်နှစ်တာကာလအတွင်းအဖွဲ့ပိုင် စုဆောင်းရန်ပုံငွေမှ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၂၃၂၄၀၀၀ အား မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် လှူဒါန်းပေးနိုင်ခဲ့ကြောင်းသိရသည်။ **ထွန်းထွန်း(ရေး)**

# ကျောက်ချောလမ်းရှိတံတားနှစ်စင်း ပြုပြင်ပေးရန် ဒေသခံများလိုလား



**သာစည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကန်သစ်ကုန်း-ရွာပုလဲကြီး-ကျီတိုင်ကုန်း-သာစည် ကျောက်ချောလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တော်ဝင်အင်းဝကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်ခဲ့ရာ ကျောက်ချောလမ်းပြီးစီးသွားသော်လည်း ရွာပုလဲကြီးနှင့် ကျီတိုင်ကုန်းမြောက်ရွာကြားရှိ တံတားနှစ်စင်းမှာ ပျက်စီးယိုယွင်းနေသောကြောင့် ဒေသခံများ သွားလာမှုအဆင်မပြေဖြစ်နေကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

"ကျောက်ချောလမ်းပြီးသွားတာ လေးလလောက်ရှိပြီ။ တံတားနှစ်စင်းလုံးက သစ်သားဇလီဖားတုံးတွေနဲ့ အဖြစ်လုပ်ထားတော့ ဆိုင်ကယ်၊ စက်ဘီးတွေသွားရင် အဆင်မပြေဘူး။ သစ်သားတုံးတွေက မညီမညာနဲ့ တံတားကပေါက်နေတော့ ညအခါသွားလာတဲ့သူတွေ အသက်အန္တရာယ်စိုးရိမ်ရပါတယ်။ နေ့ခင်းဘက်ဆိုလည်း ဆိုင်ကယ်၊ စက်ဘီး တစ်စီးချင်းပဲ ဖြတ်လို့ရတယ်။ ဒီလမ်းက သာစည်မြို့နဲ့ မြို့ရဲ့ မြောက်ဘက်ခြမ်းက ကျေးရွာ ၁၀ ရွာလောက် ဆက်သွယ်ထားတဲ့ လမ်းဆိုတော့ နေ့စဉ် ဈေးရောင်းဈေးဝယ်သွားတဲ့သူတွေရယ်၊ ကျောင်းသား ကျောင်းသူတွေရယ် အဓိကသွားလာကြပါတယ်။ ကျေးလက်ဒေသက ပြည်သူတွေကတော့ ဒီတံတားနှစ်စင်းကို လမ်းဖောက်လုပ်တဲ့ ကုမ္ပဏီကဆောင်ရွက်ပေးရမယ်လို့သိနေကြပါတယ်။ ဒါကြောင့်မို့ အများစုအသုံးပြုသွားလာနေတဲ့ ကျောက်ချောလမ်းပေါ်က ပျက်စီးယိုယွင်းနေတဲ့ တံတားနှစ်စင်းကို အမြန်ဆုံးဆောင်ရွက်ပေးဖို့ဒေသခံတွေလိုလားနေကြတယ်" ဟု သာစည်မြို့နယ် ကျီတိုင်ကုန်းမြောက်ကျေးရွာမှ ဦးကျော်ဝေက ပြောပြသည်။

**မျိုးမင်း(သာစည်)**

# သိန္နီမြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်းများကြေညာ

**သိန္နီ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ သိန္နီမြို့နယ်၌၂၀၁၅ ခုနှစ် ကျင်းပမည့်ရွေးကောက်ပွဲတွင် မြို့နယ်/ရပ်ကွက်ကျေးရွာများရှိ အသက်(၁၈)နှစ်ပြည့် ဆန္ဒမဲပေးခွင့်ရှိသူ စာရင်းများ ထုတ်ပြန်ကြေညာခြင်းကို ဇွန် ၂၂ ရက်မှ ၃၀ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆန္ဒမဲပေးခွင့်ရှိသူများမဲပေးနိုင်ရန်အတွက် မြို့နယ်ကော်မရှင်ရုံးမှ ဦးဆောင်ပြီးဆိုင်းဘုတ်များ၊ ဗီနိုင်းများ၊ လက်ကမ်းစာစောင်များဖြင့်အသိပေး ကြေညာခဲ့သည်။

ထုတ်ပြန်ကြေညာသည့် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းများအရ သိန္နီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာပေါင်း ၃၆ အုပ်စု၊ မဲရုံပေါင်း၆၀၊ ဆန္ဒမဲပေးခွင့်ရှိသူ ၃၁၁၉၇ ဦးရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ရွှေနှင့် အဖွဲ့ဝင်များ၊ သိန္နီမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးပျို့မောင်နှင့် အဖွဲ့ဝင်များက မဲရုံများနှင့် ရပ်ကွက်/ကျေးရွာများသို့ လိုက်လံစစ်ဆေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

# မြို့နယ်တွင်လူ့အခွင့်အရေးအသိပညာမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအလုံပြုလုပ်

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဆွီဒင်နိုင်ငံ အခြေစိုက် Raoul Wallenberg Institute for Human Rights and Humanitarian Law (RWI) ၏ ရန်ပုံငွေပံ့ပိုးကူညီမှုဖြင့် ရပ်ရွာလူထုအခြေပြု လူမှုအဖွဲ့အစည်းများမှ ပြည်သူများအား လူ့အခွင့်အရေးအသိပညာမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမတွင် ဇွန် ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် သင်တန်းနည်းပြများဖြစ်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က လူ့အခွင့်အရေး အဓိပ္ပာယ်နှင့် အနှစ်သာရ၊ လူ့အခွင့်အရေးသမိုင်းကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ လူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်းနှင့် တိုင်တန်းချက်များအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ စသည့်ဘာသာရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် လူ့အခွင့်အရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ရာ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှာ တတိယမြောက်ဖြစ်ပြီး နောက်ဆုံးခရိုင်အဖြစ် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ဇွန် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ကိုတင်မောင်ဦး(အလုံ)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/က်ဘဲ့၊ မြေကွက်အမှတ်-၅၉/က၂၊ မြေကွက်တည်နေရာအမှတ်-၁၆၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ မမယ်ရင်-ကိုသိုးအင်၊ မရှင်+မရွှေခင်၊ မောင်ဘိုထင်၊ မောင်အောင်တင် အမည်ပေါက် Bလ/န ၃(ခ)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်-၂၆/၁၉၆၉(၁၇-၁-၁၉၆၉)၊ အ ရောင်းစာချုပ်-၇၇/၁၉၆၉(၁၆-၂-၁၉၆၉)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးရွှေ၊ ဒေါ်ရီရီအနက် စွန့် လွှတ်စာချုပ်-၈၇၁/၁၉၈၃(၁၉-၁၀-၁၉၈၃)ဖြင့် ဒေါ်ရီရီပိုင်ဆိုင်ပြီး ဒေါ်ရီရီကွယ်လွန်သဖြင့် ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ သား၊ သမီးနှင့်ချွေးမဖြစ်သူ ဒေါ်မြင့်မြင့်ကြည် [၁၂/ရကန(နိုင်)၀၄၆၆၆၀]၊ ဒေါ်ယဉ်ယဉ်အေး[၁၂/ရကန(နိုင်)၀၄၆၅၇၄]၊ ဒေါ်စန္ဒာထင် ကျော်(ခ)ဒေါ်မြမြစိန် [၁၂/ရကန(နိုင်)၀၄၆၈၉၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန်နှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**နိုင်ငံတကာ အသိမှတ်ပြု အောင်လက်မှတ်ရယူလိုသူများအတွက်**

**အဆင့်မြင့်အဲယားကွန်း ကျွမ်းကျင်ဒီပလိုမာသင်တန်းများ**

▶▶ ပြည်ပနိုင်ငံများတွင် HVAC Technician , Air con အင်ဂျင်နီယာအဖြစ်လုပ်ကိုင်လိုသူများ နှင့် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိသော်လည်း လက်မှတ်မရှိသူများအတွက် သင့်တော်ပါသည်။

▶▶ သင်တန်းကာလ (၆) လအတွင်း Level (2) , (3) အတွင်းအဆင့်ရှိ UK မှ ဒီပလိုမာလက်မှတ်များကိုရရှိနိုင်ပါသည်။

ရုံးချိန်တွင်း / ရုံးချိန်လွတ်တန်းခွဲသစ်

GLORY အမှတ် ၁၃၈/၁၄၀ ၊ ဒုထပ်၊ ပန်းဆိုးတန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
www.glory-education.com 09-73121717,09-5197817

**Dynamic Turbo-Diesel Co.,Ltd**

No.(50/B-3), Thamine Station Road, Mayangone Township, Yangon, Myanmar. 01-9661729, 09-250092696,
Gmail-dynamic.turbodiesel@gmail.com

ဝန်ထမ်းအမြန်အလိုရှိသည်

(၁) Sale Executives M/F (3)Post

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- Sale နှင့် ပတ်သက်သောအတွေ့အကြုံ(၁)နှစ်
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ပြီး အလုပ်ကို လေးစားမှုရှိသူဖြစ်ရမည်။
- လစာ 150,000-200,000
- Car အပိုပစ္စည်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူသည် လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်း ထောက်ခံစာမိတ္တူ(သုံးလအတွင်း)၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူများနှင့်အတူ ကိုယ်ရေးရာဇဝင်(CV)ကို emailဖြင့် လျှောက်ထားနိုင်ပါသည်။

Official University Partners

"Recognized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက်
Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ
တိုက်ရိုက်ချီးမြှင့်ပေးအပ်သော

ROBINSON Business School

Postgraduate Programme

MBA
Master of Business Administration
Awarded by Victoria University Switzerland

MIM
Master of International Management
Awarded by University of Information Technology & Management

DUAL Master In MBA & MIM

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသား၊ကျောင်းသူများအတွက်

BBA Bachelor of Business Administration (Management)
Dip-Business Only

BBA Bachelor of Business Administration (Entrepreneurial Management)
Dip - Any Discipline

BBA Bachelor of Business Administration
Grade 11

Free! English Class

Scholarship Available

FREE ! Consultation and Entrance Test

09 4200 53536
09 431 96211

RBS City Campus #206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

**အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၇-A)နှင့် ပတ်သက်၍ အဖြစ်မှန်ပြန်လည်ကြေညာခြင်း**

ဦးစိန်ကျော်[၅/ကလန(နိုင်)၀၃၃၀၉၉]-ဒေါ်ရွှေစင်[၁၂/လမန(နိုင်)၁၁၄၁၆၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ဦးစိန်ကျော်နှင့်ဒေါ်ရွှေစင်တို့မှ မြန်မာ့အလင်းသတင်းစာတွင် ၂၆-၅-၂၀၁၅ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၈-၅-၂၀၁၅ရက် တွင်လည်းကောင်း ထည့်သွင်းကြေညာခဲ့ရာ ဒေါ်စန္ဒာဝင်းတို့ဘက်မှ ကြေးမုံသတင်းစာတွင် ၁၆-၆-၂၀၁၅ရက်စွဲဖြင့် ပြန်လည်ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်နှင့်ပတ်သက်၍ ဦးစိန်ကျော်-ဒေါ်ရွှေစင်တို့၏ ၂၆-၅-၂၀၁၅ရက်နှင့် ၂၈-၅-၂၀၁၅ရက် ကြေညာချက်များသည်သာ အဖြစ်မှန်ဖြစ်ပါကြောင်း အများသိသာထင်ရှားစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

ထပ်မံ၍ ဒေါ်စန္ဒာဝင်းတို့မှ တစ်ဖက်သတ်စာချုပ်ဖျက်သိမ်းခြင်းနှင့် G.Pဖျက်သိမ်းခြင်းတို့ကိုလည်း ဦးစိန်ကျော်-ဒေါ်ရွှေစင်တို့မှ လုံးဝလက်ခံအသိအမှတ်မပြုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၁၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉၅၁၈၁၈၂၀


BRAND'S® 180 YEARS
အောင်မြင်မှုတွေရရှိဖို့
ဘရင်းက ကျွန်တော့်ကိုအမြဲကူညီပေးပါတယ်။
ပန်တီးမှုအသစ်တွေနဲ့ တက်ကြွတဲ့ ပျော်ရွှင်မှုတွေအတွက်
ကျွန်တော်
ဘရင်းကို နေ့စဉ်သောက်ပါတယ်။
Sai Sai Kham Leng
BRAND'S Essence of Chicken Net Content 70 ml.
ဘရင်းကြက်ပေါင်းရည်ဟာ မှတ်ဉာဏ်စွမ်းရည်ပိုမိုကောင်းမွန်စေပြီးကျန်းမာစေရန် အားဖြည့်ပေးကြောင်း
သိပ္ပံနည်းကျအတည်ပြုချက်များ ရရှိထားသော တစ်ခုတည်းသောကြက်ပေါင်းရည်ဖြစ်ပါတယ်။
ဘရင်း ကြက်ပေါင်းရည်...ကျန်းမာသွက်လက်...ဉာဏ်ထက်မြက်

ကြော်ငြာ

# လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

ပြည်ခရိုင်ရုံး ကို ၂၇.၆.၂၀၁၅ ရက်နေ့တွင်

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း
ပြည်မြို့ ပဲခူးတိုင်းဒေသကြီး ။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကိုအောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Tube Settler နှင့်ဆက်စပ်ပစ္စည်း | (၈)ခုံ | (ပိတ်ရက်)၁၃-၇-၂၀၁၅ရက် |
| (ခ) | 110KW Low Lift Pump Motor | (၂)လုံး | (ပိတ်ရက်) ၆-၇-၂၀၁၅ရက် |
| (ဂ) | Sprinkler နှင့်ဆက်စပ်ပစ္စည်း | (1)Lot | |
| (ဃ) | ၂၄၀/၆၆၀လီတာဆံ့အမှိုက်ပုံး | (၂၀၀၀)ပုံး | |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ယှဉ်တွဲဖော်ပြပါနေ့ရက်များ၏ (၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

---

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အောက်ဖော်ပြပါ Surveillance Van ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(၁) Wagons
(၂) Pick Up (Double Cab/Extra Cab)
(၃) Van

ဈေးနှုန်းလွှာများကို ညွှန်ကြားရေးမှူး (ဆေးနှင့်ဆေးပစ္စည်းဖြန့်ဖြူးရေး) ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် -၂၉-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၈-၇-၂၀၁၅ရက်၊ မွန်းလွဲ(၂)နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၃၇၁၂၈၄၊၀၁-၃၇၂၃၆၂**
**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

---

**ရှင်သာမဏေဓမ္မဗိမာန်**
**မိုးရာသီ လူငယ်ယဉ်ကျေးမှု မျက်ရှုသင်တန်း**

ကလေးလူငယ်များအတွက် မိုးရာသီ (ဝါတွင်းကာလ)လူငယ်ယဉ်ကျေးမှု မျက်ရှုသင်တန်းတွင် မေတ္တာသုတ်ကို အခြေပြု၍ ပန်းချီ၊ ဂီတ၊ပုံပြင်၊ Gameတို့ဖြင့် သရုပ်ဖော် သင်ကြားပေးမည်။

နေ့ရက် - ၅-၇-၂၀၁၅ မှ ၄-၁၀-၂၀၁၅ ထိ၊
အပတ်စဉ် တနင်္ဂနွေနေ့တိုင်း (၁၄ ပတ်)
အချိန် - မွန်းလွဲ ၁၂း၃၀ မှ ညနေ ၄း၀၀ ထိ၊
နေရာ - ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊
ဗဟန်းမြို့နယ်၊ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး။

သင်တန်းတက်ရောက်လိုပါက ရှင်သာမဏေဓမ္မဗိမာန် ဖုန်း -၀၁ ၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

---




---

တူဒေးစာအုပ်တိုက်




**The Sixth Enemy And OTHER STORIES** By Ma Sandar
Translated by Mra Hninzi

စာရေးဆရာမ မစန္ဒာ၏ နာမည်ကျော်ကြားလှုကြိုက်များခဲ့သော ဝတ္ထုတို ဝတ္ထုလတ်များမှ ရွေးချယ်ထုတ်နုတ်ပြီး ဆရာမမြနှင်းဆီ (Mra Hninzi) က အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားထားသောစာအုပ်ဖြစ်ပါသည်။ ရသစံစားချက်ကိုသာမက မှတ်စရာသုတတစ်စုံတစ်ရာ ရစေအောင် ရေးဖွဲ့တတ်သော ဆရာမ မစန္ဒာသည် စာပေဆုများစွာကို ရရှိထားသူ ဖြစ်သည်။ အတွေ့ရှင်းသလို အရေးရှင်းသော ဆရာမ မစန္ဒာ၏လက်ရာကိုမိအောင် ဆရာမမြနှင်းဆီ (Mra Hninzi) ကလည်း ဘာသာစာပေပိုင်းဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်ဆိုထားပါသည်။ မြန်မာ့လူနေမှုဘဝတွင် နေ့စဉ်ကြုံတွေ့ရသော ဘဝရသ အတက်အကျအစုံကို ဖတ်ရှုခံစားရမည့်အပြင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံရိုက်ချက်တချို့ကိုပါ နိုင်ငံခြားသားဖတ်ရှုသူများ နားလည်သိရှိနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အမြို့မြို့ရှိစာအုပ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

---



# ကျေးဇူးတင်လွှာ

## BUNGOYA Japanese Fried Chicken

ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အမှတ်(၃၃/က)၊ သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ကြွရောက်ချီးမြှင့်ခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ ကိုရင်ထွေးနှင့်မိသားစု (ရွှေရိုးမကုမ္ပဏီလီမိတက်)၊ ကိုဇာနည်လွင်မြင့်(အမှုဆောင်ဒါရိုက်တာ AGD Bank)နှင့် ဇနီး မနန်းသန္တာကို (My Garden Restaurant)တို့နှင့် လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟတို့အား လှိုက်လှဲစွာ ကျေးဇူးအထူး တင်ရှိပါသည်။

SAMURAI-Com Co.,Ltd.
E-mail;miyabi.myanmar@gmail.com

# Wedding Palace

*ONE STOP WEDDING SERVICES CO., LTD.*

SHWE MIN THAMEE Footwear

MOE KO OO & GROUP
Wedding dress, Photo & Video
09 51 55345

Special Promotion For Raining Season

မင်္ဂလာပွဲများကို ဆင်နွှဲမည့်မင်္ဂလာမောင်နှံများအတွက် မြန်မာထိုင်မသိမ်း ၊ အနောက်တိုင်းဂါဝန်နှင့် Pre Wedding Albumတို့ကို 10% မှ 70%အထိလျှော့ချပေးသွားမည် ဖြစ်ပါသောကြောင့် Wedding Palace သို့အမြန်ဆုံးလှမ်းလာခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်

Special Promotion ကာလမှာ (1.7.2015 မှ 31.7.2015) အထိ

70% Discount

Contact :09 25 777 9922 „ 09 25 777 9933 , 09 25 777 9944 , 09 25 777 9955
Facebook :Wedding Palace One Stop Wedding Services Co.,Ltd.com
Address :No.20,Building (c),Mya Yeik Nyo Royal Hotel Campus, Pearl Road, Bahan Township, Yangon



Microsoft ၏ ဖခင်ကြီး Billgate လျှို့ဝှက်အသုံးပြုခဲ့သော

ရဲမင်းအောင်(Ray Electronic)

## Computer Windows လျှို့ဝှက်အသုံးပြုနည်းများ

Documents လမ်းကြောင်းကို မပြောင်းလဲနိုင်စေရန် ပြုလုပ်ခြင်း။
Taskbar ကို Lock ချ၍ မည်သူမျှ မပြောင်းလဲနိုင်စေရန် ပြုလုပ်ခြင်း။
Pin ပြုလုပ်ထားသော Program များကို ဖယ်ရှားခြင်း။
Command Prompt ˋCMDˊ သို့ဝင်ရောက်ခွင့်ကို ကန့်သတ်ခြင်း။
Removable Disks အားလုံးအား Read/Write Access ပိတ်ပင်ခြင်း။
Keyboard လုပ်ဆောင်ချက်ကို ပိတ်ထားခြင်း။
USB Stick ကို သော့သဖွယ်အသုံးပြု၍ ကွန်ပျူတာကို ဖွင့်စေခြင်း။

ထွက်ပြီ

မျက်ပွင့်စာပေ - ဖုန်း - 09 7300 2965 ၊ 09 7300 5882

**အမည်ပြောင်း**

မုဒုံမြို့နယ်၊ ကမာဝက်မြို့မှ ဦးနန်းလွင်[၁၀/မဒန(နိုင်)၀၁၈၈၇၆]-ဒေါ်ဝင်းဝင်းငွေ [၁၂/ ဥကမ(နိုင်)၀၁၂၈၄၉] တို့၏သမီး အထက(ကမာဝက်) တက္ကသိုလ်ဝင်တန်း(ခ)မှ မမြတ်ဆုသဇင်ဝင့် [၁၀/မဒန(နိုင်)၂၂၇၄၀၂]အား မြတ်ဆုသော်ဟု ပြောင်းလဲခေါ်ပါရန်။ **မြတ်ဆုသော်**

အာကာဖြူစင်

# နိုင်ဇော်
Lazy Club

## ရက် (၃၀) အတွင်း အခြေခံ Slide Guitar စာအုပ်နှင့် Lesson DVD

ခင်မြတ်သူစာပေမှ ဖြန့်ချိပါသည်။

ပထမဆုံးမှာယူသောစာအုပ် (၁၀၀) အတွက် Steel Slide တစ်ခုစီပက္ကာလက်ဆောင်ထည့်သွင်းပေးထားပါသည်။



## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အိမ်အမှတ်(၆၈)နေ
အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်-ဒေါ်လှလှဌေးတို့၏သားငယ်

**မောင်နေသူစိုး**

B.Sc (Botany) (Q)

Good Year Paint Enterprise

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ ရွှေကုန်းလမ်း၊ အိမ်အမှတ်(၂၅၉)နေ
ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏သမီးကြီး

**ဒေါက်တာတင်ဇာခိုင်**

M.B.,B.S (Ygn), M.Med.Sc (Microbiology)

Assistant Lecturer (Department of Microbiology, University of Medicine-2, Yangon)

တို့၏ ၂၇-၅-၂၀၁၅ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ကျောက်တန်းမြို့နယ်တရားသူကြီး ဦးဇော်ဇော်ထွန်းအားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ)အငြိမ်းစားဆရာကြီး ဦးတင်လှိုင်နှင့် ဦးအေးဟန်[အုပ်ချုပ်မှုဒါရိုက်တာ၊ United Paints Group Co.,Ltd. (U.P.G)]အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် မိတ်သင်္ဂဟများအားလည်းကောင်း၊ ၇-၆-၂၀၁၅ ရက် ကျောက်တန်းမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၁-၆-၂၀၁၅ ရက် Sedona Hotel (Grand Ballroom)ခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၊ ရွှေပါရမီပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တက်လမ်းကုမ္ပဏီတို့၏ဥက္ကဋ္ဌကြီး ဦးရှိန်ဝင်းနှင့်ဇနီး၊ တက်လမ်းကုမ္ပဏီဒါရိုက်တာ ဒေါ်ခင်ချိုဦးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဦးအေးဟန်[အုပ်ချုပ်မှုဒါရိုက်တာ၊ United Paints Group Co.,Ltd. (U.P.G)]နှင့်ဇနီး ဒေါ်လှမြင့်သွယ်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပါမောက္ခဒေါ်ဝင်းဝင်းမော် [ပါမောက္ခ/ဌာနမှူး၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၊ ဒေါက်တာ ဦးမျိုးဝင်းလတ် နှင့်ဇနီး ဒေါ်မာမာစီ[ဆေးကမ္ဘာ(၁၊၂)၊ အထူးကုဆေးခန်း၊ အင်းစိန်မြို့နယ်]တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေး သီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် စိမ်းမိုမို၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုင်ငံကျော် တေးသံရှင် စည်သူ ဒေါ်တင်တင်မြဦးဆောင်သော A 1 စိုးမြင့်တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မနှင်းသီရိနိုင်နှင့် မခင်ဖြူစင်၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မသက်သက်ဥမ္မာစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဇန်း ကိုင်ဆောင်ပေးပါသော မခိုင်သန္တာဆွေနှင့် မဟန်အိမြေ့သွယ်၊ သတို့သားအရံ မောင်ကောင်းမြတ်နိုင်နှင့် မောင်ခန့်ထက်လွင်၊ သတို့သမီးအရံ မထက်နန္ဒာဆွေနှင့် မညိုမီမီသော်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ် ၊ ဆံပင်အလှပြင်ပေးပါသော တော်ဝင်သူမေဦးမောင်နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော ဦးသန်းမြင့်(မလေးရှား)နှင့်အဖွဲ့တို့အားလည်းကောင်း၊ Pre-Wedding ဓာတ်ပုံရိုက်ကူးပေးပါသော Forever အဖွဲ့၊ မင်္ဂလာဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်စီစဉ်ဆောင်ရွက်ပေးပါသော ကာတီယာစိန်တိုက်၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ Honeymoon ခရီးစဉ်အား စီစဉ်ပေးပါသော Pleasant Times Travels & Tours Co.,Ltd. မှ M.D ဦးထူးသူရဦး၊ Sedona Hotel-Yangon မှ မန်နေဂျာ မလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာပွဲကြီးတစ်ခုလုံးအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နေသူစိုး-ဒေါက်တာတင်ဇာခိုင်**

Sendai Language School
http://www.sendai-lang.com/

### ဂျပန်မှာ ကျောင်းသွားတက်စို့
### ပညာတော်သင်အခွင့်အရေး ရှင်းလင်းမိတ်ဆက်ပွဲ

ဂျပန်နိုင်ငံရှိ SENDAI LANGUAGE SCHOOL သည် (၂၇)နှစ်ရှိ သက်တမ်းရင့် ဂျပန်ဘာသာသင်ကျောင်းဖြစ်ပါသည်။ ပညာတော်သင်အခွင့်အရေး ရှင်းလင်း မိတ်ဆက်ပွဲသို့ မလွတ်တမ်းလာရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၄-၇-၂၀၁၅
နေရာ - ES4E ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်မြို့။ သုဝဏ္ဏဘောလုံးကွင်းအနီး၊ (မီးပွိုင့်ထောင့်)
ဆက်သွယ်ရန် - ၀၁-၈၅၅၁၄၀၆/၀၁-၅၆၃၁၇၁
တက်ရောက်သူများ - နေရာအကန့်အသတ်ရှိပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်။

English Speaking
U WIN MAW(PES)
(၄-လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
အမှတ်(၂၃၆) (3C)၊ ဒုတိယထပ်၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၃၉၈၄၊ ၀၉-၂၅၈၈၀၄၉၃၅၊ ၀၉-၇၃၁၄၀၃၂၆

### ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- ၀၉-၅၄၀၁၀၁၁၊၀၉-၇၃၀၉၅၆၇၇




အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
**EPS-TOPIK**
(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

* လစာ(၁၅)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၆-၇-၂၀၁၅ ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်

တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး
တိုင်ပင်ဆွေးနွေးကြည့်ပါ။

လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၀၀၀
ပုဇွန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊ ၀၁-၂၉၉၁၃၃

**စုစုအေးအောင်**
**လေးဖက်နာ**
**ပျောက်ဆေး**

### တစ်ဦးတည်းဖြစ်ကြောင်း
မော်လမြိုင်မြို့၊ ကြာအင်းရွာနေ မနီနီဝင်း၏ဖခင် ဦးဝင်းရွှေနှင့် ဦးမောင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မနီနီဝင်း

### ကွန်ဒိုတိုက်ခန်းငှားမည်
မရမ်းကုန်းမြို့နယ်၊ ၈ မိုင် နေသီရိကွန်ဒို၊ ၃ လွှာ
1625sqft-3AC-ပါကေးခင်း
အသင့်နေနိုင် (၁၈)သိန်း
ဆက်သွယ်ရန်ဖုန်း- 09-5198541, 09-5152723, 01-645873



ကြော်ငြာ

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Newsprint Paper 30",28 1/4"(48.8gsm) | |
| (ခ) | Woodfree Paper (23½"×33")(A1)(70 gsm)<br>Woodfree Paper (31"×43")(80 gsm) | |
| (ဂ) | Art Card 31"×43"(260gsm) (210 gsm)<br>A1(210 gsm)(500 Sht/Pkt) | |
| (ဃ) | Others Papers | 1မျိုး |
| (င) | Web Offset Ink (Black) | 1မျိုး |
| (စ) | Sheetfed offset Ink (Magenta,Cyan) | 2မျိုး |
| (ဆ) | ပုံနှိပ်ရေးပစ္စည်းများ | 37မျိုး |
| (ဇ) | စက်အရန်ပစ္စည်းများ | 135မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၅ရက်မှ ၈-၇-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ မော်တော်ဆိုင်ကယ် အစီး(၁၀၀)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး မော်တော်ဆိုင်ကယ်အစီး(၁၀၀)ကို ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | **Motorcycle**<br>**Kenbo (Tools Sets)** | **100 Nos** |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၆-၂၀၁၅ရက်မှ ၂၈-၇-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၆**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

**ပျောက်ဆုံး** ကျွန်တော်မောင်စိုးစိုး[၈/မကန(နိုင်)၁၇၂၆၈၁]၏ P.P နှင့်ဘွဲ့လက်မှတ်များ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၂၅၆၅၇၇၇၃၀**

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်ဦးစီးဌာနမှူးရုံး ဆောက်လုပ်ရန်ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိတ်ပါဝင်စားသည့် ဒေသခံ/ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပုံစံအား(၂၀၀၀ိ/-)နှုန်းဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်-၂၉-၆-၂၀၁၅ရက်
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်-၁၀-၇-၂၀၁၅ရက် ၁၆း၃၀နာရီ
(ဂ) ဆက်သွယ်ရမည့်ဖုန်း-၀၈၁-၂၁၂၁၀၈၈၊ ၀၈၁-၂၁၂၁၃၀၇၊ ၀၈၁-၂၁၂၁၆၂၁

## အိတ်ဖွင့်တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ခြင်းကို အသိပေးကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (၁၃)ခုအတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း၍ ၅-၆-၂၀၁၅ရက်မှ ၈-၆-၂၀၁၅ရက်အထိ အိတ်ဖွင့်တင်ဒါကြေညာခေါ်ယူခဲ့ပါသည်။ ၂၅-၆-၂၀၁၅ရက်တွင် တင်ဒါပိတ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် အသေးစိတ်ဗိသုကာပုံစံများ ရေးဆွဲရခြင်း၊ Structural Design & Calculation တွက်ချက်ရခြင်း၊ အသေးစိတ်ခန့်မှန်းကုန်ကျစရိတ်များရေးဆွဲရခြင်းတို့အတွက် အချိန်လုံလောက်စွာရရှိရန် လိုအပ်ပါသောကြောင့် တင်ဒါပိတ်မည့်နေ့ကို ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**










# IT COMPUTER TRAINING CENTER ဆိုင်တီ ကွန်ပျူတာစင် အဂင်လိပ်စာ သင်တန်း

**ENGLISH** Language | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

AutoCAD-3ds Max တွင် Civil Drawing Interior Project ... Exterior Project ... Lighting, Texture, Exterior, Interior Concept ... Finalized ... Construction Fields ... Civil Engineer ... Design Fields ... Archi Engineer ... Design ... Finalized ... Design Engineer ... Home Decoration Designer ... Animation Fields ... Animator ... Video Editing Field ... Editor ...

Premiere CS3, After Effect CS3, Cinema4D, Photoshop CS3, Poser စသည့် Software ... VideoEdit ... Station ... MTV, Karaoke, TV ... Animation 3D ... Video File ... Tutorial ... Video Camera ... Out Door ...

Word, Excel, Power Point, PageMaker ... Power Point ... Project ... Presentation ...

... Professional ... LCCI Level(I+II) ... International Exam LCCI (UK) ... Certificate ... Guide ...

**MOBILE PHONE** Software + Hardware | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

... Technician ... Camp ... Mobile ... Apple ၏ iOS နှင့် Google ၏ Android Software ... Hardware ... Computer ... Mobile ... Internet Access ... Fully Air-Con ... Application ... Firmware ... Game ... iPhone, iPad, Samsung, SONY, NOKIA, HTC, Huawei, LG, Blackberry ... Mobile Phone ... Setting ... Firmware ... Operation System (OS) ... Website ... Forum ... Source ... Smart Device ...

... Layout ... Media ... Layout ... Photoshop CS6, PageMaker7, Corel DrawX4 ... Software ...

Comp TIA A+, N+ Book ... Computer ... Software, Hardware ... Network ... Server ... Professional Service Technician ... Camp ...

Graphic Design သင်တန်းတွင် Photoshop CS6, Illustrator CS6, InDesign Software ... Magazine, Journal, Pamphlet, Vinyl, CD/VCD/DVD Cover, Calendar, Wallsheet, Sticker, Logo, Silk Screen ... Software ... CTP ...

HOT LINE - 0949280778, 395353, 253293





**Calsome** 15th Years Anniversary

ပျော်ရွှင်လုပ မိသားစုဘဝ အမှတ်တရဓာတ်ပုံပြိုင်ပွဲ

Grand Final

ကျပ် (၁၅) သိန်း

ထိုင်းနိုင်ငံ ပန်ကောက်မြို့သို့ အပန်းဖြေခရီးစဉ်

ကျပ် (၇) သိန်း

ကျပ် (၅) သိန်း

မြို့နယ်အလိုက်ဆုများ

ကျပ် (၅) သိန်း

ကျပ် (၃) သိန်း

ကျပ် (၂) သိန်း

ကယ်လ်ဆမ်ကြွေကို သင်သိပါသလား?

သင့်မိသားစုဓာတ်ပုံနဲ့အတူတူ ဆုငွေကျပ်(၁၅) သိန်းရယူဖို့

ဝင်ရောက်ယှဉ်ပြိုင်လိုက်ကြရအောင်..

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက

Hot Line - 09 262198289

www.facebook.com/CalsomeMyanmar

တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နောက်ဆုံးပေးပို့ရမည့်ရက် – (၁၅-၇-၂၀၁၅)









**AIR KBZ**

NAY PYI TAW ✈ YANGON

YANGON ✈ NAY PYI TAW

from USD 72$

* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$

* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင် ဝန်ထမ်းကတ်ပြား(၁)စောင်နှင့်အတူ ဝန်ထမ်းကတ်ရှင်းအားပြသရုံဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲအပြင် အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "

Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |



Hotline: (01) 373766, (09) 5280445, (09) 73177805

Tickets Available at

(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon

www.facebook.com/AIRKBZ

(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept VISA MasterCard

www.airkbz.com

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ချိုချိုဖြူကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးစန်းအောင်ထွန်း (၉/မရမ(နိုင်)၀၆၇၈၉၆)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နှင်းဆီလမ်း၊ အခန်း (၁)၊ တိုက် (၁၆)၊ ချိုချိုဖြူကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ရောင်းချနေသည့် အောက်ဖော်ပြပါ မိန်းမဝတ်အကျီပုံစံအမျိုးမျိုးတို့အား "SPIKE" တံဆိပ်အမှတ်အသား ဖြင့် တစ်ဦးတည်းမူပိုင်ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏ ၂၀၁၅ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် - ၆၃၀၅၊ ၆၃၀၄၊ ၆၃၀၈၊ ၆၃၀၇၊ ၆၃၁၅၊ ၆၃၁၃၊ ၆၃၀၉၊ ၆၂၉၉၊ ၄၂၃၃၊ ၄၂၃၅၊ ၄၂၄၁၊ ၄၂၃၁ တို့ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းထား ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

SPIKE
COLLECTION




အထက်ပုံစံပါ "SPIKE" တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည့် မိန်းမဝတ်အကျီများနှင့် "SPIKE" တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်အမှတ်အသား အားလုံးကိုဖြစ်စေ အများ ပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သံတူကြောင်းကွဲ ဆင်တူယိုးမှား တုပပြုလုပ်အသုံးပြုကြောင်း တွေ့ရှိပါက တရားမကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မာလွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၅၂)
၀၉ - ၅၁၈ ၉၆၈၉၊ ၀၉ - ၇၈၅၁၈၉၆၈၉

Hot Line No-0930500100

# မြန်မာနိုင်ငံ၏ လျှပ်စစ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဟီတာချီကုမ္ပဏီက ထရန်စဖော်မာများ ဖက်စပ်ထုတ်လုပ်ရန် မျှော်လင့်

**ရန်ကုန် ဇွန် ၂၇**

ဟီတာချီကုမ္ပဏီသည် မြန်မာနိုင်ငံ၌ လျင်မြန်စွာဖွံ့ဖြိုးလာသော လျှပ်စစ်ကဏ္ဍကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာ လိုအပ်ချက်များရှိလာခဲ့ရာ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် မြန်မာနိုင်ငံတွင် ထရန်စဖော်မာများ ဖက်စပ်ထုတ်လုပ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ထို့ကြောင့် ဟီတာချီကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ထရန်စဖော်မာ ထုတ်လုပ်ရေးဆိုင်ရာ ဒုတိယအကြီးဆုံးဖြစ်သည့် Soe Electric & Machinery ကုမ္ပဏီနှင့် လာမည့် ဇူလိုင်လတွင် ထရန်စဖော်မာဖက်စပ်ထုတ်လုပ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိရန် မျှော်လင့်ထားကြောင်း Nikkei Asia Review သတင်းတွင် ဖော်ပြထားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့



ယနေ့ **မာတိကာ**


ရုပ်မြင်သံကြားနှင့် အက်ဖ်အမ်ရေဒီယို အသင့်လွှင့်ဌာနများ ကျင့်ဝတ်များ ချိုးဖောက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဟု သတိပေး — စာမျက်နှာ - ၃

သမိုင်းမော်ကွန်း တင်ရစ်ခဲ့ချင်သည် — စာမျက်နှာ - ၆


## ကျောက်မျက်အတွဲများ အိတ်ဖွင့်တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ » ၉

## အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ကျင်းပသည်။

ကာယဗလမောင်ပြိုင်ပွဲတွင် သက်ကြီးတန်း ၁၂ ဦး၊ အငယ်တန်း ၂၃ ဦး၊ အလွတ်တန်း ကိုးဦးနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Phyfique တွင် ၁၆၅ စင်တီမီတာအောက် ကိုးဦး၊ ၁၆၅စင်တီမီတာ အထက်ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ၁၆၅ စင်တီမီတာ အောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Ms.Mavifa Onni လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရသည်။

အဆိုပါပြိုင်ပွဲများတွင် ကာယဗလမောင် သက်ကြီးတန်း ပထမ ဦးတင်လတ်(မန္တလေး)၊ ဒုတိယ ဦးဝင်းတင်(ရန်ကုန်)၊ တတိယ ဦးကြည်ထွေး(ရန်ကုန်)၊ စတုတ္ထ ဦးယဉ်ဝင်း(မန္တလေး)၊ ပဉ္စမဦးပြား(မန္တလေး)၊ ကာယဗလမောင်အငယ်တန်း ပထမ ချစ်ငွေ(မန္တလေး)၊ ဒုတိယ အိပ်(ချ်) ဘရန်းမိုင်(ကချင်)၊ တတိယ လမင်းတစ်ရာ (မန္တလေး)၊ စတုတ္ထမောင်မျိုး (မကွေး)၊ ပဉ္စမ ဇေသူအောင်(ရခိုင်)၊ ကာယဗလမောင် အလွတ်တန်း ပထမ ညီဖြူ (မန္တလေး)၊ ဒုတိယရဲထွန်းနောင်(ရန်ကုန်)၊ တတိယ မောင်မောင်မြင့်(ရန်ကုန်)၊ စတုတ္ထ ဆလိုင်းကျော်မင်း(ရန်ကုန်)၊ ပဉ္စမ ပြည့်စုံ (ရန်ကုန်)တို့ရရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့




မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ



ကိုအောင်ကြည်ထွေး

ကျွန်တော်က ဝန်ထမ်းတစ်ယောက်ပါ။ ကျွန်တော်တို့အညာဒေသက နေကလည်းပူ ဖုန်ကလည်းပေါပါတယ်။ ကျွန်တော် ရုံးကိစ္စနှင့် အပြင်သွားတဲ့ အခါမှာ မျက်နှာကမည်း၊ အဆီတွေလည်းပြန်ပြီးတော့ ဝက်ခြံတွေပေါက်လာပါတယ်။ မျက်နှာလိမ်း Cream တွေ လိမ်းပေမယ့်လည်း ဈေးသာပေးရပြီး ထူးခြားလာခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်အရမ်းစိတ်ညစ်ရပါတယ်။ နေစဉ်ထုတ်သတင်းစာထဲမှာ "ရွှေပြည်နန်း" သနပ်ခါးလိမ်းတဲ့ သူတွေရဲ့ ကောင်းကျိုးတွေကိုဖတ်ရတော့ လိမ်းကြည့်ချင်စိတ်တွေ ပေါက်ပြီးနောက် "ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး (ဘူးစိမ်း)" အသေးတစ်ဘူး ညီမနဲ့ဈေးက မှာလိုက်ပါတယ်။ ဝယ်တဲ့ရက်ကစပြီး သုံးဘူးမြောက်တဲ့အထိ လိမ်းလာလိုက်တာ ဝက်ခြံတွေ၊ အဆီပြန်တာတွေ ပျောက်ပြီး မျက်နှာက ဝင်းဝင်းဝါဝါစိုစိုပြေပြေလေးဖြစ်လာပါတော့တယ်။ အိမ်က ညီမနဲ့ ရုံးကဝန်ထမ်းတွေက မျက်နှာဘာလိမ်းထားတာလဲ ဖြူဝင်းနေတာပဲဟု မေးတော့ အရမ်းပဲဝမ်းသာမိပါတော့တယ်။ ရွှေပြည်နန်းသံပရာသဘာဝအသားဖြူသနပ်ခါး ကတော့ လိမ်းလိုက်ရင် သံပရာရနံ့ သင်းသင်းလေးနဲ့ဆိုတော့ လိမ်းရတာ လွယ်ကူပြီး စိတ်ကျေနပ်မှု အပြည့်အဝရရှိပါတယ်။ "ရွှေပြည်နန်း" ရယ် ကိုယ်ဘယ်သွားသွား မင်းနဲ့အတူ ထာဝရရှိနေမှာပါ။ "ရွှေပြည်နန်း" ကုမ္ပဏီပိုင်ရှင်နှင့်တကွ ထုတ်လုပ်သူဝန်ထမ်းများ၊ ဈေးကွက်သို့ အရောက်ပို့ပေးသော ဖြန့်ဖြူးရေးဝန်ထမ်းများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်ရရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အခုလို တင်ပြခွင့်ရရှိတဲ့ အတွက်များစွာ ဂုဏ်ယူမိပါတယ်။

ကိုအောင်ကြည်ထွေး (စာရင်းကိုင်-၄) စရိုင်လျှပ်စစ်ရုံး၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ မြင်းခြံမြို့၊
ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဦးစိမ်ဆန်း (စာရင်းကိုင် -၂) စရိုင်လျှပ်စစ်ရုံး၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ လျှပ်စစ်ရုံးဝင်း၊ မြင်းခြံမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း ဖလေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

R/184



themirror.npt@gmail.com
www.facebook.com/themirrordaily